www.burmeseclassic.com

BURMESE CLASSIC .com



ဆိုပြောက်ရပျိုတော်

# မိုးခါးကြနှင်းထက်

COVER DESIGN

www.burmeseclassic.com

www.burmeseclassic.com

# မိုးဆက်လင်းထက်

# အိပ်မက်ပျော်တဲ့ဝက်

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၁၁)၊ ဒုတိယထပ်၊ ၃၈-လမ်း၊ ကျောက်တံတား။
ဖုန်း - ၃၇၉၄၇၇၊ ၂၄၅၂၈၄

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀ ၂၂၈၀၃၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၂၈၀၀၃၀၇

| | | |
|---|---|---|
| မျက်နှာဖုံးပန်းချီ | - | ခန့်မင်းထက် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြ - ၀၃၇၀၀) |
| | | ၇၇/၁၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့် | - | ဦးထွန်းလင်း (ဇီဝပုံနှိပ်တိုက်) |
| အတွင်းပုံနှိပ်သူ | | အမှတ်(၁၄၀)၊ (၄၅)လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွှေး |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၇ ခုနှစ်၊ မေလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |


BURMESE CLASSIC .com



ဝတ္ထုခေါင်းစဉ်လေး အတွက် ဝိုင်းဝန်းကူညီခဲ့ပေးသော သူငယ်ချင်း ကျော်ဖြိုးဇေ (ပေါက်ကြီး) အား ကျေးဇူးတင်ပါသည်။

ဤဝတ္ထုလေး ထဲမှ ဇာတ်လမ်း၊ ဇာတ်ကွက်လေး များ (အပြင်လောက) နဲ့ တိုက်ဆိုင်မှုအနည်းအကျဉ်း ရှိခဲ့သော် ခွင့်လွှတ်ပါ။ ဇာတ်ကောင်နာမည်များမှာ ကျွန်တော့်ရဲ့ စိတ်ကူးယဉ် အမည်များသာ ဖြစ်ပါသည်။

လေးစားလျက်
မိုးဆက်လင်းထက်

ယော်ဝင်မြို့မ ဆဒ္ဒဝိတိုက်

www.burmeseclassic.com

www.burmeseclassic.com



ခုတင် ပေါ်မှာတင်ထားသော ထဘီနှစ်ထည်နှင့် ဘရာစီယာပန်းနုရောင်တစ်ခုကို တွေ့လိုက်ကတည်းက မိုးထက်မြင့်ရင်ထဲမှာ ကြက်သီးဖျန်းခနဲထကာသွား၏၊ အလိုလိုနေရင်း ရပ်သွားကာဘာဆက်လုပ်လို့လုပ်ရမှန်း မသိတော့ပေ။ သူသိတာတစ်ခုတော့ရှိသည်။

"သူ" အခန်းမှားဝင်မိပြီ။

ရုတ်တရက်ဆိုတော့ ကြောင်ပြီးရပ်သွားသော်လည်း အသိဝင်လာတော့ ပြန်ထွက်ဖို့စဉ်းစားလိုက်၏။ ထိုအချိန်မှာပင် ....

"ဆုဇီရေ ... တို့ကို ခုတင်ပေါ်တင်ထားတဲ့ ထဘီလေးပေးပါ"

ပထမတော့ မိုးထက်မြင့် ကြောင်တောင်တောင်ဖြစ်သွား၏။ နောက်မှ ရေချိုးခန်းထဲကလာတဲ့ အသံမှန်းသိသွားတော့ ဘာလုပ်လို့လုပ်ရမှန်း မသိတော့ပေ။ ဒီအခန်းထဲမှာ လူရှိနေသည်ပဲ။

"ဆုဇီ ရေ"





"ဆုဇီ"

အခြေအနေကတော့ ဆက်နေလို့မသင့်တော်တော့၊ တော်ကြာမိသွားရင် ငါးပါးမှောက်ပြီ။

အတွေးနှင့်အတူ အခန်းတံခါးကိုဖွင့်ပြီး ထွက်မလို့လုပ်စဉ်၊

"ဟဲ့ ဆုဇီ ငါခေါ်နေတာမကြား ... အမလေး"

"ဟင်"

ရေချိုးခန်းတံခါးကိုဖွင့်ထွက်လာတဲ့ ကောင်မလေးတစ်ယောက်၊ ဆံပင်က ရေမခြောက်တခြောက်နှင့် ခန္ဓာကိုယ်ကို မျက်နှာသုတ်ပဝါအဖြူ ပတ်ကာထားသည်။

မိန်းကလေးတစ်ယောက်၏ ရေချိုးခန်းထွက်အလှကို မြင်လိုက်ချိန်မှာ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေထကာသွားသည်၊ သို့သော် ရုတ်တရက် ကြောင်ကြည့်နေရာမှ တစ်ဖက်သို့ မျက်နှာလွှဲပစ်လိုက်ပြီး ...

"ဆော ... ဆော ... ဆောရီးပါဗျာ"

ကောင်မလေးကလည်း ရုတ်တရက်ဆိုတော့ သူ့ကို ကြောင်တောင်တောင်နဲ့ကြည့်နေရာမှ ရေချိုးခန်းထဲအမြန်ပြေးဝင်သွား၏။ ပြီးမှာ ခေါင်းလေး ပြူထွက်လာကာ ....

"ရှင် ... ရှင် ဘယ်သူလဲ၊ ကျွန်မအခန်းထဲ ဘာဝင်လုပ်တာလဲ"

"ကျွန် ... ကျွန်တော် ... အခန်းမှားဝင်မိတာပါ"

"ဆုဇီ ဘယ်ရောက်သွားလဲ"

ကောင်မလေးက မိုးထက်ကို မယုံသင်္ကာဟန်နဲ့ အခန်းထဲ ဝေ့ကြည့်ကာမေး၏။

"ကျွန်တော် ဝင်လာတုန်းကတော့ ဒီအထဲမှာ ဘယ်သူမှမရှိဘူးဗျ"

"ကျွတ် ... ဒုက္ခပါပဲ ဆုဇီကဘယ်သွားနေလဲ မသိဘူး၊ ဒါနဲ့ ရှင်က ဒီဟိုတယ်ကပဲလား"

"ဟုတ် ... ဟုတ်ပါတယ် ဒီနေ့မှရောက်တာပါ၊ အဲဒါ ကျွန်တော့်အတွက် ဘိုကင်လုပ်ထားတာ ဒီအခန်းထင်လို့ဝင်လာမိတာ၊ ဟို တံခါးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဟထားတယ်၊ အပြင်က လှမ်းကြည့်လိုက်တော့ အထုပ်အပိုးတွေချထားတာနဲ့ ဒီဟိုတယ်က ကောင်လေး ကျွန်တော့်အထုပ်တွေယူပြီးဝင်သွားတဲ့ အခန်းထင်လို့ပါ"

ကောင်မလေးက စိတ်ပျက်တဲ့ အမူအရာနှင့် ဘာမှမပြောသော်လည်း ယုံဟန်တော့သိပ်မပြ။

"ဒါဆို ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ကောင်မလေးက အင်းမလုပ် အဲမလုပ် ကြောင်တောင်တောင်ကြည့်နေ၍ လှည့်ထွက်ခဲ့လိုက်၏။ အခန်းတံခါးဝရောက်ခါနီးမှ အပြင်မှကောင်မလေး တစ်ယောက်ဝင်ကာလာသည်။ မိုးထက် ကိုတွေ့တော့ ကြောင်တောင်တောင် ဖြစ်သွားသည်။ ပြီးတော့ ရေချိုးခန်းဝမှာ ခေါင်းပြူနေတဲ့ ကောင်မလေးကို ကြည့်ကာ . . .

"ဧည့်သည်ရောက်နေတယ် ထင်တယ်"

ရေချိုးခန်းထဲက ကောင်မလေး က . . .

"ဘယ်က ဧည့်သည်ကမှာလဲ အခန်းမှားဝင်လာတာတဲ့"

"ဟင် . . . အခန်းမှားလာတာ"

ပြောရင်း မိုးထက် ဘက်လှည့်ကြည့်တော့ . . . .

"ဟုတ် . . . ဟုတ်ပါတယ် အခန်းမှားလာတာပါ"

"ဒါ . . . ဒါဆို ရှင်က ဘယ်သူလဲ"

"ကျွန်တော်လည်း ဒီဟိုတယ်မှာ တည်းမယ့်သူပါ"

စကားလည်းဆုံးရော ကောင်မလေးက ခေါင်းခါသည်။

"ဟာ ဘယ်ဖြစ်မလဲ"

"ခင်ဗျာ"

"ဘယ်ဖြစ်မလဲ လို့"

"ဘာ . . . ဘာကိုလဲဟင်"

"ဪ ဒီလို အခန်းမှားလာတယ်ဆိုတိုင်း ဘယ်ရမလဲလို့"

မိုးထက် ခေါင်းကို ကုတ်လိုက်သည်။ ကာယကံရှင်နဲ့ တွေ့တုန်းက





တောင် ဘာမှမပြောဘဲ နောက်မှရောက်လာတဲ့ လူက ပိုဆိုးနေပြီ . . . ။ အခုမှ ဘယ်နီးရာဓားကို ကြောက်ရမှန်းမသိတော့ပေ။

"ကျွန်တော် မလိမ်ပါဘူးဗျာ၊ တကယ် အခန်းမှားဝင်လာမိတာပါ"

"မှားဝင်တယ်ဆိုတိုင်း ကျွန်မတို့က လက်ခံရမှာလား"

အဲဒီ အချိန်မှာပဲ ရေချိုးခန်းဝက ကောင်မလေးက . . . .

"ဆူဇီရယ် ထားလိုက်ပါတော့ ဒီမှာ ချမ်းလှပြီ၊ သူ့ကို ပြန်လွှတ်လိုက်တော့"

အဲဒါလည်း မပြီးသေး။ ဆူဇီက အထွန့်တက်သေးသည်။

"ချမ်းရင် အလက်ာနေခဲ့၊ ဆူဇီ သူ့ကိုခေါ်သွားမယ်"

မိုးထက်ရင်ထဲမှာ ဒိန်းခနဲခုန်သွားရင်း . . .

"ကျွန် . . . ကျွန်တော့်ကို ဘယ်ခေါ်သွားမှာလဲ ဟင်"

"မန်နေဂျာဆီကို"

"ဟာ ဒီလိုကြီးတော့ မလုပ်ပါနဲ့ဗျာ"

"အဲဒီလို မလုပ်လို့ရမလား၊ ဒါ မိန်းကလေးတွေနေတဲ့ အခန်းရှင့်၊ ရှင့်လို ယောကျ်ားတစ်ယောက်ကဝင်လာပြီး ပြန်ထွက်သွားတာမြင်ရင် ပတ်ဝန်းကျင်က ကျွန်မတို့ကို ဘယ်လိုထင်မလဲ"

မိုးထက် စိတ်ညစ်ကာသွား၏။ ဘဝမှာ ဒီလိုမျိုး အကျဉ်းအကျပ်နဲ့ ရင်ဆိုင်ရတာ ဒါပထမဆုံးအကြိမ်ပဲ ဖြစ်သည်။ ဆူဇီက နည်းနည်းမှလျှော့မယ့်ပုံမပေါ်ပေ . . . ။ အလက်ာက သူတို့နှစ်ယောက်ကိုကြည့်ကာ နှုတ်ခမ်းတွေတောင် ပြာလာပြီ . . . ။

ဒါကြောင့် . . . .

"ကဲ . . . ဆူဇီ . . . တို့ပြောနေတာ နားမထောင်ဘူးလား၊ သူ့ကို ပြန်နိုင်းလိုက်တော့လို့၊ ဒီမှာချမ်းလို့သေတော့မယ် . . . ရှင်လည်း သွားတော့။ နောက် အခန်းမမှားရအောင် ကိုယ့်အခန်းနံပါတ် ကိုယ့်ဘာသာ ကိုယ်သေချာမှတ်ထား"

မိုးထက်မျက်နှာသည် ထောင်ကလွတ်သူတစ်ယောက်လို ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ အခွင့်အရေးလေးရတုန်း လစ်မှဆိုပြီး အခန်းပြင်သို့ အမြန်ထွက်ထားလိုက်သည်။

မိုးထက် အပြင်ရောက်သွားတော့ ဆူဇီက အလက်ာကိုကြည့်၏။ အလက်ာက ဆူဇီ့ကို အဝတ်အစားတွေ အမြန်ယူခိုင်းကာ လဲသည်။ ပြီးနောက်

"ဆူဇီလုပ်လို့ ဒီလိုတွေဖြစ်ရတာ အလက်ာတော့ ရှက်လွန်းလို့ကတာပြောမနေနဲ့"

ဆူဇီက ဘာမှပြန်မပြောဘဲကြည့်တော့ . . အလက်ာက ဆက်ပြီး. .

"သူ အထဲရောက်နေတာ အလက်ာမသိဘူး . . . အပြင်မှာ ဆူဇီရှိနေတယ်ထင်ပြီး ဆာဘီလှမ်းတောင်းတာပေါ့၊ အသံမကြားရတာနဲ့ မျက်နှာသုတ်ပဝါပတ်ပြီး ထွက်လာတာ သူနဲ့တန်းတိုးတာပဲ"

အလက်ာ့စကားကြောင့် ဆူဇီမျက်လုံးပြူးသွားကာ . . . .

"ဟယ် . . . ဘာတွေမြင်သွားသေးလဲ"

အလက်ာက ဆူဇီ့ ပခုံးကို လှမ်းရိုက်လိုက်ပြီး . . .

ဘာတွေ တွေ့ရမှာလဲ။ မျက်နှာသုတ်ပဝါပတ်ထားပါတယ်ဆိုမှ"

ဆူဇီက ရယ်သည်။ အရယ်ဆုံးတော့ . . . .

"ဒီကိစ္စသာ ဂျာနယ်တွေသိသွားရင် မလွယ်ဘူးနော်"

"သေလိုက်ပါလား"

သူတို့နှစ်ယောက်လုံး ပေါ့ပေါ့ပါးပါးရယ်လိုက်ကြသည်။ ခဏကြာတော့ ဆူဇီက . . .

"မိန်းမ ညနေတစ်ဆင်းကျန်သေးတယ်နော် . . . အဲဒါ အဆင်သင့်လုပ်ထားတဲ့"

"ဘယ်သူကလဲ"

"ဒါရိုက်တာက"

"အင်း . . အင်း . . . ဒါနဲ့ မေးရဦးမယ်။ ဆူဇီက ခုနက ဘယ်ထွက်သွားတာလဲ"

"ရေနွေးသွားယူတာလေ ပြောသွားသားပဲ မကြားဘူးလား"





အလက်ာက . . . .

"ဘယ်ကြားမလဲ ရေသံတွေနဲ့ ဆူညံနေတဲ့ဟာ"

"မကြားတော့လည်း ပြင်ဦးလွင်အမှတ်တရလေးဖြစ်သွားတာပေါ့"

အလက်ာက ဆူဇီ့ကို ဗိုက်ခေါက်လိမ်ဆွဲပစ်လိုက်တော့သည်။ ဆူဇီအော်ရင်း အလက်ာ့နားက ထွက်ပြေးသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



**တစ်**ခါတစ်ရံ တိုက်ဆိုင်မှုတွေသည် ကြောက်စရာကောင်းတတ်သည်ဆိုတာကို "မိုးထက်"တွေးနေမိသည်။

ညနေက ဟိုတယ်အဝင်ကိစ္စကိုပဲကြည့်၊ တစ်ဖက်က မင်းသမီးလေးက သဘောကောင်းလို့ တော်တော့သည်။ ရှက်ရမ်း,ရမ်းပြီး အော်လားဟစ်လား လုပ်လိုက်ရင် သူ့ဘဝငါးပါးမှောက်ပြီ။ ပြင်ဦးလွင်ကိုတက်လာတဲ့ ရည်ရွယ်ချက် ပျောက်ပြီ။

"မိုးထက်" စဉ်းစားရင်းနဲ့မှ တစ်ချက်ပြုံးလိုက်မိသည်၊ တိုက်တိုက်ဆိုင်ဆိုင် နာမည်ကြီးမင်းသမီးအခန်းကိုမှ မှားဝင်သွားရတဲ့ ကိုယ့်အဖြစ်ကိုယ် ရယ်ချင်သွား၍ဖြစ်၏။ အဲဒီ့မင်းသမီးကို ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေထဲမှာသာ မြင်ခဲ့ဖူး၏။ အပြင်မှာ တစ်ခါမှမတွေ့ခဲ့ဘူး။

တွေ့မယ့် တွေ့တော့လည်း အနီးကပ်ပက်ပင်းကြီး၊ ပြီးတော့ . . . အော်ရယ်ဂျင်နယ်အလှလေးနှင့် . . .။ မိုးထက် တွေးရင်း အသည်းယားသွားသည်။ ထို့နောက် အိပ်ရာပေါ် လှဲချရင်း စောင်ခြုံကာ တွေးနေလိုက်ပါတော့





သည်။ တစ်နေကုန် ပင်ပန်းလာ၍ ခေါင်းအုံးနဲ့ခေါင်း ထိလိုက်စဉ်မှာပဲ မှေးခနဲ ဖြစ်သွားလေတော့၏။ ထိုအချိန်မှာပင် . . . .။

"ဒုံး . . . ဒုံး . . . ဒုံး"

"ဒုံး . . . ဒုံး"

"ဒုံး . . . ဒုံး"

ကမ္ဘာပျက်သလို ဝင်လာသောအသံတွေကြောင့် မိုးထက်ဖျတ်ခနဲ လန့်နိုးသွားသည်။ သူ့အခန်းကိုခေါက်နေသံ မဟုတ်မှန်းတော့သိ၏။ သို့သော် အသံက နားမခံသာတော့ . . .။

ထို့ကြောင့် ဘယ်အခန်းကလည်းသိချင်၍ တံခါးလေးဟပြီးကြည့်လိုက်တော့ သူ့ရှေ့ကအခန်းက . . .။ မင်းသမီးလေးအခန်း ဆိုတာသိသွားသည်။ တံခါးခေါက်နေသူ ကိုယ်တိုင်ကလည်း မင်းသမီးလေးကိုယ်တိုင်ပဲ ဖြစ်သည်။ မိုးထက် တံခါးကိုအသာဟပြီး ဆက်ချောင်းနေလိုက်၏။

"ဟဲ့ . . ဆူဇီ . . . ဆူဇီ . . . တံခါးဖွင့်ဦးလေ"

အထဲက ဘာဖြစ်နေလည်းတော့မသိပေ . . . .။ တုံ့ပြန်မှုမရှိ . . .

"ဟာ . . . ဒီဆူဇီ တစ်ယောက်ကတော့လေ . . . ဆူဇီ . . . ဆူဇီ"

မိုးထက် စဉ်းစားသည်၊ ဒီ ဆူဇီဆိုတဲ့ကောင်မလေးက တော်တော်မွှေသည် ။သူနဲ့ အလက်ာဆိုတဲ့ မင်းသမီးလေးနဲ့ပြဿနာတက်ရတာလည်း ဒီဆူဇီဆိုတဲ့ ကောင်မလေးကြောင့်ပဲဖြစ်၏။ သူမသာအခန်းထဲမှာရှိနေရင် ပြဿနာက အဲဒီ့လောက် ကြီးကျယ်သွားမယ်မထင်။ အခန်းမှားဝင်သူတစ်ယောက် အနေနဲ့တောင်းပန်ပြီး ပြန်ထွက်ရုံသာ။ အခုတော့ ခြေမငြိမ်၊ လက်မငြိမ် လျှောက်သွားနေ၍ ဒုက္ခရောက်ရခြင်းပင် . . .။ အခုလည်း အပြင်က ကမ္ဘာပျက်သလောက် ထုရိုက်နေတာတောင် အထဲမှာဘာလုပ်နေမှန်းမသိ။

ဒီလိုနဲ့ ဟိုတယ်တစ်ခုလုံး နိုးသွားလောက်အောင် ထုရိုက်သွားတော့မှ တံခါးပွင့်လာ၍ . . . .

"ဘယ်လိုဖြစ်လာတာလဲ အလက်ာရယ် အလန့်တကြား"

အလက်ာက အဖြေမပေးဘဲ မေးခွန်းပြန်ထုတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆုဇီ ဒီလောက်ခေါ်တာမကြားရအောင် ဘာလုပ်နေတာလဲ"

"ရေချိုးခန်းထဲရောက်နေလို့ပါဆို အော်ပြောနေတာ မကြားဘူးလား"

ဒီကောင်မလေးတွေ ရေချိုးခန်းထဲ တော်တော်ဝင်တယ်လို့ မိုးထက်တွေးလိုက်မိ၏။ ဝင်ပြီးဘာတွေလုပ်နေသလဲဆိုတာတော့ ဆက်မတွေးပါ။ အဲဒီအချိန်မှာ နည်းနည်းလေးပဲ ဟပြီးကြည့်နေတဲ့တံခါးက အားလွန်ပြီး တစ်တောင်လောက်ပွင့်သွား၍ ကောင်မလေးနှစ်ယောက်က ရုတ်တရက်လှည့်ကြည့်၏။

"ရှင် . . . ရှင် ဘာလုပ်တာလဲ"

"ဗျာ"

"ရှင် ဘာလုပ်တာလဲလို့ မေးနေတာ"

"ဟို . . . . ဘာမှမလုပ်ပါဘူး"

ဆုဇီက ခေါင်းခါကာ . . .

"ရှင် ကျွန်မတို့အခန်းကို ချောင်းနေတာမဟုတ်လား"

"ဟုတ် . . . ဟုတ်ပါဘူးဗျာ။ ကျွန်တော့်ဘာသာကျွန်တော် အပြင်ထွက်မလို့ပါ"

အလက်ာက မျက်မှောင်ကြုတ်သွားသည်။ အခန်းထဲက အပြင်ထွက်မယ်ဆိုရင်လည်း ဒီလို ခိုးကြောင်ခိုးဝှက်ထွက်နေစရာမလိုမှန်း သူမတွေးလိုက်သည်။ ဒီလူ့မျက်နှာကြည့်ရတာ သိပ်မှုမမှန်ချင် . . . ။ နေ့ခင်းတုန်းကလည်း အခန်းမှားတယ်ဆိုပြီး အထဲထိရောက်လာဖြီးပြီ . . . အခုလည်း အခန်းကို သူခိုးချောင်း ချောင်းနေ၏။ ဒါကြောင့် . . . .

"ဆုဇီ အသာနေ . . . သူ့ကို အလက်ာမေးမယ် . . . ဒီမှာ"

"ဗျာ"

"ရှင့် နာမည်ဘယ်သူလဲပြော"

မိုးထက် ခေါင်းကိုကုတ်လိုက်ကာ . . .

"မိုးထက်မြင့် ပါ"

"ကျွန်မတို့ ဘယ်သူတွေလဲဆိုတာတော့ သိမှာပေါ့နော်"

မိုးထက် ခေါင်းညိတ်ပြလိုက်၏။





"သိပါတယ် . . . မင်းသမီး အလက်ာပါ"

အလက်ာက သက်ပြင်းကိုချသည်။

"အဲဒါဆို ရှင် ကျွန်မတို့ကို လိုက်နှောင့်ယှက်နေရတဲ့ ရည်ရွယ်ချက်က ဘာလဲ"

အလက်ာ့ စကားကြောင့် မိုးထက် ပြူးပြူးပျာပျာဖြစ်သွားကာ . . .

"ဟာ . . . မဟုတ်ရပါဘူးဗျာ . . . အလက်ာတို့ကို ကျွန်တော် မနှောင့်ယှက်ပါဘူး၊ ကျွန်တော့်ဟာ ကျွန်တော်နေတာပါ"

"ရှင် မနှောင့်ယှက်ဘူးသာပြောတယ်။ အခုဘာလို့ ကျွန်မတို့ကို ချောင်း နားထောင်နေလဲ"

ပြဿနာကို ဘယ်ကစပြီး ရှင်းပြရမှန်းမသိတော့ပေ။ အစ၊အဆုံးပြောရင်လည်း ယုံမှာမဟုတ်ပေ . . . ။ လျှာရှည်ပြီးထကြည့်မိတဲ့ ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်မိတော့သည်။

"ကျွန်တော် ချောင်းနားထောင်တာမဟုတ်ပါဘူးဗျာ . . . အပြင်ထွက်မလို့ တကယ်ပါ"

အလက်ာက မိုးထက် ကိုကြည့်ကာ စိတ်ရှုပ်စွာ စုတ်ကိုသပ်၏။ ပြီးတော့ အခန်းထဲဝင်သွားပြီး တံခါးကိုစောင့်ပိတ်လိုက်ပါတော့သည်။ ဝင်ခါနီး မိုးထက်ကို ဆုဇီက လှမ်းကြည့်ကာ . . .

"နောက်တစ်ခါ လူကြီးလူကောင်းဆန်ဆန်နေပါ"

ယောင်ပြီး ခေါင်းညိတ်ပြလိုက်၏။

အဲဒီတော့မှ ပိုဆိုးသွားသည်။

ကောင်မလေးတွေဘက်က သူ့ကို တကယ်ချောင်းနားထောင်နေတယ်လို့ပဲ ထင်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# "ကဒ်"

ဒါရိုက်တာ အော်သံပြီးနောက် အလင်္ကာသည် ပါးပြင်ပေါ်လိမ့်ဆင်းနေဆဲ မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။ ပြီးတော့ ပြုံးရွှင်စွာ ဒါရိုက်တာဘက် လှည့်ကြည့်လိုက်ကာ . . .

"ဖြစ်လား ဆရာ"

ဒါရိုက်တာက မျက်မှန်တစ်ချက် ပင့်တင်လိုက်ပြီး . . .

"သိပ်ကောင်းတယ် အလင်္ကာ . . . ဘာမှပြောစရာမရှိဘူး"

အလင်္ကာက ပြုံးကာရယ်ကာနှင့် ဆူဇီ့ဘေးကိုသွားထိုင်သည်။ ထိုအချိန်မှာပင် အလှဖန်တီးရှင် မာမီတေး(ခေါ်)တေးတေးက အနားကပ်လာ၍

"မိတ်ကပ်နည်းနည်းထပ်ထည့်လိုက်မယ် သိလား၊ မျက်ရည်တွေနဲ့ ဆိုတော့ပျက်သွားတယ်"

အလင်္ကာက ဘာမှမပြောဘဲ ခေါင်းညိတ်ကာပြ၏။ တေးတေးက မိတ်ကပ်ဘူးထဲက ထုတ်စရာရှိတာတွေထုတ်ပြီး၊ လုပ်စရာရှိတာတွေလုပ်ပေးသည်။ ထိုအချိန်မှာ မင်းသားကို ဒါရိုက်တာက မှာစရာရှိတာတွေမှာသည်။





ဘယ်အချိန်မှာ ဘာလုပ်ရမယ်ဆိုတာကို သေချာပြောသည်။ ထို့နောက် ကင်မရာမင်း နားသွား၍ . . .

"မင်းက ဝရန်တာပေါ်မှာသွားနေ . . အဲဒီ့ကနေ Zoom ဆွဲမယ်။ မင်းသမီးက မင်းသားကို ပါးရိုက်ဖို့ လက်လွှဲလိုက်တာနဲ့ လက်ကိုပဲရိုက်မယ် . . ပြီးတော့ . . . "

ဒါရိုက်တာ ရှင်းပြတာကို ကင်မရာမင်းက ခေါင်းတညိတ်ညိတ် လုပ်ကာ နားထောင်၏။ ထို့နောက် ဒါရိုက်တာခိုင်းတဲ့အတိုင်း ဝရန်တာပေါ်တက်သွားသည်။

သူတို့ရိုက်ကွင်းတည်တဲ့နေရာလေးက လူရှင်းနေ၍တော်သေးသည်။ ပြင်ဦးလွင်ရဲ့မြို့ပြင်မှာဖြစ်၍ ကလေးတစ်ယောက်နှစ်ယောက်ကလွဲ၍ ဝိုင်းကြည့်နေသူမရှိ . . . ။ ထိုကလေးတွေကိုလည်း ရုပ်ရှင်ရိုက်နေတဲ့ သတင်းကို ကို ပြန်မပြောရန် ပါလာတဲ့သကြားလုံးပေးပြီး ထိန်းချုပ်ပစ်လိုက်သည်။

"ကဲ . . . ဝမ်း . . . တူး . . . သရီး . . . အက်ရှင်"

အလင်္ကာသည် မင်းသားဆီကို ဖြည်းဖြည်းချင်းလှမ်းလာသည်။ မင်းသားက အားငယ်နေတဲ့မျက်လုံးတွေနဲ့ကြည့်၏။ အလင်္ကာ့မျက်နှာကတော့ တလောကလုံး သူ့လုပ်စာထိုင်စားနေရတဲ့ မျက်နှာမျိုးနှင့် . . . .

"ရှင့်ကို ကျွန်မအထင်ကြီးခဲ့တာ အလကားပဲ . . . ကျွန်မရဲ့ ရှင့်အပေါ် အထင်ကြီးမှုတွေ၊ လေးစားမှုတွေ အကုန်လုံး . . . "

"တော်ပါတော့ ရိုစီရယ် . . . ကိုယ့်ကို စကားလုံးတွေနဲ့ အသေသတ်မပစ်လိုက်ပါနဲ့"

မင်းသားရဲ့အိုက်တင်ကလည်း တလောကလုံးကို အရှုံးပေးထားရတဲ့ ရုပ်မျိုးကွက်တိ၊ မင်းသမီး အလင်္ကာမျက်နှာကလည်း လူတစ်ယောက်အပေါ် နာကြည်းမုန်းတီးမှုနှင့် မာနတစ်ခုကို ရိုက်ချိုးခံလိုက်ရမှုတွေ စနစ်တကျရှိ၏။

ဒါရိုက်တာသည် မင်းသား၊ မင်းသမီးရဲ့ သရုပ်ဆောင်မှုတွေကို ကြည့်ကာ ကျေနပ်အားရနေသည်။ ထိုအချိန်မှာပင် . . .

"ဟာ . . ကဒ် . . . ကဒ် . . . ကဒ် . . . ဆရာ . . . ကဒ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာက ကြောင်တောင်တောင်ဖြစ်သွား၏။ မင်းသားရော၊ မင်းသမီးပါ မော်နီတာကိုကြည့်နေသော ဒုတိယဒါရိုက်တာဆီကို လှမ်းကြည့်လိုက်သည်။

ဒါရိုက်တာက ဧဒါသတကြီး . . . .

"ဟေ့ကောင် ဘာဖြစ်တာလဲ"

"ဆရာ အနောက်က သစ်ပင်နှစ်ပင်ကြား လူတစ်ယောက်ဖြတ်ပြေးသွားတယ် . . . အဲဒါ ဒီအထဲမှာ ပေါ်တင်ကြီးပါလာတယ်"

ဒါရိုက်တာ စိတ်ပျက်သွား၏။ ဒေါသလည်း ပိုထွက်လာ၍ . . .

"ချစ်တီး . . . ချစ်တီး . . . ချစ်တီးလာစမ်း ဘယ်မှာလဲ အဲဒီကောင်"

တစ်နေရာမှာ အသားမည်းမည်းနှင့် ကုပ်ကိုင်းကိုင်း လူတစ်ယောက်ထွက်လာ၍ . . . .

"ဆရာ ကျွန်တော်ဒီမှာပါ"

"မင်း ဒီတစ်ဝိုက်ကို အကုန်ရှင်းထားပါလို့ပြောတာ၊ အခု ဘယ်ကလူပါလာတာလဲ"

ချစ်တီးရုပ်က ဆီးရွက်လောက်လေးနှင့် . . .

"ကျွန်တော် . . ကျွန်တော်လည်း သေသေချာချာရှင်းတာပဲဆရာ. . ခုနရှာတုန်းက ဟိုကလေးသုံးယောက်ပဲတွေ့တယ်၊ အဲဒီလူကိုမတွေ့မိဘူး"

ဒါရိုက်တာက ခေါင်းကိုကုတ်၏။ မင်းသမီး၊ မင်းသားကလည်း ဒါရိုက်တာကို ကြည့်နေကြသည်။ မင်းသားကဆို . . . .

"ကျွန်တော့် Mood ကပြည့်နေပြီဆရာ ဘယ်လိုဖြစ်တာလဲ"

"အေးပါကွာ . . . ငါလည်း ဒီကောင့်ကို သေချာမှာထားတာပဲ . . . ကဲ ကဲ အဲဒီလူကိုသွားခေါ်စမ်း၊ ဒီမှာ ရုပ်ရှင်ရိုက်နေတယ်လို့ သေချာလည်းပြောဦး၊ တော်ကြာ ပြဿနာတွေ ဘာတွေရှာနေဦးမယ်"

ချစ်တီး လှစ်ခနဲပြေးထွက်သွား၏။ ခုန ဖြတ်ပြေးသွားသည်ဆိုသော သစ်ပင်နှစ်ပင်ကြားထဲဝင်ရှာကြည့်တော့ သစ်ပင်အကွယ်မှာကုပ်ချောင်းချောင်းနဲ့ လူတစ်ယောက်ကိုတွေ့လိုက်ရသည်။





"ခင်ဗျားကို ဒါရိုက်တာကြီးက တွေ့ချင်လို့တဲ့"

ထိုလူက ကြောင်စီစီနှင့် . . .

"ဗျာ"

"ဒါရိုက်တာကြီးက ခင်ဗျားကိုဒီနေရာက ခဏဖယ်ပေးပါတဲ့ ကင်မရာထဲ ဝင်နေလို့"

"ကင်မရာထဲဝင်နေလို့ ဟုတ်လား"

အူကြောင်ကြောင်လုပ်နေတော့ ထိုလူ့ကိုကြည့်၍ ချစ်တီး စိတ်ညစ်သွား၏။

"ခဏလောက်လိုက်ခဲ့ပါဗျာ၊ ဟိုဘက် နားလေးတင်ပါ"

ချစ်တီးက အတင်းလက်ဆွဲပြီး ခေါ်လာတော့ ထိုလူ စောင်းငန်းစောင်းငန်းနဲ့ပါလာ၍ ရုပ်ရှင်အဖွဲ့နားရောက်တော့ . . .

"ဟင်"

အလက်ာသည် ထိုလူ့ကိုကြည့်၍ မျက်လုံးပြူးသွားသည်။ ပြီးတော့ ချက်ချင်းလည်းမှတ်မိသွား၏။ ထိုလူကလည်း အလက်ာ့ကိုကြည့်၍ ရုတ်တရက် နောက်ဆုတ်ကာသွားသည်။ သူ့ပုံစံကြည့်ရတာ ရိုက်ကွင်းတည်နေရာကို အခုမှ သိသွားပုံရပါသည်။ မန်နေဂျာက သူ့နားရောက်လာ၍ . . . .

"တစ်စိတ်လောက် ဒီဘက်မှာနေပေးပါလားဗျာ . . . ကျေးဇူးတင်ပါတယ်"

ထိုလူက . . .

"ရ . . . ရပါတယ် . . . ကျွန်တော့်ကြောင့် အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပါ၊ ကျွန်တော် တောင်းပန်ပါတယ်"

မန်နေဂျာကလည်း . . .

"ရပါတယ် . . . ရပါတယ်"

ပြောပြီး အားလုံးကို လက်ထောင်ပြလိုက်ပါတော့သည်။ ဒါရိုက်တာလည်း ပြုံးစိစိနဲ့သက်ပြင်းချပြီး မင်းသား၊ မင်းသမီးဘက်ကြည့်ကာ လက်ထောင်ပြလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် ရှူတင်နှင့်တဖြည်းဖြည်းဝေးကာသွားသည်။ သူ့နောက်တွင် ရှူတင်အဖွဲ့သားများ ကျန်ခဲ့သည်။ သူ၏ ညာဘက်လက်တွင်စာအုပ်လေး တစ်အုပ်ကို ကိုင်ထားသည်။

ပြီးနောက် မိုးကောင်းကင်ကိုမော့ကြည့်ပြီး ထိုလူ သက်ပြင်းချလိုက်ပါတော့သည်။





"ပါ ပါရာဒိုဆိုတာ မြန်မာနိုင်ငံမှာပေါ်နေပြီလား မသိဘူး" အလက်ဘက လက်ဖက်သုတ်လေးကို တစ်ငွှန်းခပ်လိုက်ရင်း . . .

"မဖြစ်နိုင်ပါဘူး . . . ဒီလူ့ ကြည့်ရတာ ကြောင်စီစီပါ"

"မထင်နဲ့နော် အလက်ဘ . . . ဂျာနယ်တစ်ခုခုက အလက်ဘ့သတင်းလိုက်ယူနိုင်းတာလား မသိဘူး"

အလက်ဘက ရယ်လိုက်သည်။

"ဒီလို အူကြောင်ကြောင်လူကို ဘယ်ဂျာနယ်က ဂျာနယ်လစ်ခန့်မှာလဲ ဆူဇီရယ်"

အလက်ဘ့စကားကြောင့် ဆူဇီရော အလက်ဘပါ ရယ်လိုက်ကြသည်။ အရယ်ဆုံးတော့ . . .

"သူ့ပုံစံက လူသာအူကြောင်ကြောင်နိုင်တာပါ၊ ရုပ်ကတော့ သန့်သန့်ပြန့်ပြန့်ထဲကပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဆူဇီပဲ သတိထားမိတယ်၊ အလက်ာတော့ မသိပါဘူး”

ဆူဇီက အလက်ာ့ပေါင်ကို ဆွဲဆိတ်လိုက်သည်။ ပြီးတော့ ‘တခစ်ခစ်’ နဲ့ရယ်ပြန်သည်။ မိန်းကလေးဆိုတာ ဒါပဲဖြစ်သည်။ နိုင်ငံကျော်မင်းသမီးပဲဖြစ်ဖြစ်၊ သာမန်မိန်းမပဲဖြစ်ဖြစ် အချင်းချင်းကွယ်ရာမှာတော့ ယောကျ်ားလေးတွေအကြောင်းကို ဝေဖန်ကြစမြဲ . . .

“ဒါနဲ့ နေ့ခင်းက သူ အဲဒီနား ဘာလာလုပ်တာလဲ မသိဘူးနော်”

ဆူဇီက မချိုမချဉ်မျက်နှာနဲ့ . . .

“သူ့ကိုတွေ့ရင် မေးပေးမယ်လေ၊ အလက်ာက မေးတယ်လို့၊ နေ့ခင်းက ဘာလာလုပ်တာလဲလို့ အလက်ာ့ကို လာချောင်းတာလားလို့”

အလက်ာက ဒီတစ်ခါတော့ ပေါင်ကိုဆွဲမဆိတ်တော့ပေ၊ ဟိုတယ်စရန်တာရှေ့က သစ်ပင်ကြီးကိုသာ ငေးကြည့်နေမိသည်။ လေတိုက်ခတ်လို့ သစ်ရွက်ကလေးတွေ လှုပ်နေကြသည်။ ကောင်းကင်မှာ လမင်းကြီးက ထိန်ထိန်သာကာနေသည်။ ဒီလို လပတဲ့ညမျိုးမှာဆို ငယ်ငယ်က သူသိပ်ပျော်ခဲ့သည်။ အမေ့ရင်ခွင်ကိုမေးတင်ရင်း မဖြစ်နိုင်တဲ့ ရွှေယုန်နဲ့ရွှေကျွှားပုံပြင်ကို နားထောင်ခဲ့သည်။ ဆန်ဖွပ်တဲ့ အဘိုးအိုကိုလည်း အသက်ကြီးမှ အလုပ်တွေလုပ်နေရရှာသနားခဲ့ဖူး၏။ ထမင်းဆီဆမ်းနဲ့ ရွှေလင်ပန်းကိုလည်း တောင်းဆိုခဲ့ဖူးပါသည်။

အခုတော့ မေမေမရှိတော့။ သူမင်းသမီးစဖြစ်သည့်နှစ်မှာပဲ မေမေသည် သူ့ကိုရော စည်းစိမ်ဥစ္စာတွေကိုပါ ထားသွားခဲ့ပြီ။ သူမဘဝတွင် အမေဆိုသည်မှာ ငယ်စဉ်ကတည်းက စကားလုံးတစ်ခုအနေနှင့်သာ ဦးနှောက်ထဲမှာ ပါလာ၏။ သူမ မှတ်မိသေးသည်။ အဲဒီညက မိုးတွေ ထစ်ထစ်ချုန်းချုန်းရွာတဲ့ည . . .။ ကောင်းကင်တစ်ခုလုံး ကမ္ဘာပျက်လောက်အောင် ဆူညံနေတဲ့ည . . .။ အဲဒီညမှာ သူမတို့ ကမ္ဘာလေးလည်း ပျက်စီးသွားခဲ့သည်။

အဖေနဲ့အမေ ကွဲသည်။ သူမက မေမေ့ဆီမှာ ကျန်ခဲ့ပြီး ဖေဖေက နောက်အိမ်ထောင်ပြုသွားသည်။ အခုတော့ ကော့သောင်းမှာလိုလို၊ ဘာလိုလိုသာ ကြားရသည်။ တစ်ခါတစ်လေတော့ သူ့ဆီ ဆက်သွယ်သည်။

အလက်ာ သက်ပြင်းကိုချမိသည်။ သူ ဒါတွေမတွေးချင်တော့၊ အရာအားလုံးကို အတိတ်မှာချန်ခဲ့တာ အကောင်းဆုံးပင်၊ အခု သူ့မှာအချစ်ရဆုံးသူငယ်ချင်းဆိုလည်း ဟုတ်၊ ညီအစ်မဆိုလည်း တစ်ဝမ်းသာကွဲသည့် ဆူဇီရှိသည်၊ ပြီးတော့ မေမေ့ညီမ အဒေါ်တစ်ယောက်ရှိသည်။ သူမဘဝသည် အခုအချိန်မှာ မိခင်မေတ္တာရော၊ ဖခင်မေတ္တာပါ ငတ်နေရသော်လည်း အထီးကျန်တော့ မဆန်မိ။

သို့သော် တစ်ခါတစ်ရံလွမ်းမိ၏။ လွမ်းတိုင်းလည်း ရင်နဲ့အမျှခံစားရမိပါသည်။

“ဟဲ့ အလက်ာ ဟိုဘက်ဝရန်တာကိုကြည့်လိုက်စမ်း . . ဟိုမှာ ဟိုမှာ”

ဆူဇီ့ အသံကြောင့်အလက်ာအတွေးပြတ်သွားကာ မျက်နှာချင်းဆိုင်အဆောင်ဘက်က လေသာဆောင်ပေါ် လှမ်းကြည့်၏။ လေသာဆောင်ပေါ်တွင် လူတစ်ယောက်ငုတ်တုတ်ထိုင်ကာ ကောင်းကင်ကိုမော့ကြည့်နေသည်၊ မျက်နှာကို သေချာမမြင်ရသော်လည်း၊ လအလင်းရောင်နှင့်လေသာဆောင် လက်ရန်းတွေပေါ် ထွန်းထားသော မီးအိမ်တွေကြောင့် ဘယ်သူလဲဆိုတာ ကောင်းကောင်းသိလိုက်၏။

ဆူဇီက . . . .

“ဒီလူကြည့်ရတာ တစ်မျိုးတော့တစ်မျိုးပဲနော်၊ အဖော်လည်းမပါဘဲ တစ်ယောက်တည်းလာနေတာ ဘာသဘောလဲမသိဘူး”

အလက်ာက ဘာမှပြန်မပြောဘဲ ဒီအတိုင်းသာနေ့,နေသည်၊ ဆူဇီကပင် သူ့စကားသူဆက်လိုက်သည်။

“မဟုတ်မှလွဲရော၊ ရာဇဝတ်မှုတစ်ခုခုနဲ့ ရှောင်ပြေးလာတာလား မသိဘူး”

အဲဒီစကားလည်းကြားရော အလက်ာ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွား၏။ နောက်တော့မှ အဓိပ္ပာယ်မရှိမှန်း သိသွား၍ . . .

“မဖြစ်နိုင်ပါဘူး . . . ရာဇဝတ်မှုတစ်ခုခု ကျူးလွန်လာတယ်ဆိုရင် ဒီလို ဟိုတယ်ပေါ်တက်ပြီး ပေါ်တင်ကြီးဘယ်သူကနေမှာလဲ . . . လူမသိ သူမသိ တစ်နေရာရာမှာ ဇာတ်မြှုပ်နေမှာပေါ့”







www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ ဆူဇီက ရယ်ကျဲကျဲလေးနဲ့ . . .

"ဆူဇီလည်း တွေးမိတွေးရာ တွေးမိတာပါ၊ သူ့ပုံစံက နားလည်ရခက်လို့"

အလက်ာက ပြုံးစိစိလုပ်ပြီး လေသာဆောင်ဘက်ကိုသာ ငေးကြည့်နေမိသည်။

ခဏကြာတော့ ထိုလူ ထထွက်သွားသည်။ ဘယ်ထွက်သွားလည်းတော့ အလက်ာမသိပေ။

သူတို့လည်း ညဉ့်နက်လာပြီဆိုတော့ တဖြည်းဖြည်းအေးလာ၍ အခန်းထဲဝင်ကာ စောင်ခြုံပြီး ကွေးနေလိုက်ပါတော့သည်။

တော်တော်လေးကြာတော့မှ ရှေ့ခန်းက တံခါးဖွင့်သံကိုကြားရ၏။ ဟိုလူ ပြန်ရောက်လာတာပဲဖြစ်မည်။ ဒီတစ်ခါ အခန်းများမဖွင့်တာပဲ ကျေးဇူးတင်ရဦးမည်။





ပြင်ဦးလွင်၏ ဒီဇင်ဘာအအေးဒဏ်သည် အနွေးထည်တစ်ထပ်တည်း နှင့် ဘယ်လိုမှမလုံလောက်မှန်း 'မိုးထက်' သိသည်။ ဒါ့ကြောင့် ဆွယ်တာတစ်ထည်အပြင် အပေါ်က ဂျာကင်တစ်ထည်ပါ ထပ်စွပ်လိုက်သည်။ ပြီးနောက် အခန်းထဲမှ အပြင်ကိုထွက်လိုက်တော့သည်။

မနက်(၇)နာရီပဲရှိသေးသော ဆောင်းသည် မိုးထက်ကို ရှုတ်တရက် အေးစက်သွားစေ၏။ နှင်းခိုးတွေဝေနေသော ပတ်ဝန်းကျင်သည် အေးချမ်းတိတ်ဆိတ်ကာ စားသောက်ဆောင်ဘက်မှ တစ်ချက်တစ်ချက်ပြန့်လွင့်လာသော စကားသံများမှလွဲ၍ အရာရာသည် ငြိမ်သက်လျက် . . .

မိုးထက် ကောင်းကင်ပေါ် မော့ကြည့်လိုက်သည်။ မိုးသားတွေပြာနေသော ကောင်းကင်သည် တိမ်ကင်းစင်လျက်ရှိ၏။ ဒါဟာ ကာ[illegible]တစ်ပုဒ်ပဲဟု တွေးလိုက်မိသည်။

ထို့နောက် Breakfast စားရန် Dinning Room [illegible]ကို လျှောက်လာခဲ့လိုက်ပါတော့သည်။ ထောင့်စားပွဲတစ်လုံးကိုရွေး၍ [illegible]င်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ သူ့ရှေ့ကို ကြက်ဥတစ်လုံးနဲ့ပေါင်မုန့်နှစ်ချပ်ရောက်လာသည်။ ပေါင်မုန့်ကိုအနေတော် မားနဲ့လှီးပြီး ကြက်ဥအလယ်ကအနှစ်ထဲကို စိမ်လိုက်သည်။

သူက ကြက်ဥအနှစ်ရွှဲရွှဲလေးနဲ့ပေါင်မုန့်ကို တို့စားရတာကြိုက်သည်။ ပါးစပ်ထဲကို တစ်ခုထည့်ပြီးနောက် နောက်တစ်ခုထပ်စိမ်လိုက်သည်။

"ကြက်ဥနှစ်လုံးလုပ်ပေးနော် . . အနှစ်ကို ကျက်အောင်ကြော်ပေးပါ"

သူ့ချာခနဲ လှည့်ကြည့်မိ၏။

တစ်ဝိုင်းကျော်က ကောင်မလေးနှင့် မျက်ဝန်းချင်းဆုံမိသည်။

အလက်ာမှန်းသိသွားချိန်တွင် သူမျက်လွှာကိုချပစ်လိုက်တော့သည်။ ပြီးတော့ ပြုံးလိုက်မိသည်။ ထိုအပြုံးသည် တိုက်ဆိုင်မှုတွေကို လှောင်ရယ်သော အပြုံး (ဒါမှမဟုတ်) ကိုယ့်ကိုယ်ကိုယ် လှောင်ရယ်မိသော အပြုံး။

သူ့ဘဝတွင် တိုက်ဆိုင်မှုတွေ အများကြီးကြုံခဲ့ဖူးသည်။

ထို တိုက်ဆိုင်မှုတွေထဲတွင် ကောင်းသောတိုက်ဆိုင်မှုရှိသလို၊ မကောင်းသောတိုက်ဆိုင်မှုလည်းရှိ၏။ အခုတစ်ခါ တိုက်ဆိုင်မှုကတော့ ကောင်းသောတိုက်ဆိုင်မှုလား၊ မကောင်းသော တိုက်ဆိုင်မှုလားဆိုတာကိုတော့ ဝေခွဲလို့မရသေးပေ . . .။

သူ ဒီ(ပြင်ဦးလွင်) တက်လာရတဲ့ ရည်ရွယ်ချက်က စာရေးဖို့၊ ထုတ်ဝေသူကိုယ်တိုင် သူပြောပြတဲ့ဇာတ်လမ်းလေးကိုကြိုက်၍ လိုလိုလားလား တိုက်တွန်းမှုကြောင့် ဒီကိုရောက်လာရသည်။

သူတွေးထားတဲ့ ဇာတ်လမ်းလေးက ဒီလို . . .။

ပြင်ဦးလွင်မြို့တွင် စာလာရေးသော စာရေးဆရာတစ်ယောက်နဲ့ ပြင်ဦးလွင်ကိုပဲ ရှုတင်လာရိုက်တဲ့ မင်းသမီးလေးတစ်ယောက်တို့ရဲ့ ဆုံတွေ့မှု ဇာတ်လမ်းလေး။

ဇာတ်လမ်းအကြမ်းကိုတော့ စဉ်းစားပြီးပြီ၊ ဒါပေမယ့် မစရသေး။

မိုးထက် သူ့အကြောင်းသူ တွေးရင်းပြုံးမိ၏။

အခုလို စဉ်းစားလာတဲ့ ဇာတ်လမ်းထဲကအတိုင်း အပြင်မှာဆုံတွေ့





ရမယ်လို့ ဘယ်လိုမှထင်မထားခဲ့ . .။ တွေ့မယ့်တွေ့တော့လည်း တကယ့်ဒိတ်ဒိတ်ကျဲမင်းသမီးတစ်ယောက်နဲ့မှ မျက်နှာချင်းဆိုင်လာတွေ့ရ၏။

မင်းသမီးကတော့ သူ့ကိုစာရေးဆရာမှန်းသိမယ့် ပုံမပေါ်ပေ . . .။ စာရေးဆရာဆိုတာကလည်း ချိုပေါက်နေတာမဟုတ်၍ ကိုယ်က သွားမပြောရင် သိနိုင်စရာအကြောင်းမရှိ။

မိုးထက်တွေးရင်း စားရင်းနဲ့ပင် ကြက်ဥရော ပေါင်မုန့်ပါ ပြောင်သွားသည်။ ထို့နောက် ကော်ဖီသောက်၍ ထထွက်လာခဲ့တော့၏။

အခန်းထဲရောက်တော့ ခုတင်ပေါ် လှဲရင်း ဇာတ်လမ်းလေးကို ဘယ်လိုစရမလဲ စဉ်းစားနေမိသည်။

သူ ဒီဟိုတယ်ကိုရောက်ရောက်ချင်း မင်းသမီးလေး အခန်းကို မှားဝင်သွားတာကို သတိရသွားမိ၏။

သူ့ဝတ္ထုထဲက ဇာတ်လမ်းအဖွင့်ကိုလည်း အဲဒီလိုပဲစရင်ကောင်းမလား ဟု တွေးလိုက်မိပါတော့သည်။

မိုးထက်ပြုံးသွား၏။ တစ်စုံတစ်ခု အကြံပေါ်သွား၍ ပြုံးလိုက်မိသော အပြုံးဖြစ်သည်။

"ဟုတ်ပြီ"

ရုတ်တရက် လက်သီးလက်မောင်းတန်း၍ ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်လိုက်မိသည်။

ဇာတ်လမ်းထဲကအတိုင်း မင်းသမီးနဲ့ တကယ်အပြင်မှာတွေ့နေမှတော့ ရှည်ရှည်ဝေးဝေးဇာတ်လမ်းဆင်နေစရာ မလိုတော့ပေ . . .။

သူကိုယ်တိုင် ဇာတ်ကောင်နေရာက ဝင်ရောက်သရုပ်ဆောင်လိုက်ရုံသာရှိတော့သည်။ ပြီးတော့ ဒီဝတ္ထုကို သူတကယ်ကြုံတွေ့သမျှဟာတွေ ရေးသွားမည်။

လူတစ်ဦးတွင် ဝတ္ထုတစ်ပုဒ်ရှိသည်ဟုဆိုလျှင် စာရေးဆရာဖြစ်နေသော သူ့တွင်လည်း တကယ့်အဖြစ်အပျက် ဝတ္ထုတစ်အုပ်တော့ ထွက်ကောင်းထွက်လာနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဇာတ်သိမ်းခန်းကိုတော့ . . . .

မိုးထက်မျက်နှာကြက်ကြီးကို မော့ကြည့်မိ၏။ ရှေ့ရေးသည် တကယ် လက်တွေ့တွင် ဝေဝါးကာနေသည်။

သို့သော် လက်လျှော့ဖို့တော့ စိတ်ကူးမရှိ . . .။ မနက်ဖြန်ကစပြီး ဇာတ်လမ်းစပြီ . . . .။



# အခန်း (၁)



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တွေက ယောင်ယမ်းသူလို
ငါ . . .
သွေးရူးသွေးတန်းဖြစ်နေမိတယ်
ငါ့ရဲ့ဘေး အမှောင်နံ့ရံတွေမှာ
နားတွေရှိတယ်ဆို . . .!
စိတ်မရှိကြပါနဲ့ . . .
ကျွန်တော်ဟာ စကားမပြောတတ်တဲ့ လူတစ်ယောက်ပါ။





"ရေနွေးကြမ်းလေး နည်းနည်းပေးပါလားဗျာ"

"ရှင်"

"ဟို . . . အလက်ဘ့ လက်ထဲက ဓာတ်ဘူးထဲမှာရှိတဲ့ ရေနွေးကြမ်းလေး နည်းနည်းပေးပါလားလို့"

"အလက်ဘ" က "မိုးထက်" ကိုတအံ့တသြကြည့်နေသည်၊ သူမ အပင်ပန်းခံကာ တကူးတကသွားယူထားတဲ့ ရေနွေးကြမ်းကို ပေါ်တင်ကြီး လာတောင်းနေ၍ဖြစ်၏။ သို့သော် ရုတ်တရက်ဆိုတော့ ဘာပြန်ပြောလို့ပြောရမှန်း မသိဖြစ်သွား၏။

ဆွံ့အနေတဲ့ 'အလက်ဘ့' ကိုကြည့်ပြီး 'မိုးထက်' က . . .

"ရေအကျိုးဆယ်ပါးဆိုတာ မတောင်းဘဲနဲ့ပြည့်ပါတယ်ဗျာ . . . ကျွန်တော် Dinning Room ကိုသွားရမှာ ချမ်းလွန်းလို့ပါ။ ဝေးလည်းဝေးတာကိုး။ ဒါကြောင့် တောင်းမိတာပါ။ တစ်ခွက်တည်းပါ"

"ဟင့်အင်း၊ တစ်ခွက်တည်းလည်း မပေးနိုင်ပါဘူး။ ဒါ အလက်ဘ သွားယူလာတာ"



www.burmeseclassic.com

www.burmeseclassic.com



မိုးထက်က ပြုံးပြုံးလေး ခေါင်းကိုညိတ်ပြ၍ . . .

"အလင်္ကာ သွားယူလာတာ ကျွန်တော်မြင်သားပဲ"

အလင်္ကာက နှာခေါင်းတစ်ချက်ရှုံ့၍ . . .

"မြင်ရင်လည်း ကိုယ့်ဘာသာကိုယ်သွားယူပါလား"

မိုးထက်က အပြုံးမပျက်ပင် . . .

"ကိုယ့် ပရိသတ်တစ်ယောက်ကို အဲဒီ့လို မညှာမတာ ပြောရက်သလားဗျာ"

"ရှင်"

အလင်္ကာ မျက်လုံးလေးပြူးသွား၏။

"ကျွန်တော်က အလင်္ကာရဲ့ ပရိသတ်ပါ အခုနောက်ဆုံးထွက်ခဲ့တဲ့ ကားကိုတောင် ဒီကိုလာခါနီးကြည့်ခဲ့သေးတယ် . .။အလင်္ကာက အဲဒီ့ကားထဲမှာ သွေးကင်ဆာနဲ့သေသွားတာလေ ဟုတ်တယ်မလား"

အလင်္ကာ အူကြောင်ကြောင်လေးနဲ့ ခေါင်းကိုညိတ်ပြ၍ . . .

"ဟုတ် . . . ဟုတ်ကဲ့"

မိုးထက်က ခပ်တည်တည်ပင် လက်ညှိုးလေးထောင်ပြီး . . . .

"ဗွီဒီယိုမှိုလို့သိလား ရုပ်ရှင်သာဆို အကယ်ဒမီမှန်းလို့ရတယ်"

အလင်္ကာ က . . .

"ဟုတ် . . . ဟုတ်ကဲ့"

မိုးထက်က အလင်္ကာ့လက်ထဲက ဓာတ်ဘူးလေးကို ကြည့်လိုက်ကာ

"ရေနွေးကြမ်းလေး ပေးပါဗျာ"

အလင်္ကာ ခေါင်းလေးကုတ်လိုက်သည်။ ဘယ်လိုလူမျိုးနဲ့လာတွေ့နေပါလိမ့်ဆိုပြီး တွေးလိုက်မိသည်။ အတင်းကြီး ဝင်ရောသည်။ ပြီးတော့ ရေနွေးကြမ်းတောင်းသည်။ ဒီလူ့ရှည်ရွယ်ချက်က ဘာလဲ၊ အရင်နေ့တွေက တွေ့တော့ ကြောင်တောင်တောင် ကျားတားတားနဲ့၊ အခုကျတော့ ပရိသတ်တစ်ယောက်ပါဆို လုပ်လာပြန်ပြီ။

ဘာပဲဖြစ်ဖြစ် အနုပညာသမားတစ်ယောက်အနေနှင့် ဘယ်လို





ပရိသတ်နဲ့ပဲတွေ့တွေ့ ဖော်ဖော်ရွေရွေဆက်ဆံရမှာဖြစ်၍ သူလိုချင်တဲ့ ရေနွေးကြမ်းကို ထည့်ပေးလိုက်ရတော့သည်။

မိုးထက် သူ့ခွက်ထဲက အငွေ့တလူလူထွက်နေတဲ့ ရေနွေးကြမ်းလေးကိုကြည့်၍ . . .

"ဒီနေ့ညတော့ အလင်္ကာထည့်ပေးတဲ့ ရေနွေးကြမ်းလေးသောက်လိုက်တာနဲ့ စောင်ခြုံစရာမလိုအောင် နွေးသွားတော့မှာ ကျိန်းသေတယ်"

မိုးထက်တို့ကလည်း စာရေးဆရာပီပီ ဒိုင်ယာလော့ခ်တွေလွှတ်သည်။ အလင်္ကာကလည်း မင်းသမီး ပီပီ . . .

"စောင်မခြုံဘဲ အိပ်ရင် လေဖြတ်သွားမှာပေါ့"

ဟု ပြောပြီး ထွက်သွားလေတော့သည်။ မိုးထက် အလင်္ကာ့ကိုကြည့်ပြီး ပြုံးရင်းကျန်ခဲ့၏။

ဒီနေ့ညတော့ ဒီဇာတ်လမ်းလေးကို ဒီအတိုင်းပဲရေးမည် ဟုဆုံးဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလင်္ကာ

ပြောသလိုဆို ဒီလူက ဘယ်လိုလူလဲ"

"အလင်္ကာလည်း မပြောတတ်ဘူး၊ ဒါပေမယ့် ရေနွေးကြမ်းကိုရအောင် တောင်းသွားတဲ့လုပ်ရပ်ကလေးကိုတော့ ချီးကျူးတယ်"

ဆုဇီက ခေါင်းခါလိုက်ပြီး . . .

'ဒါက ဘာမှချီးကျူးစရာမလိုပါဘူးဟာ . . . ပရိသတ်ဆိုတဲ့စကားလုံးကို ခုတုံးလုပ်သွားတာပါ"

အလင်္ကာက ခေါင်းညိတ်လိုက်သည်။

"ဆုဇီ ပြောတာမှန်ပါတယ်။ ဒါပေမယ့် လိုချင်တာရဖို့အတွက် စကားတစ်လုံးကို အနေအထားမှန်အောင် သုံးတတ်တဲ့ အိုင်ဒီယာလေးကို သဘောကျတာ"

ဆုဇီက အလင်္ကာ့ကို မျက်စောင်းထိုးလိုက်၏။

"ဟွန်း အလင်္ကာနော် ကိုယ့်ကိုယ်ကိုယ် မင်းသမီးတစ်ယောက်ဆိုတာလည်း သတိထားဦး"





"အလို . . အဲ့လင်္ကာက ဘာလုပ်နေလို့လဲ"

"ဘာမှတော့ မလုပ်ပါဘူး၊ လုပ်မိမှာစိုးလို့"

"ဘာကိုလဲ"

ဆုဇီက တစ်ခုခုပြောမလို့စဉ်းစားရင်း တွေ့ဝေနေသည်။

ခဏကြာတော့မှ . . .

"ဘာမှမဟုတ်တော့ပါဘူး"

ဆိုပြီးပြောသည်။ အလင်္ကာက ဆုဇီ့ကို မျက်စောင်းလေးထိုး၍ . .

"ဘာမှန်းလဲ မသိဘူး ဟုတ်မလိုလိုနဲ့"

ဆုဇီက ရယ်လိုက်သည်။ ထို့နောက် . . .

"အလင်္ကာ မနက်ဖြန် ရိုက်ကွင်းဘယ်အချိန်စမလဲ"

"နေ့လယ်ကျော်မှလို့တော့ ပြောတယ်"

"အဲဒါဆို မနက်ပိုင်းဈေးထဲ ခဏသွားရအောင်"

"သွားလေ ဘာဝယ်စရာရှိလို့လဲ"

"အနွေးထည်လေး ဘာလေးသွားကြည့်မလို့ပါ၊ ရန်ကုန်က ယူလာတဲ့ အနွေးထည်က နည်းသွားတယ် . . . ပြီးတော့ ဒီလောက်ချမ်းမယ်လည်း ထင်မထားတော့ ထားခဲ့တာ"

အလင်္ကာက ပြုံးလိုက်သည်။

"ဆုဇီ့ကို ပြောသားပဲ အနွေးထည်တော့ ပေါပေါများများထည့်လာလို့ ဆုဇီက ယုံမှမယုံတာ"

ဆုဇီကရယ်သည်။

"မယုံတာမဟုတ်ပါဘူး။ ပြင်ဦးလွင်ကို နွေရာသီပဲရောက်ဖူးတာဆိုတော့ အခုလို ဆောင်းတွင်းမှာ ဒီလောက်ချမ်းမှန်းမသိဘူး"

အလင်္ကာက ခေါင်းတညိတ်ညိတ်နှင့် ကောင်းတယ်၊ ကောင်းတယ်လို့ ပြောသည်။ ထို့နောက် သူတို့ အိပ်ရာဝင်ကြသည်။ ဆုဇီကတော့ ဘာတွေတွေး နေလဲတော့ မသိပေ။

အလင်္ကာကတော့ မနက်ဖြန်ရိုက်ရမယ့်အခန်းကို ဘယ်လို သရုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရင်ကောင်းမလဲ စဉ်းစားနေသည်။ အဲဒီလို စဉ်းစားရင်း၊ စဉ်းစားရင်းနဲ့ပဲ အိပ်ပျော်သွားပါတော့သည်။

အိပ်ပျော်ခါနီး ခုန ရေနွေးတောင်းသွားတဲ့ သူကိုတော့ တစ်ချက်သတိရလိုက်မိသေး၏။





ဒီနေ့ ဘယ်လို ဇာတ်လမ်းရှာရမလဲ စဉ်းစားသည်။ မနေ့ကတော့ ရေနွေးကြမ်းတောင်းတဲ့ အခန်းကရေးပြီးသွားပြီ။ နောက်တစ်ခန်း ဆက်ရေးရမယ့် ဇာတ်လမ်းကိုရှာရဦးမည်။

မင်းသမီးကို ဇာတ်လမ်းလိုက်လုပ်ရတယ်ဆိုတာကလည်း လွယ်တဲ့ကိစ္စမဟုတ်၊ အရှက်တရားကို နည်းနိုင်သမျှနည်းအောင်ထားနိုင်မှ တော်ကာကျမည်။ ပြီးတော့ တော်ရုံတန်ရုံအကြောင်းပြချက်မျိုးနဲ့သွားကပ်လို့ မရနိုင်၊ နောက်ပြီး မင်းသမီးဆိုတော့သိတဲ့အတိုင်း သူ့အားမှာ လူအမြဲရှိနေတတ်သည်။ ဒါရိုက်တာတွေ၊ မင်းသမီးတွေ၊ ဇာတ်ပို့ဇာတ်ရံတွေနှင့် အမြဲတမ်း ရှုပ်ယှက်ခတ်နေတတ်၏။ ဒီလိုလူတွေရှေ့မှာ ဇာတ်လမ်းသွားရှာလို့ကတော့ ပေါကြီးဖြစ်သွားမှာ သေချာသည်။ ဒါကြောင့် အခြေအနေကို အမြဲတမ်းကြည့်နေရ၏။

အခုလည်း ဟိုတယ်ရှေ့က ခုံလေးမှာထိုင်ပြီး မင်းသမီးရဲ့အရိပ်အခြေကို အကဲခတ်နေမိသည်။ မနက်ကတည်းက ကြည့်နေမိတာ အခုအချိန်အထိ အလက်ာရဲ့လှုပ်ရှားမှုကိုမတွေ့သေးပေ။ ရှူတင်ထွက်သွားတာတော့ မဖြစ်နိုင်၊ သူ ဒီမှာရောက်နေတာ မနက်(၇)နာရီလောက်ကတည်းကဖြစ်သည်။ မနက်



www.burmeseclassic.com

www.burmeseclassic.com



(၇)နာရီတော့ ရှုတင်တည်မယ် မထင်ပေ။

ကြည့်ရတာ ဒီနေ့ရှုတင်ရှိပုံမရ။ ရှိရင်လည်း နေ့လယ်ဘက်ကျမှ ရှိမယ့်ပုံပင် . . .

မိုးထက် စဉ်းစားရင်း စီးကရက်တစ်လိပ်ထုတ်ဖွာလိုက်သည်။ ထိုအချိန်မှာပင် ဟိုတယ်ဝရန်တာမှာ အလက်ဘ့ကို ရိပ်ခနဲတွေ့လိုက်ရ၍ မတ်တတ်ထလိုက်မိ၏။ နောက်မှ အဲဒီလောက် ရုတ်ရုတ်သဲသဲဖြစ်သွားဖို့မလိုမှန်း တွေးမိ၍ ကုန္ဓေ့ရရ ပြန်ထိုင်လိုက်သည်။

ခဏကြာတော့ အလက်ဘတို့ကားက သူ့ဘေးနားကဖြတ်သွားကာ ဟိုတယ်အပြင်ကို ထွက်သွားလေတော့သည်။ မိုးထက် ခဏလောက်စောင့်ပြီးမှ နောက်က မယောင်မလည်နဲ့ လိုက်သွားလေတော့သည်။ ဟိုတယ်လှေကားပေါ်မှ အလက်ဘဆင်းလာသည်။ သူမတစ်ယောက်တည်းမဟုတ်၊ ဆူဇီဆိုတဲ့ အမျိုးသမီးပါ,ပါလာသည်။ ထို့နောက် သူတို့ကားထဲသို့ဝင်သွားတော့၏။ မိုးထက်ကြိုတင်စီစဉ်ထားသည့်အတိုင်း ငှားထားသော ဆိုင်ကယ်ပေါ်တက်ခွလိုက်သည်။ ထို့နောက် စက်နှိုးပြီး အသင့်စောင့်နေလိုက်၏။

ခဏကြာတော့ အလက်ဘတို့က မြို့ထဲဘက်ကိုမောင်းသွားတာဖြစ်သည်။ လူတွေ၊ ကားတွေ၊ ဆိုင်ကယ်တွေ ရှုပ်နေတော့ သူနောက်ကလိုက်လာတာကို သတိမထားမိ . . .။ ဒီလိုနဲ့ သွားနေရင်းမှ ဆိုင်တစ်ဆိုင်ရှေ့ရပ်ကာ သွားသည်။ မိုးထက်လည်း မလှမ်းမကမ်းမှာ ဆိုင်ကယ်ကိုရပ်လိုက်ပြီး အခြေအနေ ကြည့်နေလိုက်၏။

အလက်ဘနဲ့ဆူဇီ ကားပေါ်ကဆင်း၍ ထိုဆိုင်ထဲသို့ဝင်သွားတော့ သူလည်း ဆိုင်ကယ်ပေါ်ကဆင်းပြီး ထိုဆိုင်ထဲလိုက်ဝင်လိုက်လေသည်။

အထဲရောက်မှ ဆွယ်တာရောင်းတဲ့ဆိုင်မှန်း သိလိုက်ရလေသည်။ မိုးထက် ဆိုင်ထဲရောက်လာပြီး တော်တော်ကြာသည်အထိ သူ့ကို လာမေးတဲ့သူမရှိ၊ ဘယ်ကားမှာ ဘယ်လိုသရုပ်ဆောင်တာ ကောင်းကြောင်းပြောတဲ့လူရော၊ ဓာတ်ပုံတွဲရိုက်တဲ့လူရော ရှုပ်ယှက်ခတ်သွား၏။

ရှင်းနေတာဆိုလို့ သူ့ဘေးနားမှာပဲဖြစ်သည်။ သူ့ကိုတော့ လာ





မိတ်ဆက်ဖို့နေနေသာသာ 'အစ်ကို ဘာလိုလဲ' ဆိုပြီး လာမေးသူတောင်မရှိ။ မိုးထက် ပြုံးလိုက်သည်၊ သူ့ကို ဘယ်သူမှလာမမေး၍ စိတ်မဆိုးတဲ့အပြင် သဘောတောင်ကျသွား၍ဖြစ်သည်။ တစ်ယောက်တည်းဆိုတော့ လွတ်လွတ်လပ်လပ် အလက်ဘ့ကိုကြည့်ရ၍ဖြစ်၏။ အလက်ဘကလည်း ဆိုင်က ကောင်မလေးတွေကို ဖော်ဖော်ရွေရွေပြန်ဆက်ဆံသည်။ ကောင်မလေးတွေကလည်း ဆိုင်မှာရှိသမျှ အင်္ကျီတွေ အကုန်ထုတ်ပြ၏။

သူကြည့်နေစဉ်မှာပဲ အလက်ဘ့ဘေးမှာဝိုင်းနေတဲ့ ကောင်မလေးတွေထဲက တစ်ယောက်က သူ့ကို စတင်သတိထားမိသွားသည်၊ ထို့နောက် အားနာတဲ့ဟန်နဲ့ သူ့နားလျှောက်လာ၍ . . .

"အစ်ကို ဘာလိုလဲရှင့်၊ ဆွယ်တာလား၊ ခေါင်းစွပ်လား"

သူ့ကို လာမေးတဲ့ကောင်မလေးကို မိုးထက်ပြုံးပြလိုက်သည်။ ထို့နောက် . . .

"ဆွယ်တာလေး ကြည့်ချင်လို့ပါ"

"လာပါ အစ်ကို ဟိုမှာ ချိတ်ထားတဲ့ ဒီဇိုင်းတွေထဲက ကြိုက်လား၊ နောက်ဆုံးထွက်တဲ့ ဒီဇိုင်းတွေလည်းရှိပါတယ်၊ လာ . . . အစ်ကို"

ကောင်မလေးက ဦးဆောင်ပြီး ရှေ့ကခေါ်သွားသည်။ သူလည်း ကောင်မလေးနောက်က လိုက်သွား၏။ အမှန်တော့ သူ့ဆီမှာ အနွေးထည်လုံလုံလောက်လောက်ပါသည်။ ဆွယ်တာ ထပ်ဝယ်စရာမလို။ သို့သော် အတွေးတစ်ခုခေါင်းထဲဝင်လာ၍ ဆွယ်တာတစ်ထည်လောက်တော့ ဝယ်မည်ဟု စဉ်းစားလိုက်ခြင်းဖြစ်၏။ ဒီတစ်ခါ ဇာတ်လမ်းက နည်းနည်းမျက်နှာပြောင်တိုက်ရမည်ဟု တွေးလိုက်မိသည်။ နည်းနည်းလည်း စွန့်စားရမည်။ သို့သော် အပြင်လောကမှာသာ စွန့်စားရသော်လည်း ဝတ္ထုထဲမှာတော့ ဖတ်လို့တော်တော်ကောင်းမယ့်အခန်းလေးဖြစ်သည်။ ထို့ကြောင့် စွန့်စားရမည်။

'မိုးထက်' စဉ်းစားပြီးတော့ ပိုက်ဆံအိတ်ကို ဘယ်သူမှသတိမထားမိအောင် ဆွဲထုတ်လိုက်သည်။ ထို့နောက် လိုင်စင်နှင့်အရေးကြီးကဒ်ပြားတွေကို အသာထုတ်လိုက်ပြီး ဘောင်းဘီအိတ်ထဲထည့်လိုက်၏။ ထို့နောက် ဘာသူ



www.burmeseclassic.com

www.burmeseclassic.com



မှသတိမထားမိခင် ပိုက်ဆံအိတ်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ပါတော့သည်။ ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံတစ်သောင်းခွဲနီးပါး ပါသည်။ ပိုက်ဆံအိတ်ကလည်း လွှန်ခဲ့တဲ့နှစ်ကတော့ တစ်သောင်းခွဲလောက်ပေးရ၏။ သူ့အတွက် ဒီဇာတ်ကွက်ကလေးရဖို့ သုံးသောင်းလောက် ရင်းလိုက်ရလေသည်။ အခု သူသည်ပိုက်ဆံတစ်ပြားမှမရှိသော လူဖြစ်သွားပြီ။ သို့သော် ရင်မခုန်၊ ဒါ . . ကုန်ကြမ်းရှာတာ။

'မိုးထက်' ပြုံးလိုက်ရင်း အလက်ာတို့ဘေးနားက ကပ်လျက်ကောင်တာကို လျှောက်သွားလိုက်သည်။ အလက်ာကလည်း အင်္ကျီတွေတစ်ထည်ပြီး တစ်ထည်ဝယ်နေတာတွေ့ရ၏။ သူ ကောင်တာရှေ့သွားရပ်တော့ အလက်ာက သူ့ကို လှမ်းကြည့်၏။ သူလည်း လှည့်ကြည့်ပြီး သွားဖြဲပြလိုက်သည်။ အလက်ာ့ နှုတ်ခမ်းက ပြုံးယောင်ယောင်ဖြစ်သွားပြီး ကောင်တာဘက်ပြန်လှည့်သွားလေသည်။

ထို့နောက် ကောင်မလေးထုတ်ပြတဲ့ ဆွယ်တာကို 'မိုးထက်' ကြည့်နေလိုက်သည်။ ထို ဆွယ်တာတွေထဲက လေးထောင့်ငါးရာတန် ဆွယ်တာနှစ်ခုကို ယူ၍ ထုတ်ခိုင်းလိုက်၏။ ကောင်မလေးက စက္ကူအိတ်လေးထဲထည့်ပြီး သူ့ကိုပေးတော့ ငွေရှင်းရန် ပိုက်ဆံအိတ်ကိုနှိုက်လိုက်သည်။

သူ့မျက်နှာကို ရုတ်တရက်အံ့သြဟန်လုပ်လိုက်၏။ ပြီးတော့ မျက်လုံးကို တဖြည်းဖြည်းပြူးပြလိုက်သည်။ ကောင်တာမှ ကောင်မလေးက ကြောင်တောင်တောင်နဲ့ သူ့မျက်နှာကိုကြည့်နေစဉ် . . . .

"ဟာ . . . ဒုက္ခပဲ ကျွန်တော့်ပိုက်ဆံအိတ်ကျန်ခဲ့ပြီထင်တယ်"

"ရှင်"

"ဟို ကျွန်တော့် . . . ကျွန်တော့်မှာ ပိုက်ဆံအိတ်ပါမလာတော့ဘူး"

"အဲဒီတော့"

ကောင်မလေးက သူ့ကိုကြည့်ပြီးမေးတော့ . . . .

"အဲဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ ဟင်"

"မသိ . . . မသိဘူးလေ . . . အစ်ကို့ ပိုက်ဆံအိတ်က ဘယ်မှာကျန်ခဲ့တာလဲ"





သူ စဉ်းစားချင်ယောင်ဆောင်လိုက်ကာ . . .

"ဟိုတယ်မှာ ထင်တယ်ဗျ . . . အတိအကျတော့ မသိဘူး။ လမ်းမှာကျချင်လည်းကျသွားနိုင်တယ်"

ဒီစကားကိုတော့ အလက်ာကြားလောက်တဲ့ အသံလောက်ဖြစ်အောင် တမင်မြှင့်ပြောလိုက်သည်။ သူ့စကားကြောင့် အလက်ာလှည့်ကြည့်တာတွေ့ရ၏။ မိုးထက် အားတက်သွားကာ . . .

"ဒုက္ခပဲဗျာ . . . ကျွန်တော်ဒီအင်္ကျီအဆင်လေးတွေ သိပ်ကြိုက်တာဗျ ဘယ်လိုလုပ်ရမှန်းမသိတော့ဘူး"

ကောင်မလေးကလည်း သူ့ပုံကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားပုံရသည်။ သူ့အိုက်တင်ကလည်း အပိုအလိုမရှိကောင်းလှ၏။ ကောင်မလေးက

"အဲ . . . အဲဒါဆို ဟိုတယ်မှာ ပြန်ရှာကြည့်ပါလား။ တွေ့တော့ပြန်လာဝယ်ပေါ့"

အဲဒီလိုပြောမယ်ဆိုတာ သိပြီးသားပါ။ စာရေးဆရာပဲ ကိုယ့်ဇာတ်မှ ကိုယ်မပိုင်ရင် ဘယ်လုပ်ပါ့မလဲ။

"ပြန်လာတာကဟုတ်ပါပြီ။ တော်ကြာမရှိတော့ရင်ဘယ်လိုလုပ်မလဲ"

ကောင်မလေးက ခေါင်းကို ကုတ်လိုက်သည်။

"အဲဒါတော့ ကျွန်မလည်း မတတ်နိုင်ဘူး၊ ရှင်ပြန်လာမှာ သေချာရင်တော့ ခဏချန်ထားပေးပါ့မယ်။ ဒါပေမယ့် အကြာကြီးတော့မရဘူးနော် . . ။ ကျွန်မတို့ကလည်း ဆိုင်ရှင်မဟုတ်လို့ပါ။ တကယ်လို့ ရှင်ထွက်သွားတဲ့အချိန်ဝယ်သူတစ်ယောက်က ကြိုက်တယ်ဆိုရင် ရောင်းရမှာပေါ့။ ဒါပေမယ့် ကျွန်မခဏစောင့်ပေးပါ့မယ် . . . "

မိုးလက်က ခေါင်းကိုခါပြလိုက်၏။ ဒီအင်္ကျီမှယူမသွားရင် မဖြစ်ဘူးဆိုတဲ့သဘော . . . ။ ကောင်မလေးကတော့ ဘာမှဆက်မပြောတော့ပေ။

"ဒါဆို ခဏနော်"

မိုးထက်ပြောပြီး တစ်ဖက်ကောင်တာသို့ ခပ်တည်တည်ပင် ထွက်သွားပါတော့သည်။ တစ်ဖက်ကောင်တာမှာ အဝတ်အစားတွေနဲ့အလုပ်ရှုပ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလက်ာက မိုးထက်ကိုကြည့်နေ၏။ မိုးထက် အလက်ာ့ရှေ့မှာ ရပ်လိုက်ကာ. .

"ကျွန်တော့်ကို ပိုက်ဆံလေးတစ်သောင်းလောက် ခဏချေးပါလားဗျာ။ ကျွန်တော်ဒီကိုအလာ ပိုက်ဆံအိတ်မေ့ကျန်ခဲ့လို့ပါ . . အခု ဒုက္ခရောက်နေလို့"

အလက်ာက သူ့စကားကြောင့် ဆူဇီကိုငဲ့ကြည့်၏၊ ဆူဇီက သက်ပြင်းကိုချပြီး သူ့ကိုကြည့်ကာ . . .

"ရှင့် တွေ့လိုက်ရင် အရာရာနဲ့အကြောင်းကြောင်းပဲနော် . . . ဖြစ်လိုက်တိုင်းလည်း ကျွန်မတို့နဲ့ပဲတိုးတယ်"

'မိုးထက်' မျက်နှာကို ချက်ချင်းငယ်ပစ်လိုက်သည်၊ အသံကလည်း ချာဂျင်ကုန်နေတဲ့ ဓာတ်ခဲရေဒီယိုတစ်လုံးရဲ့အသံနဲ့ . . .

"ကျွန်တော် တော်တော်ဒုက္ခရောက်နေလို့ပါဗျာ . . . ကျွန်တော့်ကို အဲဒီလိုမပြောပါနဲ့"

အလက်ာက သူ့ပုံစံကိုကြည့်ကာ သနားသွားပုံရသည်။ ဆူဇီဘက်လှည့်ကြည့်ပြီး . . .

"ကဲပါ ဆူဇီရယ် . . . ပြောမနေပါနဲ့ ပေးလိုက်ပါ"

ဆူဇီက ဘာမှ ဆက်မပြောတော့သော်လည်း ကျေနပ်ပုံသိပ်မရ . . .

"ဒါဆို ခဏစောင့် ပိုက်ဆံအိတ်က ကားထဲမှာ သွားယူပေးမယ်"

သူ့မျက်နှာက ဝမ်းသာသွားဟန် ချက်ချင်းလုပ်ပစ်လိုက်သည်။

"ကျေး . . . ကျေးဇူးတင်လိုက်တာဗျာ။ တကယ် . . . တကယ်ပါ"

ဆူဇီလှည့်ထွက်သွား၏။ မိုးထက်က အလက်ာ့ကို ကြည့်ကာ . . .

"အလက်ာ့ကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင်မသိတော့ဘူးဗျာ တကယ်ပါ၊ ကျွန်တော့်အရှက်နဲ့သိက္ခာကို ကာကွယ်ပေးတဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ်"

အလက်ာ က . . .

"ရပါတယ်"

မိုးထက်လည်း အခွင့်အရေးလေးရတုန်း စကားတွေဆက်ပြောသည်။

"အလက်ာ အခုလာရိုက်တာ ရုပ်ရှင်လား၊ ဗွီဒီယိုလား ဟင်"





အလက်ာ က . . .

"DVD ပါ"

"ဩော် . . . ဒါနဲ့ မင်းသားက"

"ဘုန်းချိမ့် နဲ့ပါ"

"ဩော် . . . သူနဲ့အလက်ာက အတွဲညီတယ်နော် . . အမြဲတမ်း သူနဲ့တွဲတွဲရိုက်တာ သတိထားမိတယ်"

အလက်ာက ပြုံးလိုက်သည်။

"သူနဲ့က အပြင်မှာလည်း သူငယ်ချင်းတွေလေ၊ အဲဒါဆိုတော့ အပေးအယူ ပိုတည့်တယ်လို့ပြောရမှာပေါ့၊ ဒါပေမယ့် အလက်ာက ဘယ်မင်းသားနဲ့မဆို တွဲဖြစ်ပါတယ် . . . ဒါပေမယ့် သူနဲ့တော့ ပိုများတာပေါ့"

မိုးထက်က စကားဆက်ဖို့လုပ်ပြန်သည်။ သို့သော် မပြောဖြစ်လိုက်တော့၊ သူပြောမလို့လုပ်စဉ် ဆူဇီက ပျာရီးပျာယာပြန်ရောက်လာသောကြောင့် ဖြစ်၏။

"အဲဒါမှ ပြဿနာပဲ အလက်ာ . . ဆူဇီ ပိုက်ဆံအိတ်ယူမလာမိဘူး"

"ဟင်"

အလက်ာက ဆူဇီ့စကားကြောင့် မျက်လုံးပြူးသွားကာ . . .

"ဘယ် . . . ဘယ်လိုဖြစ်တာလဲ"

"ဆူဇီစိတ်ထဲမှာ ပိုက်ဆံအိတ်ဆွဲထွက်လာတယ်လို့ ထင်လိုက်တာ ဒါပေမယ့် လောလော လောလောနဲ့ထွက်လာတော့ သတိမထားမိလိုက်ဘူး"

အလက်ာ သက်ပြင်းကိုချလိုက်သည်။ မိုးထက်က ဘာလုပ်လို့လုပ်ရမှန်း မသိတော့၊ သူ ပိုက်ဆံအိတ်ချထားခဲ့တဲ့နေရာကို မသိမသာလှမ်းကြည့်လိုက်မိသည်။ ပြောင်ရှင်းနေသော သံမံတလင်းကြောင့် ရင်ထဲမှာဒိန်းခနဲခုန်သွားမိ၏။ သူ့ ပိုက်ဆံအိတ် ဘယ်သူကောက်သွားလဲ မသိတော့ပေ . . .။

အခုမှ အလက်ာရောသူပါ ဒုက္ခရောက်ပြီ . .။

တကယ်တမ်းတွေး ကြည့်ရင် သူကဒုက္ခပိုရောက်သည်။ အလက်ာက မင်းသမီးဆိုတော့ ဆိုင်ကကောင်မလေးတွေက နောက်မှလာပေးဆိုပြီး ဝယ်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ဟာတွေ ယူသွားခိုင်း၏။

သူ့ကိုတော့ . . .

"ဒါဆို အစ်ကိုပြီးရင် လာပြန်ယူလေ၊ ကျွန်မတို့ ဒီဆွယ်တာနှစ်ထည်ကို မရောင်းဘဲ ခဏစောင့်ထားပေးမယ်"

သူ ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်နေစဉ် အလင်္ကာက . . .

"သူ့ကိုပါ ပေးလိုက်ပါ။ အလင်္ကာတာဝန်ယူပါတယ် . . . သူက အလင်္ကာတည်းနေတဲ့ ဟိုတယ်မှာပဲတည်းတာလေ . . . အလင်္ကာသိပါတယ်"

သူကျေးဇူးတင်တဲ့အကြည့်နဲ့ အလင်္ကာ့ကိုကြည့်လိုက်မိ၏။ မင်းသမီးဆိုပြီး မာန်မာနမထားသော အလင်္ကာ့ကိုပထမဆုံးအကြိမ်စိတ်ထဲ၌ ကြိတ်ပြီးလေးစားသွား၏။

ထို့နောက် ကောင်မလေးထုတ်ပေးတဲ့ ဆွယ်တာအိတ်ကိုယူ၍ သူထွက်ခဲ့လိုက်ပါတော့သည်။

သူ ဒီနေ့သုံးသောင်းနီးပါးဆုံးရှုံးသွားသည်။ သို့သော် အဲဒီ့တန်ဖိုးထက်များတဲ့ အကျိုးအမြတ်တွေရလိုက်၏။

အခုဆို အလင်္ကာနဲ့ခင်မင်ခွင့်ရသွားပြီ . . .။ ဒီကိစ္စကိုအကြောင်းပြုပြီး ဇာတ်လမ်းတွေဆက်လို့ရပြီ . . .။ အလင်္ကာက စိတ်ထားဖြူစင်ပြီး ပွင့်ပွင့်လင်းလင်းလည်းရှိ၏။

သူ ဟိုတယ်ပြန်လာရင်းနှင့် ဆိုင်ကယ်ပေါ်မှာ စဉ်းစားလာသည်။

ဒီနေ့ ဇာတ်လမ်းကိုတော့ ပြန်ရောက်တာနှင့် ချက်ချင်းရေးမှရမည်။ ဇာတ်လမ်း၊ ဇာတ်ကွက်လေးကလည်း သူထင်ထားတာထက်တောင် ပိုကောင်းသွားပါတော့သည်။





ဒီနေ့ ရှုတင်ကို ကန်တော်ကြီး(ရုက္ခဗေဒဥယျာဉ်)ထဲမှာ တည်မှာဖြစ်သည်။ ဒါရိုက်တာက မနက်(၈)နာရီကတည်းက စီစဉ်စရာရှိတာစီစဉ်ဖို့ ထွက်သွား၏။ အလင်္ကာကတော့ (၁၀)နာရီမှ ကန်တော်ကြီးကိုသွားမည်။ ထို့ကြောင့် အိပ်ရာမှ အေးအေးဆေးဆေးထ၍ ရေမိုးချိုးပြီးမှ (Breakfast) ဆင်းစားဖို့ တွေးထားလေသည်။

"အလင်္ကာ ဒီနေ့ ဘာဝတ်မလဲ"

ဆူဇီ့စကားကြောင့် အလင်္ကာလှမ်းကြည့်ကာ . . .

"မနေ့က အခန်းပဲဆက်ရိုက်မယ်လို့ပြောတယ် . . .။မနေ့က အဝတ်အစားပဲ ပြန်ဝတ်မယ်လေ။ ဒါပေမယ့် လိုရမယ်ရ နှစ်စုံလောက်တော့ ထည့်ခဲ့ရမယ်"

ဆူဇီက ခေါင်းညိတ်ကာ ဝတ်စုံတစ်စုံထုတ်ပြီး ခုတင်ပေါ်တင်လိုက်၏။

"ဒီမှာတင်ထားတယ်နော် . . . ရေချိုးပြီးရင် တစ်ခါတည်းဝတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



အလက်ဲ့ာက ခေါင်းညိတ်ကာ ရေချိုးခန်းထဲဝင်သွားသည်၊ ဆူဇီက လုပ်စရာရှိတာ ဆက်လုပ်ပြီးနောက် အဝတ်အစားလဲ၏။

ထိုအချိန်တွင် 'မိုးထက်' က (Dinning Room) မှာ ငုတ်တုတ်ကြီး ထိုင်နေသည်။ မနက်(၇)နာရီကတည်းကထိုင်နေခြင်းဖြစ်၏။ ထုံးစံအတိုင်း အလက်ဲ့ာတို့ကို စောင့်နေခြင်းဖြစ်သည်။ ဒီနေ့ ဇာတ်လမ်းကို ဘယ်လိုဆင်မယ် ဆိုတာတော့ အခုထိမစဉ်းစားရသေးပေ။ မီးစင်ကြည့်ကဖို့သာ ဆုံးဖြတ်ထား၏။ 'မိုးထက်' အလက်ဲ့ာ့အခန်းရှိရာ ဝရန်တာဘက်ကို ငေးနေမိသည်။ သူထိုင်နေတာ တစ်နာရီကျော်ပြီ၊ အခုထိ အလက်ဲ့ာရဲ့ လှုပ်ရှားမှုကို မမြင်မိသေး။ ရှုတင်မသွားသေးဘူး ဆိုတာတော့ သူသိသည်။ ခုနက ဒါရိုက်တာကို ပျာရီးပျာယာနဲ့ တွေ့လိုက်မိသည်။ မနက်စာကို ကျားလိုက်သလို ကသုတ်ကရုတ်စားပြီး ထွက်သွား၏။

အလက်ဲ့ာရဲ့ အရိပ်အခြေကိုတော့ အခုထိမမြင်မိသေး။ မိုးထက် တွေးရင်းနဲ့ သက်ပြင်းချမိသည်။ ဒီနေ့ဘာတွေဖြစ်လာဦးမည် သူမသိသေး။ ထိုအချိန်မှာပင် အလက်ဲ့ာနဲ့ဆူဇီအခန်းထဲက ထွက်လာတာကို တွေ့လိုက်ရလေသည်။ 'မိုးထက်' ရင်ထဲမှာ တစ်ချက်လှုပ်ရှားကာသွား၏။

အလက်ဲ့ာတို့နဲ့တွေ့ရင် ဘာစပြောရမလဲ။ မနေ့က ဆွယ်တာနှစ်ထည်ဖိုး အာမခံပေးတာကို ကျေးဇူးတင်ကြောင်း ပြောရကောင်းမလားဟု စဉ်းစားနေ၏။ သူ စဉ်းစားနေစဉ်မှာပင် အလက်ဲ့ာတို့ Dinning Room ထဲ ဝင်လာလေသည်။ ဝင်ဝင်ချင်း မိုးထက်ကို ဆူဇီက အရင်တွေ့သွား၏။ မိုးထက် အလိုလို ပြုံးပြရက်သား ဖြစ်သွားသည်။ ဆူဇီကလည်း အသိအမှတ်ပြုသလို ပြုံးတုံ့တုံ့ အမူအရာပြန်လုပ်ပြသည်။

မိုးထက် အားတက်သွား၏။ အလက်ဲ့ာက မိုးထက်ကို မျက်လုံးတစ်ချက် စွေကြည့်လိုက်သည်။ အဲဒီအကြည့်တစ်ချက် ဆုံမိတဲ့အချိန်ကိုပဲ အခွင့်အရေးအဖြစ်အသုံးချကာ . . .

"အလက်ဲ့ာ Morning ပါ"

"ဟုတ်ကဲ့ Morning ပါ"





အလက်ဲ့ာပြန်နှုတ်ဆက်ပြီးတော့ ထိုင်ခုံမှာ ထိုင်လိုက်စဉ် မိုးထက် အလက်ဲ့ာဘေးနားသွားရပ်ပြီးတော့ . . .

"အလက်ဲ့ာ ဒီနေ့ရိုက်ကွင်းမသွားဘူးလား ဟင်"

အလက်ဲ့ာက ခေါင်းညိတ်ပြကာ . . .

"သွားမယ် (၁၀)နာရီကျမှ"

"ဩော်"

မိုးထက် စကားကို ဘယ်လိုဆက်ရမလဲ အပြေးအလွှားစဉ်းစားလိုက်သည်၊ ခေါင်းထဲကို အစီအရီပေါ်လာတဲ့ စကားလုံးတွေက တပုံကြီးဖြစ်နေသော်လည်း သင့်တော်မယ့် စကားတစ်ခုကိုစသုံးရန် ရွေးချယ်လိုက်လေသည်။

"အလက်ဲ့ာတို့ ဒီမှာ ဘယ်လောက်ကြာဦးမှာလဲဟင်"

အလက်ဲ့ာက စဉ်းစဉ်းစားစားပုံစံလုပ်၍ . . .

"တစ်လလောက်တော့ ကြာမယ်။ ပုံသေတော့ ပြောလို့မရသေးဘူး"

မိုးထက်က ခေါင်းကိုညိတ်ပြ၍ . . .

"ဩော် . . . ဒါဆို တော်တော်ကြာဦးမှာပဲ"

"ဒါနဲ့ ကိုမိုးထက်က ဒီကိုအလည်သက်သက်ပဲလား"

အလက်ဲ့ာကပြောတာမဟုတ်ပါ ဆူဇီကပြောလိုက်တာပါ။ မိုးထက် ခေါင်းကိုချက်ချင်းညိတ်ပြ၍ . . .

"ဟုတ်ကဲ့ အလည်သက်သက်ပဲတော့ မဟုတ်ပါဘူး။ ဒီမှာ ကိစ္စလေး တစ်ခုလည်းရှိလို့လာတာပါ . . . အဲ . . . ကျွန်တော်လည်း ဒီမှာတစ်လလောက်တော့ ကြာလိမ့်မယ်ထင်တယ်"

အလက်ဲ့ာက မိုးထက်ကို မျက်လုံးလှန်ကြည့်ပြီး . . .

"ကိုမိုးထက်က ရန်ကုန်ကပဲလား"

"ဟုတ်ကဲ့ ကျွန်တော် ရန်ကုန်ကပါပဲ"

ဆူဇီက မိုးထက်ကို မတ်တပ်ကြီးဖြစ်နေ၍ သူတို့စားပွဲမှာပဲ ထိုင်ခိုင်းသည်။ မိုးထက်ကလည်း အရင်ကတည်းက ဘယ်အချိန် အဲဒီလိုပြောမလဲ စောင့်နေသူဖြစ်၍အတော်ဖြစ်သွား၏။ ထို့နောက် သူတို့စကားဆက်ပြောကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"အလက်ာတို့ ရှုတင်က ဒီနေ့ဘယ်မှာတည်မှာလဲ"

"ကန်တော်ကြီးမှာပါ"

မိုးထက်က ခေါင်းညိတ်၍ . . .

"ကျွန်တော် ရုပ်ရှင်ရိုက်ကွင်းတွေတစ်ခါမှမကြည့်ဖူးပါဘူး . . . ဒါပေမယ့် တော်တော်စိတ်ဝင်စားဖို့ကောင်းမယ်လို့တော့ ထင်တယ်"

စကားလမ်းကြောင်းတစ်ခု လုပ်ပေးလိုက်ခြင်းဖြစ်၏။ ဟိုဘက်က ထွက်လာမယ့် စကားပေါ်မူတည်၍ လိုသလိုအသုံးပြုသွားမည်ဟု ထင်ထားသည်။ သူထင်တဲ့အတိုင်းပဲ အလက်ာက . . .

"မမြင်ဖူးရင်လိုက်ကြည့်ပါလား . . ဟို အားမယ်ဆိုရင်ပါ။ အလက်ာတို့အတွက်တော့ ဒီလိုရိုက်ကွင်းတွေက နေ့တိုင်းကြုံနေရတော့ အထူးအဆန်းတော့ မဟုတ်တော့ဘူးလေ"

မိုးထက်မျက်နှာသည် လေဝသွားသော ကျွတ်တစ်လုံးလိုချက်ချင်း ဖောင်းတက်သွားကာ . . .

"ဟား . . . ကျေးဇူးတင်လိုက်တာဗျာ . . အဲဒါဆို ကျွန်တော်လိုက်ကြည့်မယ်နော်"

အလက်ာက မိုးထက်ကိုကြည့်ပြီး ပြုံးလိုက်ကာ . . .

"လိုက်ကြည့်ပါ . . ရှုတင်ဆိုတာကတော့ Out Door ရိုက်ရင်သိတဲ့အတိုင်းပဲ ဘယ်သူမဆိုလာရပ်ကြည့်ကြတာပဲလေ၊ ကိုမိုးထက်တစ်ယောက် တိုးလာလို့ အလက်ာဘက်က ဘာအနှောင့်အယှက်မှမဖြစ်ပါဘူး"

'မိုးထက်' ထိုစကားရဲ့သဘောကို ချက်ချင်းနားလည်လိုက်သည်။ သူလာကြည့်လို့ ဘာမှထူးခြားမှုမရှိကြောင်း၊ သူ့ကို အထူးတလည်ဖိတ်ခေါ်နေခြင်းမဟုတ်ကြောင်း မင်းသမီးတစ်ယောက်အနေနှင့် လိမ်မာပါးနပ်စွာ သိက္ခာထိန်းလိုက်ခြင်းဖြစ်သည်။ မိုးထက် ရင်ဘတ်ထဲမှာ ပြုံးပစ်လိုက်သည်။ မင်းသမီးတစ်ယောက်ကို သွားပတ်သက်မိမှတော့ ဒီလောက်တော့ခံရမည်ဆိုတာ တွက်ထားပြီးသား . . ။ ထို့ကြောင့် ရုပ်ကိုအားငယ်သွားတဲ့ပုံစံမျိုးဖြစ်အောင် ချက်ချင်း





လုပ်ပစ်လိုက်ကာ . . .

"ဘယ်လိုပဲဖြစ်ဖြစ်ပါဗျာ . . ကျွန်တော်ကတော့ အလက်ာ့ရှုတင်ကို ကြည့်ခွင့်ကြုံတဲ့အတွက် အရမ်းပျော်မိပါတယ်။ ပြီးတော့ ဂုဏ်လည်းယူမိတယ်။ ကျွန်တော့်လို သာမန်လူတစ်ယောက်ကိုလည်း အလက်ာ့လို နိုင်ငံကျော်မင်းသမီးတစ်ယောက်က အခုလိုတူတူတန်တန် ပြန်ဆက်ဆံတာတွေ့ရတော့ ဖော်မပြနိုင်လောက်အောင် ဝမ်းသာမိပါတယ်"

သူ့စကားလည်းဆုံးရော အလက်ာ သူ့ကိုငေးသွား၏။ သူ့ရင်ထဲမှာ ကြိတ်ပျော်သွားသည်။ အခုပြောလိုက်တဲ့ ဒိုင်ယာလော့ကိုလည်း သေချာမှတ်ထားပြီး ညကျရေးမယ့်ဇာတ်ကွက်ထဲမှာထည့်သုံးရမည်ဟု မှတ်ထားလိုက်သည်။ အလက်ာက သက်ပြင်းကိုချကာ . . .

"ကျွန်မတို့ အနုပညာသမားတွေဆိုတာ ဘယ်လိုလူမျိုးကိုမဆို ကိုယ့်ပရိသတ်အနေနဲ့ဆက်ဆံတဲ့အခါ ဒီလိုပဲပြန်ဆက်ဆံရပါတယ် . . . ကိုမိုးထက်မှ မဟုတ်ပါဘူး . . . ကိုမိုးထက်နေရာမှာ ဘယ်သူ့ကိုမဆို အလက်ာဒီလိုပဲ ဆက်ဆံမိမှာပဲ"

"အလက်ာ့အတွက်တော့ ဒါဟာ ပုံမှန်ဆက်ဆံရေးတစ်ခုဖြစ်ပေမယ့် ကျွန်တော့်အတွက်တော့ ကမ္ဘာတစ်ခုပါ။ ဘာပဲဖြစ်ဖြစ် အရမ်းပျော်တယ်ဗျာ"

စကားဆုံးတော့ ဆူဇီကဝင်၍ . . .

"ပျော်ပါ . . ပျော်ပါ . . မပျော်ပါနဲ့လို့ ဘယ်သူမှမတားပါဘူးရှင့်"

မိုးထက် ရှက်ရယ်ရယ်ပြီး ခေါင်းငုံ့သွား၏။ ဆူဇီရော အလက်ာပါ မိုးထက်ပုံကိုကြည့်၍ ရယ်လိုက်ကြသည်။ မိုးထက်လည်း ရောယောင်ကာ သူတို့နဲ့လိုက်ရယ်မိ၏။ အားလုံးရင်ထဲမှာတစ်ခဏတော့ပေါ့ပါးကာသွားကြလေသည်။

ဘာပဲဖြစ်ဖြစ် မိုးထက်ရဲ့ကြိုးစားမှုက တော်တော်အရာရောက်သွားတယ် လို့တော့ပြောလို့ရသည်။ အခြေအနေတိုးတက်မှုဂရပ်က တဖြည်းဖြည်း မြင့်တက်လာတာတွေ့ရသည်။ အခုဆို အရင်ကထက်ခင်မင်မှုပိုသွားပြီဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုတင် မှာ ဝိုင်းကြည့်နေတဲ့ လူတော်တော်များ၏၊ ပထမတော့ ပြောပလောက်အောင်မများသေး၊ ပုံမှန် ဖြတ်သွားဖြတ်လာ လောက်သာ ဝင်ကြည့်နေသူရှိသော်လည်း မင်းသား၊ မင်းသမီးမရောက်သေး၍ ဟိုယောင်ယောင်၊ ဒီယောင်ယောင်လုပ်ပြီး ပြန်ထွက်သွားကြလေသည်။

သို့သော် ရှုတင်ကိုအလက်ာရောက်လာပြီးတဲ့နောက်ပိုင်း ထန်းလျက်ခဲကို ပုရွက်ဆိတ်တွေ ဝိုင်းအုံသလို လူတွေအုံခဲကုန်လေသည်။ ထို လူအုပ်တွေကြားမှာ မိုးထက်လည်းပါသည်။ သူက လူအုပ်ရဲ့ရှေ့ဆုံးမှာ နေရာရသည်။ သူ့ဘေးနားမှာ ရုပ်ရှင်ရိုက်တာကို တိုက်ရိုက်ပြန်လည်ကြည့်ရတဲ့ မော်နီတာ (ခေါ်) TV အသေးစားလေးရှိသည်။ ဒါရိုက်တာက မော်နီတာရှေ့မှာ ထိုင်ခုံနဲ့ထိုင်ပြီး ကင်မရာမင်းတွေကို စီစဉ်စရာရှိတာတွေ စီစဉ်ညွှန်ကြားနေ၏။

အားလုံးအဆင်သင့်ဖြစ်တော့ . . .

"ဂဲ . . စမယ် မင်းသမီးကိုသွားပြော စမယ်လို့"

ရှုတင်မန်နေဂျာက မင်းသမီးရှိတဲ့ဘက် ပြေးထွက်သွား၏။ အလက်ာရှေ့ရောက်တော့ . . .





"အလက်ာ . . . ဆရာက စမယ်တဲ့"

"မင်းသား မရောက်သေးဘူးလို့ သွားပြောလိုက်ဦး . . အလက်ာက တော့ အဆင်သင့်ပဲ"

ရှုတင်မန်နေဂျာက မျက်နှာတစ်ချက်ပျက်သွားကာ . . .

"မင်းသားရောက်ပါပြီ . . . ခုနကတောင် တွေ့သေးတယ်"

အလက်ာက ခေါင်းခါလိုက်ကာ . . .

"အလက်ာရောက်တော့ မတွေ့မိပါဘူး"

ရှုတင်မန်နေဂျာ ခေါင်းခြောက်သွားသည်။ မင်းသားပျောက်တဲ့ကိစ္စကို မသိရကောင်းလားဆိုပြီး ဒါရိုက်တာက သူ့ကိုထောင်းပေတော့မည်။ ဒီမင်းသားကလည်း အရေးရယ် အကြောင်းရယ်ဆို ဘယ်ထွက်သွားမှန်းမသိ . . .။ ဒါကြောင့် မင်းသမီးဘေးနားမှာ မိတ်ကပ်ဘူးနဲ့ အလုပ်ရှုပ်နေတဲ့ တေးတေးဘက်ကို လှည့်၍ . . .

"ဟဲ့ . . . တေးတေး မင်းသားဘယ်ထွက်သွားလဲ သိလား"

တေးတေးက ရှုတင်မန်နေဂျာဘက်လှည့်ပြီး မျက်စကိုချီလိုက်ကာ. .

"အမလေး . . . ဒီမှာ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာပါနော် . . . ဘယ်မင်းသားမှ လိုက်မကြည့်အားဘူး"

"နင့်ကို လိုက်ကြည့်အားတာတွေ ဘာတွေမေးနေတာမဟုတ်ဘူး . . . မင်းသားဘယ်ထွက်သွားလဲဆိုတာတွေ့မိလား မေးတာ"

တေးတေးက ဘာမှပြန်မပြောတော့ဘဲ ခေါင်းသာခါပြသည်။

ရှုတင်မန်နေဂျာက မီးထိုးမှန်ထိုးကအစ ကရိန်းအဖွဲ့အဆုံး တွေ့တဲ့လူ လျှောက်မေးကြည့်သည်။ ဘယ်သူမှ မင်းသားဘယ်ထွက်သွားမှန်း သိသူမရှိပေ။ ရှုတင်မန်နေဂျာမျက်နှာသည် တူနဲ့ထုခံလိုက်ရတဲ့ ဗာဒံသီးလို ရုပ်ပျက်ဆင်းပျက်ဖြစ်သွား၏။ ထိုအချိန်မှာပဲ ဒါရိုက်တာက သူ့ကိုလှမ်းခေါ်သံကြားလိုက်ရလေသည်။

"ချစ်တီး ဘာဖြစ်နေတာလဲကွာလုချေလား။ မင်းဘိုးအေ လိုက်တင်က လိုချင်တဲ့အချိန်ရတယ်များထင်နေလား"



www.burmeseclassic.com

www.burmeseclassic.com



ရှူတင်မန်နေဂျာ ခေါင်းကိုကုတ်လိုက်သည်။ မတတ်သာတော့တဲ့ အဆုံးဖြစ်ရပ်ကို အမှန်အတိုင်းသွားပြောရတော့သည်။

"မဟုတ်ဘူးဆရာ ဒီမှာ မင်းသားမရှိတော့ဘူး"

"ဟေ"

ဒါရိုက်တာ မျက်လုံးပြူးသွား၏။

"မင်းသားက ဘယ်ရောက်သွားလို့လဲ"

ရှူတင်မန်နေဂျာက ခပ်ရွံ့ရွံ့ခေါင်းခါပြကာ . . .

"ကျွန်တော်လည်း အလုပ်ရှုပ်နေတာနဲ့ သတိမထားမိလိုက်ဘူး ဆရာ၊ ပြီးတော့ တွေ့တဲ့လူလိုက်မေးကြည့်တော့လည်း ရေရေရာရာဘယ်သူမှမသိကြဘူး"

ဒါရိုက်တာ ကိုယ့်နဖူးကိုယ်ရိုက်ပစ်လိုက်လေသည်။

"သေလိုက်ပါတော့ကွာ . . . လိုက်တင်လေးရှိတုန်း ရိုက်ရမှာကွ . . သွားစမ်း ဟိုကောင်ရှမ်းလေးကိုသွားခေါ်စမ်း"

"ရှမ်း . . ရှမ်းလေးလည်း မတွေ့မိဘူးဆရာ"

ဒါရိုက်တာမျက်လုံးက ပိုပြူးကာသွား၏။ ရှမ်းလေးဆိုတာ မင်းသားရဲ့တပည့်ဖြစ်သည်။ အခုတော့ ဆရာလည်းပျောက်နေသလို တပည့်လည်း ဘယ်မှာရှာရမှန်းမသိတော့ . . . အရေးထဲ မင်းသမီးကလည်း တကျီကျီ . . . ။

"ဆရာ . . . အလင်းကျမ်းလာပြီ။ ဒီအကျီလေးကပါးတော့ ခဏလဲထားလိုက်ရင်ကောင်းမယ်"

ဒါရိုက်တာခမျာ အခုမှဘေးကျပ်နံကျပ်ဖြစ်ပြီ။ မင်းသားဘယ်သွားမှန်းမသိတဲ့အပြင်၊ မင်းသမီးကလည်း အကျီလဲဖို့ပြင်ဆင်နေပြန်ပြီ . . ။ တော်ကြာ မင်းသမီးအကျီလဲပြီးမှ မင်းသားပြန်ရောက်လာရင် အကျီတစ်ခါပြန်လဲရဦးမည်။ အနည်းဆုံး မင်းသမီးအကျီနှစ်ခါလဲတာနှင့် တစ်နာရီလောက် ထပ်ကြာသွားနိုင်၏။ ဒီကြားထဲ မလဲခိုင်းပြန်ရင်လည်း အအေးပတ်ပြီးဖျားရင် ကိုယ်ကျိုးနည်းဦးမည်။

ဒါရိုက်တာ ဘယ်လိုဆုံးဖြတ်ချက်ချရမှန်းမသိ ဖြစ်နေစဉ်မှာပင် . . .





"မင်းသားလာပြီ"

ရှူတင်အဖွဲ့ထဲက ဘယ်သူအော်လိုက်မှန်းမသိသော်လည်း ဒါရိုက်တာ ရင်ထဲမှာ ပေါ့ခနဲဖြစ်သွားလေတော့၏။ ခဏကြာတော့ မင်းသားက ရယ်ဖြဲဖြဲနှင့် ဒါရိုက်တာနားသို့လျှောက်လာ၍ . . .

"ဗိုက်ဆာလို့ ရှမ်းခေါက်ဆွဲသွားစားတာ ဆရာ . . . စတော့မလား"

ပထမတော့ မင်းသားကိုပြောမသွားလို့ အပြစ်ဆိုရန်တွေးထားသော်လည်း အပြစ်ဆိုလိုက်ရင် ဗိုက်ပြန်ဆာသွားမှာစိုး၍ မသိချင်ယောင်ပဲဆောင်နေလိုက်ပါတော့သည်။ ထို့နောက် လိုအပ်တဲ့အိုက်တင်တွေကို မင်းသားနဲ့ မင်းသမီးကိုခေါ်၍ ဒါရိုက်တာက မှာကြား၏။

မိုးထက်က အလင်္ကာကိုကြည့်ပြီး သနားနေမိသည်။ အလင်္ကာမှာ အကျီပါးပါးလေးနှင့် တော်တော်ချမ်းနေပုံရသည်။ တစ်ချက်တစ်ချက် လက်ကလေးနှစ်ဖက်ပွတ်ပြီး တုန်တုန်သွားတာတွေ့ရ၏။ ဇာတ်ရဲ့သဘောအရ ဒီအခန်းမှာ ဒီအကျီဝတ်ရမှာဖြစ်၍သာ သူ့ခမျာ သည်းခံနေရတာဖြစ်သည်။ ဒီလိုချမ်းတဲ့ရာသီမှာတော့ မစားသာပေ။

"ကဲ . . . လာကြည့်နေကြတဲ့ ပရိသတ်ကြီးလည်း ကျွန်တော်တို့ကို ကူညီတဲ့အနေနဲ့ ခဏငြိမ်ပေးကြပါနော် . . ကဲ . . စမယ် . . . ဝမ်းတူးသရီး အက်ရှင်"

ပြောပြီး ဒါရိုက်တာက လက်ခုပ်တစ်ချက်တီးချလိုက်တော့သည်။ ဒါရိုက်တာ လက်ခုပ်တီးသံပြီးနောက် ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်ကာသွားလေသည်။ ပရိသတ်တွေကလည်း မင်းသားနဲ့မင်းသမီးအမူအရာတွေကို ငေးမောရင်းမျောသွားကြလေတော့သည်။

မိုးထက်လည်း အလင်္ကာတို့ကို ငေးမောကြည့်နေစဉ်မှာပင် . . .

"ဟာ ဆရာရယ် တူပါတယ်လို့ကြည့်နေတာ ဒါ ဆရာ့ရိုက်ကွင်းလား"

ရုတ်တရက် သူ့လက်မောင်းကိုလှမ်းဆွဲလိုက်တဲ့ လူတစ်ယောက်ကြောင့် မိုးထက် ကြောင်တောင်တောင်ဖြစ်သွား၏။

လှည့်ကြည့်လိုက်တော့ အသားမည်းမည်း၊ ခါးကိုင်းကိုင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် . . .။ သူ အူကြောင်ကြောင် နဲ့ကြည့်နေစဉ် . . .

"ဆရာ ကျွန်တော့်ကို မမှတ်မိဘူးထင်တယ် . . . ဟိုတစ်ခါ ဆရာ မန္တလေးလာတုန်းက ကျွန်တော်တို့ ကဗျာဆရာတစ်ယောက်အိမ်မှာဆုံဖူးတယ်လေ . . . အဲဒီတုန်းကတောင် ကျွန်တော်တို့တွေ စာပေအကြောင်းဆွေးနွေးဖြစ်သေးတယ်"

ပြဿနာတော့စပြီ ဆိုတာသိလိုက်ပြီ။ သူနေရာက ဒါရိုက်တာထိုင်နေတဲ့အနီးဆုံးမှာရှိနေ၍ ဒါရိုက်တာက တစ်ချက်လှည့်ကြည့်၏။ လာနှုတ်ဆက်တဲ့လူက ဒါကိုမသိဘဲ . . .

"ဆရာ သိပ်မမှတ်မိသေးဘူးထင်တယ် . . . အင်းပေါ့လေ ဆရာတို့လို ဘက်ဆဲလ်လားစာရေးဆရာတွေမှာ . . ."

ထိုလူဆက်ပြောတဲ့စကားကြောင့် 'မိုးထက်' ရင်ထဲမှာဒိန်းခနဲဖြစ်သွားပြီး . . .

"ဟာ . . . မှတ် . . . မှတ်မိပါတယ်ဗျာ . . . လာ လာ . . ဟိုဘက်မှာ စကားသွားပြောကြရအောင် ဒီနေရာက ရိုက်ကွင်းဖြစ်နေတယ်ဗျ"

သူတို့နှစ်ယောက် ပြောဆိုနေကြတာကို ဒါရိုက်တာက ရှုသိုးသိုးနဲ့ကြည့်ပြီး . . .

"ဟေ့လူတွေ ပြောချင်ရင်လည်း ဟိုဘက်နားမှာသွားပြောကြပါလားဗျာ . . . ဒီမှာ အချိန်နဲ့အလုပ်လုပ်နေရလို့ပါ တောင်းပန်ပါတယ်"

အဲဒီအချိန်မှာပဲ သူတို့ပြဿနာတွေကိုကြည့်ပြီး မင်းသားနဲ့မင်းသမီးလည်း ခဏရပ်သွားကြ၏။ အလက်ာက မိုးထက်ကိုလှမ်းကြည့်သည်၊ သူ့ကြောင့် ရှုတင်ရပ်လိုက်ရခြင်းအတွက် မိုးထက် အားနာကာသွား၏။ သို့သော် ဒီလိုဖြစ်လာအောင် သူတမင်ကကာရည်ရွယ်ပြီး လုပ်တာမဟုတ်၊ ပြီးတော့ စာရေးဆရာမှန်း ဒီကလူတွေဘယ်နည်းနဲ့မှသိလို့မဖြစ် . .။ ထို့ကြောင့် . . .

"ဟုတ်ကဲ့ပါဗျာ ကျွန်တော်အားလုံးကိုတောင်းပန်ပါတယ်။ ဒီမှာလည်း ကျွန်တော့်အသိနဲ့က ရုတ်တရက်တွေ့လိုက်လို့ နှုတ်ဆက်ဖြစ်သွားတာပါ"

ဆိုပြီး ဟိုလူ့လက်ကိုဆွဲကာ အမြန်ထွက်ခဲ့ရတော့၏။ ဒါတောင် သူ့





ကို လာနှုတ်ဆက်တဲ့လူက ဒါရိုက်တာကို ဒီလိုမောင်းထုတ်ရမလားဆိုပြီး . . .

"ခင်ဗျား ကျွန်တော့်ဆရာကိုဘာထင်နေလို့လဲ"

တွေ၊ ဘာတွေသွားလုပ်နေသေး၍ မနည်းလက်ကုတ်ထား လိုက်ရပါသည်။

ကိုယ်တော်ချောက သူနောက် ရှောရှောရှုရှုပါလာ၍တော်ပေသေးသည်။ ပန်းခြံအပြင်ဘက်ရောက်တော့မှ 'မိုးထက်' သက်ပြင်းကိုချလိုက်မိ၏။ တော်ပါသေးသည်။ ပေါ်မသွားလို့ . . .



www.burmeseclassic.com

www.burmeseclassic.com


"ဆရာက ဒီကိုဘာလာလုပ်တာလဲ ဟင်"

ကဗျာဆရာဆိုသူက ပြောသည်။ 'မိုးထက်' က လက်ဖက်ရည်ကို တစ်ငုံ ငုံလိုက်ပြီးမှ . . .

"အလည်သက်သက်ပဲဆိုပါတော့ဗျာ . . . ကန်တော်ကြီးပန်းပွဲတော်လည်း လာရင်းနဲ့ပေါ့"

ကဗျာဆရာက ခေါင်းညိတ်ပြ၍ . . .

"လိုအပ်တဲ့ အကူအညီရှိရင် ကျွန်တော့်ကိုပြောပါ၊ ကျွန်တော်တို့က အိမ်ရှင်ပဲဗျာ ရောက်တုန်းရောက်ခိုက် ကူညီချင်လို့ပါ"

မိုးထက် ပြုံးပြရင်းခေါင်းညိတ်ပြလိုက်၏။ ကဗျာဆရာကပဲ သူ့ကို ဆက်ပြောသည်။

"ဆရာ အခုဘယ်မှာတည်းလဲ"

"ဒေလီယာမိုတယ်မှာပါ"

"ဟုတ်လား အဲဒါဆို ညနေကျွန်တော်လာခဲ့မယ်လေ"

မိုးထက်ခေါင်းခါလိုက်ကာ . . .





"ညနေ ကျွန်တော်ကိစ္စလေးတစ်ခုရှိလို့ဗျ . . . ဟိုတယ်မှာ မရှိဘူး"

အမှန်တော့ သူ့မှာ ဘာကိစ္စမှထွေထွေထူးထူးမရှိပါ။ ကဗျာဆရာကို မလာစေချင်၍ဖြစ်သည်။ ဒီအချိန်မှာ သူ့အတွက် သိုသိုသိပ်သိပ်နေတာ အကောင်းဆုံးဖြစ်၏။ သူ့ကိုကြည့်၍ ကဗျာဆရာကပြုံးကာ . .

"ဆရာ့ပုံစံကြည့်ရတာ ကျွန်တော့်ကို အားနာနေတယ်ထင်တယ်"

"ဟာ . . . မဟုတ်ပါဘူး . . . ကျွန်တော် တကယ်သွားစရာကိစ္စလေးတစ်ခုရှိလို့ပါ"

ကဗျာဆရာက ခေါင်းညိတ်ကာ . . .

"အင်း . . အဲဒါဆိုလည်း ဘယ်တတ်နိုင်ပါ့မလဲဗျာ နောက်နေ့မှတွေ့ပေါ့"

ဆိုပြီးဆက်ပြောသည်။ ထို့နောက် ကဗျာဆရာနဲ့စာပေအကြောင်း တွေ့ရာလေးပါး ပြောဖြစ်သည်။ သူ့ရဲ့နောက်ဆုံးထွက်သွားတဲ့ ဝတ္ထုအကြောင်း ဝေဖန်သည်။ ကဗျာရေစီးကို တီးခေါက်ကြည့်၏။ ပို့စ်မော်ဒန်အကြောင်းလည်း ပါသည်။ လေးလုံးစပ်ကဗျာရေးဖွဲ့ပုံလည်းပါသည်။ ဂျပန်ကဗျာတွေကိုလည်း ဝေဖန်ပြောဆိုဖြစ်၏။

ဒီလိုနဲ့ အချိန်တော်တော်ကြာသွားအပြီးမှာ သူတို့လမ်းခွဲကြလေသည်။ မိုးထက်က ရိုက်ကွင်းမပြီးသေးရင်သွားကြည့်မလို့ စဉ်းစားလိုက်သေးသော်လည်း စိတ်ကူးတစ်မျိုးပြောင်းသွား၍ ဟိုတယ်ကိုသာ ပြန်လာခဲ့တော့သည်။ ဟိုတယ်ရောက်တော့ အလက်ာတို့တောင်ပြန်ရောက်နေတာတွေ့ရတော့ ရိုက်ကွင်းပြန်မသွားဖြစ်တဲ့အတွေးမှန်သွားပြီဟု ပြုံးမိ၏။

ထို့နောက် အခန်းသို့အသွားလှေကားမှာ ဆူဇီနဲ့ဆုံတော့ ပြုံးပြလိုက်ကာ . . . .

"ပြန်ရောက်ကြပြီလား"

ဆူဇီက ခေါင်းညိတ်၍ . . .

"ဟုတ်ကဲ့ ခုနလေးတင်ပဲ ဒါနဲ့ ကိုမိုးထက်က ကြည့်မယ်ဆိုပြီး ဘယ်ရောက်သွားတာလဲ"


www.burmeseclassic.com

www.burmeseclassic.com



သူခပ်အေးအေးပင် ဟန်ဆောင်ပြီး . . .

"ကျွန်တော် အသိတစ်ယောက်နဲ့တွေ့လို့ အပြင်ခဏထွက်သွားတာ ဗျ။ အဲဒီကိစ္စပြီးလို့ ပြန်လာတော့ ရှုတင်ကပြီးသွားပြီ"

ဆူဇီက ပြုံးသည်။

"ရှုတင်ကတော့ မပြီးသေးပါဘူး။ အလက်ာ့အခန်းတွေသာပြီးသွားလို့ ပြန်လာတာပါ။ ကျန်တဲ့အခန်းတွေ ဆက်ရိုက်နေတုန်းလေ"

မိုးထက်ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားသည်။ အမှန်တော့ ရှုတင်ပြီးတာ မပြီးတာ သူဘာမှသိသည်မဟုတ်။ ဟိုတယ်ပြန်ရောက်တော့ ဆူဇီတို့ကိုတွေ့ရ၍ ရေလိုက်ငါးလိုက်ပြောလိုက်ခြင်းဖြစ်သည်။ ဆူဇီ ဒါကိုရိပ်မိသွားပြီလား မသိဘူး ဆိုပြီး ရင်ထဲမှာစိုးရိမ်သွား၏။ အမှန်တော့ ဒီလောက်ကိစ္စလေးနဲ့ ဘာမှ ရေကြီးခွင်ကျယ်လုပ်ပြီး စိုးရိမ်နေစရာမလိုပေ၊ သူကိုယ်၌က မရိုးသား၍ အရာရာ ကြောက်လန့်နေခြင်းသာဖြစ်သည်။

ဆူဇီကတော့ ပုံမှန်အတိုင်းပင် မိုးထက်ကို နှုတ်ဆက်ပြီး အောက်ဘက် ဆင်းသွားသည်။ မိုးထက် သက်ပြင်းချကာ အခန်းဘက်ကိုထွက်ခဲ့လိုက်သည်။ အလက်ာတို့ အခန်းကိုအဖြတ်တွင် အထဲမှထွက်လာသော အလက်ာ့ကို တွေ့လိုက်ရလေသည်။ မိုးထက် ရုတ်တရက်ဆိုတော့ ကြောင်တောင်တောင်နှင့် အလက်ာကိုကြည့်၏။ အလက်ာကလည်း အခန်းထဲက ထွက်ထွက်ချင်း မိုးထက်ကို မြင်လိုက်ရတော့ အံ့သြသွားသည်။

မိုးထက်ကပင် အရင်စပြီး . . .

"အလက်ာ အခုလေးတင်ပြန်ရောက်တာလား"

ဆူဇီနဲ့တွေ့တုန်းကတည်းက သိပြီးသားဖြစ်သော်လည်း စကားမရှိ စကားရှာလိုက်ခြင်းပါ။ အလက်ာကလည်း ပြုံးပြီး . . .

"ဟုတ်ကဲ့ ကိုမိုးထက်ရော . . . အခုမှရောက်တာလား"

"ဟုတ်တယ် . . . အလက်ာတို့ ရိုက်ကွင်းမှာ အသိတစ်ယောက်နဲ့ တွေ့လို့ပါသွားတာ . . . အဲဒီကိစ္စတောင် တောင်းပန်ရဦးမယ်"

အလက်ာက မျက်မှောင်ကြုတ်လိုက်ပြီး . . .





"ဘာကိုလဲ ဟင်"

"ဩော် အဲဒီတုန်းက ကျွန်တော်တို့နှစ်ယောက် နှုတ်ဆက်လိုက်လို့ ရိုက်ကွင်း အနှောင့်အယှက်ဖြစ်သွားတာကိုပါ"

အလက်ာက ခေါင်းခါပြကာ . . .

"ရပါတယ် . . . အလက်ာတို့အတွက်တော့ ဒါမျိုးတွေ ရိုးနေပါပြီ။ ကိစ္စမရှိပါဘူး"

မိုးထက်က ကျေးဇူးတင်တဲ့အပြုံးနဲ့ပြုံးပြီး မျက်လွှာချလိုက်စဉ် အလက်ာလက်ထဲမှာ ကိုင်ထားသောစာအုပ်တစ်အုပ်ကို သတိထားမိလိုက်သည်။ ထို့နောက် မြင်ဖူးသလိုလိုပဲဆိုပြီးကြည့်နေရာ သူ့စာအုပ်ဖြစ်နေမှန်း မိုးထက်သိသွား၏။ ရင်တစ်ချက်ခုန်သွားကာ အလက်ာ့ကို ပြန်မော့ကြည့်ပြီး . .

"အလက်ာက စာဖတ်တာ ဝါသနာပါတယ် ထင်တယ်နော်"

အလက်ာက သူမလက်ထဲကစာအုပ်ကို တစ်ချက်ငုံ့ကြည့်၍ . . .

"အလက်ာက အားတဲ့အချိန်ဆို စာအုပ်နဲ့ပဲ အချိန်ကုန်တာလေ . . . စာဖတ်တာကိုတော့ ငယ်ငယ်လေးကတည်းက ဝါသနာပါတာ"

အလက်ာ့စကားဆုံးတော့ မိုးထက်က . . .

"ဒါဆို စာရေးဆရာမ မလုပ်ဘဲ ဘာလို့မင်းသမီးလုပ်ရတာလဲ"

အလက်ာက . . .

"မဆိုင်ဘူးလေ ကိုမိုးထက်ရဲ့ စာဖတ်တာနဲ့ စာရေးတာနဲ့က တခြားစီပါ၊ စာရေးဆရာမ ဖြစ်ဖို့ စာတွေအများကြီးဖတ်ရမယ်ဆိုတာမှန်ပေမယ့် စာတွေအများကြီးဖတ်တိုင်း စာရေးဆရာမ ဖြစ်လာမယ်လို့ဘယ်သူပြောလဲ"

"ဒါဆို မင်းသမီးကျတော့ရော"

အလက်ာက ပြုံးကာ မျက်စောင်းထိုးသည်။

"အင်တာဗျူးနေတာလား"

မိုးထက်ကပြုံးရင်း လက်ကာပြကာ . . . .

"မဟုတ်ရပါဘူးဗျာ တလွဲမတွေးပါနဲ့ . . . ဒါနဲ့ အလက်ာ့လက်ထဲက စာအုပ်က"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားဆုံးတော့ အလင်္ကာက သူ့မလက်ထဲက စာအုပ်ကိုထောင်ပြရင်း . .

"စာရေးဆရာ တိုးနွယ်မြင့်ရဲ့ နောက်ဆုံးထွက်တဲ့လုံးချင်းလေ . . . အင်း . . . ကျွန်မကြိုက်တဲ့စာရေးဆရာတွေထဲမှာတော့ သူလည်းပါတာပေါ့၊ သူ့ဝတ္ထုတွေက တကယ့်အဖြစ်အပျက်တွေကို အခြေခံထားတာများတယ်၊ အဲဒါကြောင့် ယုတ္တိလည်းရှိသလို သဘာဝလည်းကျတယ်"

မိုးထက် မျက်နှာတစ်ချက်ပူကာသွား၏။ အခု သူရေးနေတဲ့ ဝတ္ထုထွက်လာရင်လည်း ဘာပြောဦးမယ်မသိချေ။ ဝတ္ထုထဲက ဇာတ်လမ်းတွေကို ဖတ်ကြည့်မိရင်တော့ တစ်နည်းမဟုတ်တစ်နည်း သိသွားနိုင်သည်။ အဲဒီတော့မှ ယုတ္တိကျလွန်းနေ၍ လက်တွေ့ဆန်ဆန် ပါးလာရိုက်သွားရင် ဒုက္ခ . . .

ဒါပေမယ့် ဝတ္ထုဇာတ်လမ်းထဲမှာတော့ နာမည်တွေပြောင်းထားသည်။ အရင်းအတိုင်းမဟုတ်၍ ပြဿနာရှာချင်ရင်တောင် ရှာလို့ရမှာမဟုတ်ပေ။ မိုးထက် သက်ပြင်းကိုချသည်။ ထိုအချိန်မှာပင် . . .

"ကိုမိုးထက်ရော စာဖတ်တာဝါသနာပါလား"

မိုးထက် ခေါင်းညိတ်ပြလိုက်မိ၏။ အလင်္ကာကပင် ဆက်၍ . . .

"အလင်္ကာ့ဆီမှာ စာအုပ်တော်တော်များများပါ,ပါတယ်။ ဖတ်ချင်ရင်ယူဖတ်ပါ။ အလင်္ကာက 'စာဖတ်တဲ့သူအချင်းချင်းအားပေးတယ်"

မိုးထက် ဒုတိယအကြိမ်ခေါင်းညိတ်ပြသည်။ အလင်္ကာက မိုးထက်ကို နှုတ်ဆက်ပြီး အောက်သို့ဆင်းသွား၏။

ကျေးဇူးတင်စကားလေးတောင် မပြောလိုက်ရ၍ မိုးထက် သူ့ကိုယ်သူ အပြစ်တင်နေမိသည်။

ဘာဖြစ်လို့နှုတ်ဆိတ်နေမှန်း သူ့ဘာသာသူ မသိတာအမှန်ပင်။



# အခန်း (၂)



www.burmeseclassic.com

www.burmeseclassic.com



**စိတ်**ထဲမှာတစ်စုံတစ်ခုကို ကြောက်နေမိသည်။ ရင်ထဲမှာ ဘာကြောင့်မှန်းမသိ တဖြည်းဖြည်းလေးလံလာသည်။ တစ်ခါတစ်ရံ ပြစ်မှုတစ်ခုခု ကျူးလွန်ထားသူလို ခံစားနေရ၏။

'မိုးထက်' ကောင်းကင်ပြင်ကြီးကို ကြည့်ကာ သက်ပြင်းချရင်း စာအုပ်ကို ပြန်ပိတ်လိုက်၏။ 'သူ' တရားပါ့မလား၊ သူတစ်ပါးရဲ့ ဖြူစင်မှုကို အခွင့်အရေးယူလို့ကောင်းပါ့မလား၊ ပြီးတော့ ဒီကိစ္စက သိုသိုသိပ်သိပ်ပြီးသွားမယ့် အရာလည်းမဟုတ်ပေ။

သူ့ဝတ္ထုထွက်သွားခဲ့လျှင် မြန်မာတစ်နိုင်ငံလုံးရှိ စာဖတ်ပရိသတ်တွေ လက်ထဲရောက်ကုန်ကြမည်။ ဇာတ်လမ်းထဲမှာတော့ ဇာတ်ကောင်နာမည်တွေ ပြောင်းထား၍ ဘယ်သူတွေဆိုတာ မသိနိုင်သော်လည်း အလက်ာ့အတွက်တော့ သေချာပေါက်သိသွားမှာပဲဖြစ်သည်။ အဲဒါဆိုရင် ဘယ်လိုရင်ဆိုင်မလဲ။ ပြီးတော့ အလက်ာက သူ့ကိုဘယ်လိုထင်မလဲ၊ စည်းမစောင့်သော လူတစ်ယောက်လို့ထင်မလား၊ ဒါမှမဟုတ် သူအကြိုက်ဆုံး စာရေးဆရာတစ်ယောက်





က သူ့ကိုပြန်ပြီး 'ကုန်ကြမ်း' ရှာသွားတယ်ဆိုတာသိသွားရင် ရှက်လည်းရှက်၊ ဒေါသလည်းထွက်ပြီး တော်တော်နာကျည်းသွားမှာလား . . . ။

'မိုးထက်' တွေးရင်းနဲ့ ခေါင်းတွေ ရှုပ်ယှက်ခတ်သွားလေသည်။ ပြီးတော့ လေပူတွေ ခဏခဏမှုတ်ထုတ်နေမိသည်။ ချမ်းအေးလှတဲ့ ပြင်ဦးလွင်ရဲ့ ဆောင်းရာသီမှာတောင် ရင်ထဲမှာ ချွေးပျံကာနေသည်။ ပူမှန်းသိရက်နဲ့ မီးကို ကိုင်မိပြီ။ ဆက်မရေးဘဲ ပြန်ရအောင်လည်း ဒီလိုဇာတ်လမ်းမျိုးကို ကြိုက်၍ ဒီအထိတောင် တက်လာခဲ့ရခြင်းပင်၊ အခုတော့ အနုပညာသည် လက်တွေ့ဘဝနဲ့ ရည်ရွယ်ချက်ကြားတွင် ဗျာများနေရပြီ။

စာရေးဆရာတစ်ယောက်ဖြစ်လာရင် သူ့ဘဝရဲ့ 'ဝမ်းစာ' နဲ့ 'ကုန်ကြမ်း' သည် သူနေထိုင်ရာ ပတ်ဝန်းကျင်နှင့် မိမိနှလုံးသားအတွင်းတွင်သာ အခြေခံသည်ဆိုတာကိုတော့ ငြင်းလို့မရပါ။ ငြင်းလည်းမငြင်းချင်ပါ။ ထိုအချက်က ခေတ်အဆက်ဆက် စာပေသမားတိုင်း လက်ခံထားသောအရာဖြစ်၏၊ စာရေးဆရာတစ်ယောက်ဖြစ်သည့် သူသည်လည်း ထိုအချက်ကိုလက်ခံထား၏။ ထို့ကြောင့် ဒီလိုစွန့်စားခဲ့ခြင်းလည်းဖြစ်သည်။ 'အနုပညာ' ဆိုသည့် စကားလုံးကို ခုတုံးလုပ်ပြီး ကိုယ်လုပ်ချင်ရာလျှောက်လုပ်နေခြင်းတော့ မဟုတ်ပါ။ တစ်ခါတစ်ရံ ကုန်ကြမ်းတစ်ခုအတွက် စွန့်စားလုပ်ကိုင်ရခြင်းက ပိုအရသာရှိသလို စိတ်ကူးယဉ်ဆန်တဲ့ အတွေးထက် လက်တွေ့ဘဝကလာတဲ့ ခံစားချက်မျိုးက ပိုမိုပြည့်ဝတတ်၏။

မိုးထက် ဘယ်နှုကြိမ်မြောက်မှန်းမသိသည့် သက်ပြင်းကိုချမိသည်။ ပြီးတော့ ပြုံးမိသည်။ ပျော်လို့ပြုံးခြင်းမဟုတ်ပါ။ သူ့ကိုယ်သူ ပြုံးလိုက်ခြင်းဖြစ်၏။ စာရေးဆရာတစ်ဦးအတွက် ကိုယ့်ဝတ္ထု၊ ကိုယ့်ဇာတ်လမ်းကို စ၊ လယ်၊ ဆုံး ကိုယ့်ဘာသာကိုယ် အသိဆုံးဖြစ်သည်။ ဒါပေမယ့် ဒီတစ်ခါ သူရေးတဲ့ဝတ္ထုကတော့ ထူးဆန်းသည်ဟု ဆိုရလိမ့်မည်။

ဒီဝတ္ထုရဲ့ အဆုံးကဘာလဲ . . . .

သူ ကိုယ်တိုင်မသိပေ . . . .

ဒီဝတ္ထုရဲ့ အလယ်မှာဘယ်လို (Tempo) ရှိသလဲ . . .



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း မသိပေ . . .

ပြီးတော့ . . . ဇာတ်လမ်းကဘယ်အထိရောက်သွားပြီလဲ . . .

လက်ရှိသူကြုံတွေ့နေရသည့် အခြေအနေထိပဲ ပြီးသေးသည်။

ဇာတ်လမ်းကို အစအဆုံးမသိဘဲ ကိုယ့်ဝတ္ထုကိုယ်ရေးနေရသည့် စာရေးဆရာဆိုလို့ သူတစ်ယောက်သာရှိလိမ့်မည်ထင်သည်။

မိုးထက် သက်ပြင်းကိုချပြန်သည်။ ပြီးတော့ တွေးသည်။ ဒီအချိန်မှာ ပြတ်သားသော ဆုံးဖြတ်ချက်တစ်ခု သူချရတော့မည်။ တခြားမဟုတ် . . .

ဒီဝတ္ထုကို ဆက်ရေးသင့်သလား။ ဒါမှမဟုတ်ပြန်မလား . . .

မိုးထက် (၅)မိနစ်လောက်ငြိမ်သွားပြီးမှ ရဲရင့်စွာတစ်ချက်ပြုံးပစ်လိုက်သည်။

ထို့နောက် ပိတ်ထားသောစာအုပ်ကို ပြန်ဖွင့်၍ ဘောလ်ပင်ကို ကောက်ကိုင်လိုက်ပါတော့သည်။

ဒီဝတ္ထုကို ဘယ်လိုအခက်အခဲတွေ ကြုံကြုံဆက်ရေးရတော့မည် ဖြစ်လေသည်။





ဒီဇင်ဘာလရဲ့နှင်းမြူများသည် ပြင်ဦးလွင်မြို့လေးပေါ်သို့ မညှာမတာ ကျဆင်းကာနေသည်။ မြင်လေရာ ပတ်ဝန်းကျင်မှာ မှိုင်းရီမှုန်ဝါးနေ၍ နေရောင်ခြည်သည် မြို့ကလေးပေါ်သို့ မဆို့တရို့ သာပက်ဖျန်းပေးနိုင်ရှာသည်။ ဟိုးအဝေး ကုန်းမြင့်လေးပေါ်မှ လမ်းကလေးသည် ထင်းရှူးပင်များခြံရံ၍ သာယာလှပစွာတည်ရှိနေသည်။

'မိုးထက်' က ထိုလမ်းကလေးကို လှမ်းမျှော်ကြည့်ကာ လေကို တစ်ဝကြီး ရှူပစ်လိုက်သည်။ ထို့နောက် လျှော့ရဲနေသောဖိနပ်ကြိုးကို တစ်ချက်ပြင်စီးလိုက်ကာ ကုန်းမြင့်လေးအတိုင်း မှန်မှန်လေးပြေးတက်သွားလိုက်သည်။ မနက်ပိုင်း အပြေးလေ့ကျင့်ခန်းလုပ်ခြင်းသည် ကျန်းမာရေးနဲ့ညီညွတ်တဲ့ အလုပ်တစ်ခုဟု သူမှတ်ယူထားသည်။ ရန်ကုန်လိုနေရာမျိုးမှာ မြို့ပြရန့်တွေနှင့် မွန်းကျပ်နေ၍ နေရာတိုင်းမှာ လေကောင်းလေသန့်မရနိုင် . . .။ အင်းယားကန်နှင့် ကန်တော်ကြီးပတ်ဝန်းကျင်မှာသာ ကန်ရေပြင်ကို ဖြတ်တိုက်လာသည့် လေနုအေးကို ရှူရှိုက်နိုင်သည်။ အခုဒီမှာတော့ ဘယ်နေရာရှူရှူ လေကောင်းလေသန့်က အပြည့်၊ ထင်းရှူးရနံ့နှင့်ယူကလစ်ရနံ့တို့ ပေါင်းစပ်ထားသော ဆောင်းလေအေးသည် လူကို လတ်ဆတ်ပေါ့ပါးစေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးထက် မှန်မှန်လေးပြေးတက်လာရင်း ကုန်းမြင့်လေးထိပ်သို့ရောက်ရှိလာသည်။ ထို့နောက် ခဏမတ်တပ်ရပ်ကာ အမောဖြေရင်း လမ်းကလေးသို့ မျှော်ကြည့်၏။ ထိုအချိန်မှာပင် လူတစ်ယောက်လမ်းကလေးအတိုင်း ပြေးတက်လာတာကို တွေ့လိုက်ရသည်။ ဆွယ်တာမှခေါင်းစွပ်ကို ဦးခေါင်းမှာ စွပ်ထား၍ ဘယ်သူဘယ်ဝါမှန်းတော့မသိပေ။ သို့သော် ပုံစံကိုကြည့်ပြီး မိန်းကလေးတစ်ယောက်ဆိုတာကိုတော့ ခန့်မှန်းမိပါသည်။ မိုးထက်စိတ်ထဲမှာ အလင်္ကာများဖြစ်နေမလားဆိုပြီး စိတ်ကူးယဉ်မိလိုက်သေးသည်။ သို့သော် ဒီလိုတိုက်ဆိုင်မှုမျိုးက ဝတ္ထုတွေထဲမှာထက် အပြင်လောကမှာတိုက်ဆိုင်ရန် တော်တော်ရှားပါးမှန်း တွေးမိလိုက်၍ ဆက်သွားမလို့လုပ်လိုက်သည်။

ထိုအချိန်မှာပင် တောင်ကုန်းပေါ်ပြေးတက်လာသော ကောင်မလေးသည် တဖြည်းဖြည်းသူနဲ့နီးလာတာကို တွေ့လိုက်ရ၏။ ထို့ကြောင့် အလင်္ကာဖြစ်ချင်လည်းဖြစ်နိုင်သေးတာပဲဟု ကိုယ်လိုရာဆွဲတွေးကာ ယောင်ပေပေနဲ့ရင်နေရင်း အကဲခတ်နေလိုက်လေသည်။

ကောင်မလေးက ကုန်းထိပ်ကိုရောက်တော့ အမောဖြေရင်း ပတ်ဝန်းကျင်ကို ဝေ့ကြည့်၏။ သူမနဲ့မနီးမဝေးတွင် မိုးထက်ကိုလည်းတွေ့ရော ခေါင်းစွပ်ကို ဆွဲလှန်လိုက်ကာ . . .

"ဘယ်သူများလဲလို့ ကြည့်နေတာ ကိုမိုးထက်လည်း အပြေးလေ့ကျင့်နေတာပဲကိုး"

'မိုးထက်' ကြောင်တောင်တောင်ကြီးရပ်ကာ ကြက်သေသေသွားသည်။ မဖြစ်နိုင်မှန်းသိသော်လည်း ဖြစ်လိုဖြစ်ငြားလေး တွေးထားတဲ့ကိစ္စလေးက အကောင်အထည်ပေါ်သွား၍ ရုတ်တရက်မတ်တပ်မေ့သွားခြင်းပင် . . . .

အလင်္ကာက သူမကို ကြောင်စီစီနဲ့ကြည့်နေတဲ့ မိုးထက်ကိုပြုံးပြကာ

"ဘာလဲ အခုလို အလင်္ကာ့ကို တွေ့လိုက်ရလို့ အံ့ဩနေတာလား"

မိုးထက် အလိုလိုခေါင်းညိတ်လိုက်မိသည်။

"ကျွန်မက ကိုမိုးထက် ဟိုတယ်က ထွက်သွားကတည်းက တွေ့တာ။ အဲဒါကြောင့် ဟို အောက်ကတည်းက ကိုမိုးထက်မှန်းသိနေတယ်"





မိုးထက် ရှက်ရယ်ရယ်ရင်း ခေါင်းကို ကုတ်လိုက်ကာ . . .

"ကျွန်တော်က အလင်္ကာမှန်းတော့ မသိဘူးဗျ။ ဒါပေမယ့် ကောင်မလေးတစ်ယောက်မှန်းတော့သိတယ်၊ အဲဒါနဲ့ အလင်္ကာဖြစ်ပါစေလို့ ဆုတောင်းနေတာ"

အလင်္ကာက မျက်လုံးလေးပြူးပြီး နှုတ်ခမ်းလေးကို 'အို' ပုံသဏ္ဌာန်လေးဝိုင်းလိုက်ကာ . . .

"ဟယ် ဘာလို့ဆုတောင်းနေတာလဲ ဟင်"

"ဟို . . . ဟိုဟာလေ . . တစ်ယောက်တည်းပြေးရတာထက်စာရင် အဖော်ရှိတော့ ပိုကောင်းမယ်ထင်မိလို့ပါ"

အလင်္ကာက ဟက်ဟက်ပက်ပက် တစ်ချက်ရယ်သည်။

"အဲဒါဆို ကိုမိုးထက်နဲ့အလင်္ကာနဲ့ အကြံချင်းတူသွားပြီ . . ."

ဒီတစ်ခါတော့ အံ့ဩသွားရသူက 'မိုးထက်' ပါ။ သို့သော် အလင်္ကာလုပ်သလိုတော့ မျက်လုံးလေးပြူးပြီး နှုတ်ခမ်းလေးကို 'အို' ပုံသဏ္ဌာန် ဝိုင်းမပြလိုက်မိပါ . . .။

"ဘာ . . . ဘာဖြစ်လို့လဲ"

"အလင်္ကာလည်း တစ်ယောက်တည်းပြေးရမှာ တစ်မျိုးကြီးဖြစ်နေလို့။ ဟို . . . တခြားတော့ မဟုတ်ပါဘူး။ မနက်ပိုင်း ဒီနေရာတွေက လူလည်းပြတ်တော့ မိန်းကလေးတစ်ယောက်အနေနဲ့ မသင့်တော်ဘူးထင်လို့ပါ။ ပြီးတော့ အလင်္ကာက . . ."

ပြောမယ့်စကားကိုရပ်ပြီး မိုးထက်ကိုကြည့်သည်။ မိုးထက်က အလင်္ကာဆက်ပြောမယ့်စကားတွေကို နားလည်ကြောင်းခေါင်းညိတ်ပြလိုက်ကာ

"ဟုတ်ပါကယ် အလင်္ကာက နာမည်ကြီးမင်းသမီးဆိုတော့ သွားရလာရတာ တစ်ယောက်တည်းဆိုတော့ အယ်ကောင်းမလဲ၊ ပြီးတော့ မိန်းကလေးတစ် ယောက်အနေနဲ့လည်း ဒီလိုနေရာမျိုးတွေက ဘယ်လောက်လုံခြုံစိတ်ချရတယ်ပြောပြော ကိုယ့်ရပ်ကိုယ့်ရွာမဟုတ်တော့ စိတ်ထဲတစ်မျိုးဖြစ်နေမှာပေါ့"

အလင်္ကာက ကျေးဇူးတင်စွာခေါင်းညိတ်ပြသည်။ သူမကိုယ်သူမ



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးဆိုပြီး ကိုယ်ရည်သွေးပြောရမှာ အားနာနေချိန်မှာ မိုးထက်က သူမရဲ့ စိတ်ကိုထိုးဖောက်သိသလို စကားဆက်ပေး၍ဖြစ်၏။ မိုးထက်က လူတစ်ယောက်ရဲ့ စိတ်ကိုရာခိုင်နှုန်းတော်တော်များများ ခန့်မှန်းတတ်သူဖြစ်လိမ့်မည်လို့လည်း အလင်္ကာက မှတ်ချက်ချမိ၏။ ထို့နောက်အလင်္ကာက ဆက်ပြီး . . .

"ဆူဇီ့ကိုတော့ အလင်္ကာက နှိုးပါသေးတယ် . . . ဒါပေမယ့် ညက ဆူဇီအိပ်ရာဝင်နောက်ကျတယ်လေ၊ စာဖတ်နေလို့၊ အဲဒါ မနက်ကျတော့ မထနိုင်တော့တာနဲ့ အလင်္ကာတစ်ယောက်တည်း ထွက်လာခဲ့တာ . . အခုလို ကိုမိုးထက်နဲ့တွေ့တော့ အဖော်ရှိသွားတာပေါ့"

မိုးထက် ခန္ဓာကိုယ်သည် လေထဲသို့တစ်ချက်မြောက်သွားသလို ခံစားလိုက်ရသည်။ အခုလို မင်းသမီးတစ်ယောက်က လိုလိုချင်ချင် အားကိုးတာ ဘယ်ယောက်ျားလေးက မလိုချင်ဘဲရှိပါ့မလဲ . . . ။ မိုးထက်က သူ့ရင်ထဲမှာ တက်လာတဲ့ အပျော်လုံးတွေကို တံတွေးအကြိမ်ကြိမ်မြိုချရင်း ထိန်းလိုက်ကာ လေသံမှန်မှန်နှင့် . . .

"အဲဒါဆို စကားပြောရင်း ကန်တော်ကြီးဘက်ကို ပြေးရအောင်ဗျာ . . . လာ"

အလင်္ကာက ချစ်စဖွယ်ကောင်းအောင်ပြုံးပြီး ခေါင်းညိတ်ပြကာ . .

"ကောင်းသားပဲ သွားလေ"

ထို့နောက် သူတို့နှစ်ယောက် နှင်းမှုန်တွေကြား တဖြည်းဖြည်းပျောက်ကာသွားသည်။နာမည်ကြီး မင်းသမီးတစ်ယောက်နှင့်နာမည်ကြီး စာရေးဆရာတစ်ယောက် သူ့ဆီ ဦးတည်လာနေသည်ကို ကန်တော်ကြီးဥယျာဉ်ကြီးသည် သိနိုင်မည်မဟုတ်ပေ။

ထိုအတူ သူမနှင့်အတူတွဲသွားနေသော မိုးထက်သည် သူမသိပ်ကြိုက်သော စာရေးဆရာ 'တိုးနွယ်မြင့်' ဆိုတာကိုလည်း သိနိုင်မှာမဟုတ်ပါ . . . ။

'မိုးထက်' ကတော့ ညနေရေးရမည့် ဇာတ်ကွက်လေးအတွက် ပျော်နေလေပြီ။





"အလင်္ကာက ရန်ကုန်ဘယ်မှာနေတာလဲ ဟင်"

"သုဝဏ္ဏမှာပါ"

"ဪ"

မိုးထက်က ခေါင်းညိတ်ပြပြီး ကော်ဖီကို တစ်ငုံသောက်လိုက်သည်။ အလင်္ကာကတော့ သူ့မရှေ့က အငွေ့တလူလူထွက်နေတဲ့ ကော်ဖီခွက်ကို ငေးကြည့်နေသည်။ မိုးထက်က ကော်ဖီသောက်ပြီးတော့ အလင်္ကာ့ကိုကြည့်ကာ . . .

"အလင်္ကာက တခြားမင်းသမီးတွေနဲ့မတူဘူးနော်"

"ရှင်"

အလင်္ကာ တအံ့တဩနဲ့ မိုးထက်ကိုကြည့်တော့ . . .

"ကျွန်တော်ပြောတာက ဒီလိုပါ၊အလင်္ကာက မင်းသမီးဖြစ်ပေမယ့် မာနမကြီးတတ်ဘူးလို့၊ နောက်ပြီး စကားကို ပွင့်ပွင့်လင်းလင်းပြောတတ်တယ်။ ပြီးတော့ ကျွန်တော်တို့လို သာမန်လူတွေအပေါ်မှာ ခင်ခင်မင်မင်ဆက်ဆံတတ်တယ်။ အဲဒါကိုပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



အလက်ာပြုံးကာ ခေါင်းငုံ့သွားသည်။ ပြီးတော့ . . .

"အလက်ာက အဲဒီလိုပဲနေတတ်တယ်၊ တစ်ခါတစ်ခါ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်လျှောက်သွားလွန်းလို့ ဒေါ်လေးနဲ့ဆူဇိကတောင်ဆူတယ်"

အလက်ာ့ စကားဆုံးတော့ မိုးထက်ကဝင်၍ . . .

"အလက်ာ မိဘတွေကရော ဘာမှမပြောဘူးလား"

ထိုစကားလည်းကြားရော အလက်ာမျက်နှာတစ်ချက်ပျက်ကာသွားသည်။ ပြီးတော့ ကော်ဖီဆိုင်လေးအပြင်ဘက်ကို ငေးမောကြည့်နေသည်။ မိုးထက်လည်း အလက်ာ့ပုံစံကိုကြည့်ကာ နားမလည်နိုင်သလိုဖြစ်သွား၏။ သူ့စကားထဲတွင် ဘာအမှားပါသွားသလဲ တွေးနေမိသည်။ တော်တော်လေးကြာသည်အထိ နှစ်ယောက်လုံးငြိမ်သက်နေပြီးမှ . . . .

"အလက်ာ့ အမေက ဆုံးသွားပါပြီ . . . ၊ ဖေဖေကတော့ အလက်ာငယ်ငယ်ကတည်းက အဝေးကိုထွက်သွားခဲ့တာပါ"

"ဟာ . . . ဆောရီး၊ ဆောရီး ကျွန်တော် မသိလို့မေးမိတာပါ၊ အလက်ာ့ကိုစိတ်မကောင်းအောင်လုပ်မိတဲ့အတွက် တောင်းပန်ပါတယ်"

အလက်ာက သက်ပြင်းကိုချရင်း ခေါင်းညိတ်ပြကာ . . . .

"ရပါတယ် . . . ဒီမေးခွန်းတွေက အလက်ာဖြေနေကျမေးခွန်းတွေပါ၊ အခုလို ကိုမိုးထက် မေးလိုက်လို့လည်းထူးပြီး ပြဿနာမရှိပါဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တောင်းပန်ပါတယ်"

ထို့နောက် သူတို့နှစ်ယောက်ဘာစကားမှမပြောဘဲ ငြိမ်သက်နေမိကြ၏။ ကော်ဖီဆိုင်လေးကလည်း ကန်တော်ကြီးနားက ခြံကျယ်ကြီးထဲမှာ ဖွင့်ထား၍ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ပန်းမြို့တော်ကို ဖြတ်သန်းလာသော လေညှင်းသည် ပတ်ဝန်းကျင်ကို သင်းတမြမြရှိစေ၏။ ကျေးငှက်ကလေးတို့၏ အိပ်တန်းထ တေးသံသာသည် လှပသာယာသော ကော်ဖီဆိုင်လေး၏ ပတ်ဝန်းကျင်နှင့် စည်းချက်ညီညီလိုက်ဖက်လှပါသည်။

"ကိုမိုးထက်က ဘယ်မှာနေတာလဲ ဟင်"





'ရန်ကုန်မှာနေတဲ့ သူ့ရဲ့လိပ်စာကို မေးခြင်းဖြစ်ကြောင်း မိုးထက်သိသည်။

"ကျွန်တော် (၈)မိုင်မှာနေတာပါ"

"ဟို စပ်စုတယ်လို့တော့ မထင်ပါနဲ့နော် ကိုမိုးထက် ဒီမှာဘာလာလုပ်တာလဲ ဟင်၊ ဟို . . . ဖြေချင်မှဖြေပါ ရပါတယ်"

မိုးထက်က ပြဿနာမရှိကြောင်း ခေါင်းခါပြလိုက်ရင်း ကော်ဖီလက်ကျန်ကိုမော့ကာ အချိန်ဆွဲလိုက်၏။ ထို ဆွဲထားသော အချိန်လေးအတွင်းမှာ အဖြေတစ်ခုကို အပြေးအလွှားစဉ်းစားလိုက်ကာ . . .

"ကျွန်တော် လိမ္မော်ခြံကိစ္စအတွက် ခဏလာတာပါ"

"ဪ ကိုမိုးထက်တို့က ခြံလုပ်တာလား"

မိုးထက် ခပ်သွက်သွက်ခေါင်းညိတ်ပြပြီး . . .

"ဟုတ်ပါတယ် . . . ဒီမြို့ပြင်မှာ ကျွန်တော့်လိမ္မော်ခြံတွေရှိတယ်၊ ဒီလိုပဲ ကျွန်တော်တစ်နှစ် နှစ်ခါ၊ သုံးခါလောက်တက်လာရတယ်"

အမှန်တော့ လိမ္မော်ခြံတွေ ဘယ်နားနေမှန်းတောင် သိသူမဟုတ်ပေ။ ပြီးတော့ လိမ္မော်ပင်ကိုတောင် ကောင်းကောင်းမြင်ဖူးသူမဟုတ်၊ သို့သော် လတ်တလော သူ့အဖြေက လုံလောက်သွား၍အလက်ာက ဘာမှထပ်မမေးတော့ပါ။

ထို့နောက် သူတို့ကော်ဖီဆိုင်လေးမှ ထထွက်လာခဲ့ကြသည်။ နေရောင်ခြည်သည် တဖြည်းဖြည်းဝင်းပကာလာ၏။ အလက်ာက ခေါင်းစွပ်ကို မျက်နှာတစ်ခုလုံးနီးပါး အုပ်အောင်ဖုံးထား၍ သူမကို မင်းသမီးမှန်းဘယ်သူမှ မရိပ်မိကြပါ။

ဒါတောင် ဆိုင်ရှင်ကောင်မလေးတစ်ယောက်တော့ သိသွား၍ အော်တိုရေးပေးလိုက်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



# နောက်ဆုံး

နေ့ရက်များတွင် 'မိုးထက်' နှင့် 'အလက်ာ' သည် မနက်တိုင်း အတူတူပြေးကြသည်။ သို့သော် သူတို့နှစ်ယောက်တည်းတော့ မဟုတ်ပေ။ ဆူဇီပါ ပါလာ၍ သုံးယောက် ဖြစ်၏။ ဆူဇီကလည်း မိုးထက်ကို ကြာတော့ခင်သွားသည်။ မိုးထက်က စကားပြောကောင်းသူ ဖြစ်သလို တစ်ခါတစ်ခါ စတတ်၊ နောက်တတ်ပြီး ဟာသလေးတွေ ပြောပြတတ်သောကြောင့် မိုးထက်နဲ့တွေ့ရရင် သူတို့ပျော်ကြ၏။

'မိုးထက်' ကအလက်ာ့ရိုက်ကွင်းကို အမြဲလိုလိုလိုက်ဖြစ်သည်။ သို့သော် တချို့နေ့များတွင်တော့ တစ်နေ့လုံးအလက်ာနဲ့မတွေ့အောင်ရှောင်နေပေးရ၏။ အဲဒါကတော့ သူဆင်ထားတဲ့ ဇာတ်လမ်းသဘောအရ ယုတ္တိရှိအောင် လုပ်ရခြင်းဖြစ်၏။ အလက်ာက သူ့ကိုဟိုတယ်မှာ မတွေ့လို့မေးရင် လိမ်မော်ခြံ ဘက်သွားတယ်ဆိုပြီး လိမ်ပြောရသည်။ အမှန်တော့ ဘယ်လိမ်မော်ခြံမှ သွားတာမဟုတ်ဘဲ မြို့ပြင်ကဆိုင်တစ်ဆိုင်ဆိုင်မှာ သွားထိုင်နေခြင်းပါ။ ဤကဲ့သို့ တစ်ပတ်ကို သုံးခါလောက်တော့ မြို့ပြင်ထွက်ပေးရတဲ့ အလုပ်ပိုလာပါသည်။





တစ်နေ့တော့ သူမြို့ပြင်ကအပြန်တွင် . . .

"ကိုမိုးထက် ခြံကပဲပြန်လာတာလား"

အလက်ာက သူမအခန်းရှေ့မှာထိုင်ရင်း လှမ်းကာမေး၏။ လက်ထဲမှာလည်း လိမ္မော်သီးတစ်လုံး ခွာစားနေသည်။ မိုးထက်က ခေါင်းညိတ်ပြ၍ . .

"ဟုတ်တယ် အလက်ာ . . . ဒါနဲ့ ဒီနေ့ရှုတင်မရှိဘူးလား"

"အလက်ာကခေါင်းခါပြရင်း . . . မရှိတော့ဘူးလေ၊ ဇာတ်ကားတာပြီးသွားပြီ"

မိုးထက်ရင်ထဲမှာ ဒိန်းခနဲဖြစ်သွား၏။ ဒါဆို အလက်ာပြန်တော့မှာပေါ့ ဟုတွေးလိုက်မိ၍ဖြစ်သည်။ အလက်ာက ဇာတ်ကားပြီးလို့ပြန်သွားရင်ဒုက္ခ။ အလက်ာဇာတ်လမ်းက ပြီးသွားသော်လည်း သူ့ဇာတ်က တိုးလို့တန်းလန်းကြီးနှင့် အခုမှ တစ်ဝက်ကျော်ပဲရှိနေသေးသည်။ ထို့ကြောင့် အလောတကြီးလေသံနှင့် . . .

"ဒါ . . . ဒါဆို အလက်ာတို့က ပြန်တော့မှာပေါ့ ဟုတ်လား"

အလက်ာက ခပ်အေးအေးပင် ခေါင်းခါပြီး . . . .

"ဒီ ဒါရိုက်တာနဲ့ရိုက်တဲ့ကားသာ ပြီးသွားတာပါ။ အလက်ာက နောက်တစ်ကားဆက်ရိုက်ဖို့ ဒီမှာနေရဦးမှာ"

"ဟာ . . ဟုတ်လား . . ဒါ . . ဒါဆို အလက်ာ ဒီမှာနေရဦးမှာပေါ့"

"အင်းပေါ့ . . ဒါပေမယ့် နှစ်ရက်နဲ့သုံးရက်လောက်တော့ နားရဦးမယ် . . . အလက်ာနဲ့အခုကားရိုက်မယ့်အဖွဲ့က ရှေ့အပတ်လောက်မှရောက်မှာလေ"

မိုးထက် အခုမှရင်ထဲက အပူလုံးကြီးကို မှုတ်ထုတ်လိုက်မိသည်။ အလက်ာက ဆက်ပြီး . . .

"ကိုမိုးထက် ဒီရက်ပိုင်းအတွင်း ခြံဘက်သွားဦးမှာလား ဟင်"

မိုးထက် မျက်မှောင်ကြုတ်လိုက်ကာ . . .

"ဘာဖြစ်လို့လဲ အလက်ာ"

"တခြားတော့ မဟုတ်ပါဘူး။ အလက်ာ ဒီရက်ပိုင်းလေးအားနေတုန်း



www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်ခြံတွေဘက် လျှောက်ကြည့်ချင်လို့ . . . အဲ . . အဲဒါ ကိုမိုးထက်ကို အကူအညီတောင်းမလို့"

မိုးထက်ခန္ဓာကိုယ်သည် အနောက်ဘက်သို့ မသိမသာယိုင်သွားသည်။ ရင်ထဲမှနှလုံးခုန်သံသည် ထော်လာဂျီစက်သံလိုဆူညံလာ၏။ ခဏတာတွေဝေသွားတဲ့ မိုးထက်ကို အလက်ာက ကြည့်လိုက်တော့ . . .

"ကိုမိုးထက် အဆင်မပြေလို့လားဟင် . . ဒါ . . ဒါဆိုလည်း ရပါတယ်"

"ဟာ . . မ . . မဟုတ်ပါဘူးအလက်ာ၊ ဟိုဟာပါ . . . ကျွန်တော့်ခြံမှာက တဲသာသာအိမ်တစ်လုံးပဲရှိတော့ အလက်ာတို့ကို ခေါ်သွားရင် အားနာလို့ပါ"

အလက်ာကပြုံးလိုက်သည်။

"အလက်ာက အဲဒီလို သဘာဝအတိုင်းရှိနေတဲ့အရာတွေကို ပိုကြိုက်တာ . . သူ့နေရာနဲ့သူပေါ့ ကိုမိုးထက်ရယ်။ ဥပမာ . လယ်ကွင်းလိုနေရာမျိုးမှာလည်း လယ်စောင့်တဲအစား တိုက်အိမ်ကြီးဆောက်ထားရင် ဘယ်ကောင်းပါ့မလဲ။ လယ်စောင့်တဲသာ လယ်ကွင်းအလှနဲ့ပန်းရတာပါ။ အဲဒီလိုပဲပေါ့ . . . ကိုမိုးထက်ရဲ့ လိမ္မော်ခင်းထဲက တဲလေးကို အလက်ာလိုက်လည်ချင်တယ်"

မိုးထက် အလက်ာ့ကို ငေးကြည့်နေမိသည်။ အလက်ာရဲ့စကားတွေက သူ့လိုစာရေးဆရာတစ်ယောက်ထက်တောင် တစ်ခါတစ်ရံကဗျာဆန်ပြီး နူးညံ့နေသေး၏။ ထို့နောက် သူခေါင်းညိတ်ပြလိုက်သည်။

"လိုက်ခဲ့ပါ အလက်ာ၊ ကျွန်တော်ရဲ့လိမ္မော်ခြံလေးကို ဖိတ်ခေါ်လိုက်ပါတယ်။ အမှန်ပြောရရင် အရင်ကတည်းက ကျွန်တော်လိုက်လည်ပါလားလို့ ပြောဦးမလို့ပါ။ ဒါပေမယ့် အလက်ာက အလုပ်တွေမအားတာတွေ့တာနဲ့ မပြောမိတာ။ နောက်ပြီး ခုနပြောသလို အားနာလို့ပါ။ အခုလို အလက်ာ့ဘက်က လိုက်လည်ချင်တာသိရတော့ အရမ်းဝမ်းသာတာပဲ"

အလက်ာက ပြုံးရင်း မိုးထက်ကို လိမ္မော်သီးတစ်မွှာထိုးပေးသည်။ မိုးထက်တစ်ချက်ရယ်လိုက်ပြီး လှမ်းယူလိုက်ကာ . . .

"ဒါ ခြံကိုလိုက်လည်ခပေါ့ ဟုတ်လား"





အလက်ာက အားရပါးရ တစ်ချက်ရယ်လိုက်ရင်း . . .

"ဟုတ်တယ်၊ ဟုတ်တယ် . . ဒါပေမယ့် ဟိုရောက်ရင် ခြံထဲက လိမ္မော်သီးတွေပြန်ကျွေးရမှာနော်"

"ကြိုက်သလောက် စားပါဗျာ"

သူတို့နှစ်ယောက်လုံး ပြိုင်တူရယ်မိကြသည်။ လောကကြီးသည် ချမ်းစိမ့်စိမ့်အေးမြနေသည်။ အလက်ာ့ရင်ထဲမှာလည်း လောကကြီးကဲ့သို့ အေးမြနေသော်လည်း မိုးထက်ရင်ထဲမှာတော့ . . . .။



www.burmeseclassic.com

www.burmeseclassic.com



**ကဗျာ**ဆရာဆိုသူကို အပူဟပြင်းလိုက်ရှာမိသည်။ ဟိုတစ်ခါ တွေ့တုန်းက ပေးသွားတဲ့လိပ်စာ အတိုင်း မြို့သစ်ဘက်ကိုသွားရှာသည်။ တောင်ကုန်းလေးပေါ်မှာ ဆောက်ထားသောပျဉ်ထောင်အိမ်လေးကိုတွေ့ရ၏။ ကဗျာဆရာနေသောခြံလို့ ပြောစရာမလို၊ မြင်လိုက်တာနဲ့ သိသာသည်။ ခြံလေးထဲတွင် နှင်းဆီခင်းလေးရှိသည်။ ချယ်ရီပင်လေးအောက်တွင် ကွပ်ပျစ်လေးခင်းကာထား၏။ တစ်ခြံလုံးအများဆုံးစိုက်ပျိုးထားသော စိန်ပန်းပြာများကိုလည်း တွေ့ရသည်။ ခြံလေးက အေးချမ်းတိတ်ဆိတ်ပြီး ကဗျာဆန်ဆန်လေးလှပလှ၏။ ခြံဝက လူခေါ်ခေါင်းလောင်းကို တီးလိုက်တော့ အမျိုးသမီးတစ်ယောက် ခြံဝ ရောက်လာ၏။ မိုးထက်က . . .

"ဆရာ မောင်နှင်းမှုံများရှိပါသလားခင်ဗျာ"

အမျိုးသမီးက ဖော်ရွေစွာပြုံးပြ၍ . . .

"အိမ်မှာတော့ မရှိဘူးရှင့်။ မြို့ထဲသွားပါတယ်။ ဒါနဲ့ ဘယ်သူလဲ မသိဘူး"





"ကျွန်တော်က သူ့မိတ်ဆွေပါ၊ ရန်ကုန်ကပါခင်ဗျာ"

အမျိုးသမီးမျက်နှာ ခပ်တွေတွေတစ်ချက်ဖြစ်သွား၍ . . .

"ဟို . . စာရေးဆရာ တိုးနွယ်မြင့်ဆိုတာလား ရှင့်"

သူခေါင်းညိတ်ပြလိုက်တော့ . . . .

"သြော် . . . လာပါရှင့်၊ အထဲဝင်ပါ။ သူတော်ကြာ ပြန်လာပါလိမ့်မယ်။ ဆရာ့နာမည်ကိုတော့ ကျွန်မကိုပြောပြပါတယ်။ ပြင်ဦးလွင်ရောက်နေတယ်လို့လည်းပြောတယ်။ ကျွန်မကလည်း ဆရာ့ပရိသတ်တစ်ယောက်ပါ"

အမျိုးသမီး၏ ပြုံးရွှင်ဖော်ရွေမှုကြောင့် သူ့ရင်ထဲမှာ နွေးထွေးကာသွား၏။ ဧည့်ခန်းထဲရောက်တော့ ခဏထိုင်စောင့်ခိုင်းပြီး အနောက်ဘက်ထဲဝင်သွားသည်။ ခဏကြာတော့ နွားနို့ပူပူတစ်ခွက်ယူလာကာ သူ့ရှေ့ချပေးပြီး . .

"နွားနို့သုံးဆောင်ပါဦးရှင့်၊ ရှမ်းခေါက်ဆွဲရော ကြိုက်လားမသိဘူး"

မိုးထက် ကမန်းကတန်းလက်ကာပြလိုက်ကာ . . .

"နေပါ . . နေပါစေခင်ဗျ။ ကျွန်တော် ဟိုတယ်မှာ (Breakfast) စားခဲ့ပြီးပါပြီ။ ကျေးဇူးတင်ပါတယ်"

အမျိုးသမီးက ပြုံးပြ၍ နွားနို့ခွက်ကို သူ့ရှေ့သို့တိုးကာပေးပြီး . . .

"ဒါဆို နွားနို့လေးတော့ သုံးဆောင်လိုက်ပါဦး . . ခြံထွက်စစ်စစ်ပါ"

မိုးထက်ပြုံးပြပြီး နွားနို့တစ်ငုံ ငုံလိုက်သည်။ ခြံထွက်စစ်စစ် နွားနို့ဖြစ်သောကြောင့် ဆိမ့်ပြီးအရသာရှိလှ၏။ ထို့နောက် အမျိုးသမီးနှင့်ထွေရာလေးပါး ပြောကြသည်။ သူ့ဝတ္ထုထဲက ဇာတ်လမ်းလေးတွေကို ဝေဖန်သည်။ စကားပြောရင်းနှင့်ပင် အမျိုးသမီးနှင့်ကဗျာဆရာ၏ ဆက်စပ်မှုကို စုံစမ်းကြည့်ရာ လင်မယားမှန်းသိရလေသည်။

ကဗျာဆရာကတော်က ရှမ်းစပ်သောသူဖြစ်၍ အသားအရေလှပကာ မိန်းမချောထဲတွင်ပါသည်။ ကျက်သရေရှိ၍ မဟာဆန်ပြီး ကဗျာဆန်စွာလှသည်။ ရွေးလည်းရွေးတတ်တဲ့ ကဗျာဆရာပဲဟု တွေးမိ၍ပြုံးလိုက်မိသည်။

သူတို့ စကားကောင်းနေစဉ် ကဗျာဆရာပြန်ရောက်လာတာတွေ့လိုက်ရလေသည်။ မိုးထက်ကိုတွေ့တော့ ကဗျာဆရာ တအံ့တသြဖြစ်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ဆရာ ဘယ်တုန်းကရောက်နေတာလဲ။ ကျွန်တော်တောင် အပြန်လမ်းမှာ ဆရာ့အကြောင်းတွေးလာသေးတယ်။ ဆရာ့ဆီတောင် ဒီနေ့ လာတော့မလို့"

သူမျက်တပ်ထ၍ ကဗျာဆရာကို နှုတ်ဆက်လိုက်ပြီး . . .

"ဆရာ့ဆီပဲ လာတာဗျ။ လာလည်တာပေါ့ဗျာ ဟဲ . . ဟဲ"

ထို့နောက် ကဗျာဆရာကတော်က အေးအေးဆေးဆေး စကားပြောကြဦး ဟုပြောပြီး အနောက်ဘက်ထဲဝင်သွားလေတော့သည်။ အဲဒီတော့မှ သူလည်း . . .

"ဆရာ အားရောအားရဲ့လား၊ ကျွန်တော် ရောက်လာလို့အနှောင့်အယှက်များဖြစ်သွားသလားလို့"

ကဗျာဆရာက ကမန်းကတန်းခေါင်းခါပြီး . . .

"အားပါတယ်ဗျာ။ ကျွန်တော့်အတွက် ဘာအနှောင့်အယှက်မှ မဖြစ်ပါဘူး . . . ဒါနဲ့ ဘယ်ကလှည့်လာတာလဲ"

"ဆရာ့ဆီကိုပဲ တန်းလာတာဗျာ . . ဟိုဗျာ . . ဆရာ့အိမ်လည်းရောက်ဖူးအောင်ပေါ့ . . . နောက်တစ်ခု အကူအညီတောင်းစရာလေးတစ်ခုလည်းရှိလို့"

ကဗျာဆရာ ခဏတစ်ချက်မတ်သွားကာ . . .

"ဟာ ပြောလေ ဘာကူညီရမလဲ"

သူနှာခေါင်းကို တစ်ချက်ပွတ်လိုက်ရင်း . . .

"လာဗျာ . . ခြံထဲက ကွပ်ပျစ်လေးမှာထိုင်ရင်း ပြောရအောင်"

ကဗျာဆရာက ခေါင်းညိတ်၍ . . .

"ကောင်းသားပဲ . . . ခဏနေဦး ရေနွေးကြမ်းနဲ့ဆတ်သားခြောက်လုပ်ခိုင်းလိုက်ဦးမယ်"

"နေပါစေ မလုပ်ပါနဲ့တော့ . . ဒီမှာ နွားနို့တောင်မကုန်သေးဘူး"

"မကုန်ရင် ထားလိုက်ပေါ့ဆရာရယ် . . . ပြင်ဦးလွင်က ဆတ်သားခြောက်စစ်လို့ပါ"





မိုးထက် တားမနေတော့ပေ။ တားလည်းရမှာမဟုတ်ဘူးဆိုတာသိပါသည်။ ထို့နောက် ကဗျာဆရာက သူ့ဇနီးကို ဆတ်သားခြောက်ဖုတ်ခိုင်းပြီး ရေနွေးကြမ်းနဲ့ ခြံထဲကိုပို့ဖို့ လှမ်းအော်၏။ ထို့နောက် သူတို့ချယ်ရီပင်လေးအောက်က ကွပ်ပျစ်လေးကို ဆင်းလာခဲ့လိုက်ကြသည်။ ကွပ်ပျစ်ပေါ်ရောက်တော့ မိုးထက်ကပဲ စကားစပါသည်။

"ဆရာ့ အသိတွေထဲမှာ လိမ္မော်ခြံပိုင်တဲ့သူတွေများ ရှိသလား ဆရာ"

ရုတ်တရက် သူ့စကားကြောင့် ကဗျာဆရာတစ်ချက်တွေဝေသွားကာ

"ရှိပါတယ် ဆရာ ဘာလို့များလဲ"

မိုးထက် ပြုံးလိုက်ရင်း . .

"ရှိရင် အကူအညီတောင်းမလို့ပါ"

ကဗျာဆရာခေါင်းညိတ်၍ . . .

"ဘာအကူအညီများလဲ ပြောပါဦး"

"ကျွန်တော် အဲဒီ့လိမ္မော်ခြံလေးကို တစ်ရက်လောက်ငှားချင်လို့ပါ"

"ဗျာ"

ကဗျာဆရာမျက်လုံးပြူးကာ မိုးထက်ကိုကြောင်အမ်းအမ်းနဲ့ကြည့်၏။ မိုးထက်က ပြုံးစစဖြင့် . . .

"ဒီလိုပါ . . . ဆရာ့ကို ကျွန်တော် အကျိုးအကြောင်းပြောပြပါ့မယ်။ ဒါပေမယ့် အခုကျွန်တော်ပြောမယ့် ကိစ္စလေးကိုတော့ ဆရာ့ခေါင်းထဲမှာပဲ ထားပေးဖို့ အကူအညီတောင်းပါရစေ"

ကဗျာဆရာက ကြောင်တောင်တောင်ကြည့်နေရင်းမှ ခေါင်းညိတ်ပြသည်။ အဲဒီ့အချိန်မှာ ဆတ်သားခြောက်နဲ့ရေနွေးကြမ်းရောက်လာ၍ စကားခဏဖြတ်လိုက်၏။ ကဗျာဆရာကတော် ပြန်ထွက်သွားတော့မှ မိုးထက်က စကားတို ဆက်ပြောသည်။

"ကျွန်တော် ဒီပြင်ဦးလွင်ကိုတက်လာတဲ့ ရည်ရွယ်ချက်က စာလာရေးတာပါ"

ကဗျာဆရာက ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စာရေးရင်းနဲ့ ကျွန်တော့်ဘဝမှာ တကယ့်အဖြစ်အပျက်လေးနဲ့ သွားကြုံပါတယ်"

ခေါင်းညိတ်ပြပြန်သည်။

ထို့နောက် မိုးထက်က ကြုံတွေ့ခဲ့ရတာတွေကို ပြောပြသည်။ အလက်ာနဲ့တွေ့ပုံ၊ သူတက်လာတဲ့ရည်ရွယ်ချက်နဲ့ အပြင်လောက လာတိုက်ဆိုင်ပုံကို ရှင်းပြသည်။ ထို့နောက် အလင်္ကာက သူ့လိမ္မော်ခြံကို လိုက်လည်ချင်ကြောင်းပြောပြီး သူ့မှာလိမ္မော်ခြံတစ်ခြံကို တစ်ရက်လောက် အသုံးပြုချင်ကြောင်း ရှင်းပြလိုက် တော့ . . .

"ကျွန်တော် သဘောပေါက်ပြီ၊ ကျွန်တော် သဘောပေါက်ပြီ၊ ဆရာက တကယ့်ဒိတ်ဒိတ်ကျဲနဲ့မှ ဇာတ်လမ်းသွားဖြစ်နေတာကိုး"

မိုးဆက်က လက်ကာပြကာ . . .

"ဇာတ်လမ်းဖြစ်နေတာ မဟုတ်ပါဘူးဗျာ . . . ဇာတ်လမ်းဆင်နေတာပါ။ ဒါပေမယ့် ဒီဇာတ်လမ်းအတွက် သူ့ကိုဘာမှထိခိုက်စရာမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဇာတ်ကောင်နာမည်တွေအားလုံးပြောင်းမှာလေ၊ အဲဒီတော့ ဘယ်သူသိနိုင်မလဲ"

ကဗျာဆရာက မျက်မှောင်ကြုတ်သည်။

"ဘယ်သူမှမသိပေမယ့် သူသိနေမှာပေါ့"

မိုးထက်က သက်ပြင်းကိုချသည်။ ပြီးတော့ အဝေးတစ်နေရာကို ငေးကာကြည့်သည်။

"အဲဒါတော့ မတတ်နိုင်ပါဘူးဗျာ . . . စာရေးဆရာတိုင်းဟာ သူတို့ရဲ့စာအုပ်တွေထဲမှာ တကယ့်အဖြစ်အပျက်လေးတွေ ထည့်ရေးတတ်ကြတာပါပဲ။ ဒါပေမယ့် အဲဒီတကယ့်အဖြစ်အပျက်တွေထဲမှာပါတဲ့ သူတွေကိုတော့ ဘယ်သူမှမသိအောင်၊ ဘယ်လိုမှမထိခိုက်အောင် ကာကွယ်ပေးကြပါတယ်။ အဲဒါကြောင့် စာချို့စာအုပ်တွေထဲမှာပါတဲ့အရာတွေဆို ကာယကံရှင်တွေကိုယ်တိုင်တောင်မသိပါဘူး . . . ဒါပေမယ့် ကျွန်တော့်ဟာကျတော့ ကံမကောင်းဘူးလို့ ဆိုရမယ်။ ပရိသတ်က ဘယ်သူ့ဆိုတာမသိပေမယ့် ကာယကံရှင်





ကတော့ သိမှာအမှန်ပဲ"

ကဗျာဆရာက ပြောသည်။

"အဲဒီအချိန်ကျရင် ဆရာဘာလုပ်မလဲ"

"ကျွန်တော်လည်း မပြောတတ်သေးဘူးဗျ . . . အခု ကျွန်တော့်ဝတ္ထုရဲ့ ရှေ့ဆက်မယ့် ဇာတ်လမ်းကိုတောင် ကိုယ့်ဘာသာကိုယ်မသိသေးတာ . . "

မိုးထက်ပြောရင်း သက်ပြင်းကိုချ၍ ခေါင်းကိုငုံ့လိုက်သည်။ ပြီးတော့ စကားကို ခပ်မှိန်မှိန်ဆက်ပြောသည်။

"ကျွန်တော့်အတွက် အနာဂတ်ကိုကြိုမတွေးတာက ဒီအချိန်မှာ ပိုအကျိုးရှိပါလိမ့်မယ်"

ကဗျာဆရာက အချိန်ကြာကြာငေးကြည့်နေရင်းမှ နားလည်စွာခေါင်းကိုညိတ်ပြ၏။ ပြီးနောက် မိုးထက်ကိုခေါ်သွားပြီး သူ့မိတ်ဆွေ လိမ္မော်ခြံပိုင်ရှင်နှင့် မိတ်ဆက်ပေးသည်။ အကြောင်းပြချက်ကိုတော့ ဝတ္ထုထဲမှာပါသည့် ဇာတ်ဝင်ခန်းလေးတစ်ခုအတွက် လိုအပ်နေသောကြောင့် ထိုလိမ္မော်ခြံလေးကို ငှားရမ်းချင်ကြောင်း အကြောင်းပြ၏။

လိမ္မော်ခြံပိုင်ရှင်ကလည်း သဘောကောင်း၏။ စီးပွားရေးသမားဖြစ်သောကြောင့် စာအုပ်စာပေတွေနှင့် ဝေးကွာနေသော်လည်း အနုပညာသမားတွေကို လေးစားကြောင်း၊ မိုးထက်ရဲ့ ကလောင်နာမည်ကို ကြားဖူးနားဝရှိသော်လည်း တစ်အုပ်မှမဖတ်ဖူးကြောင်း၊ သို့သော် အခုလိုလာရောက် အကူအညီတောင်းခြင်းအတွက် ဝမ်းမြောက်ဝမ်းသာကြိုဆိုကြောင်းပြောပြီးနောက် သူ့လိမ္မော်ခြံလေးကို ကြိုက်သလောက် လာရောက်လည်ပတ်ပါဟု ပြောသည်။

နောက်ဆုံး ခြံငှားခကိုတောင် ဘယ်လိုပြောပြောမယူဘဲ အကူအညီပေးလိုက်သည်။ ထို့နောက် မိုးထက်နှင့်ကဗျာဆရာကို လိမ္မော်ခြံသို့ခေါ်သွားသည်။ လားရှိုးဘက်အထွက်လမ်း မိုးကြိုးပစ်ရွာအကျော်တွင် သာယာလှပသော လိမ္မော်ခြံလေးကို တွေ့ရသည်။ ခြံထဲမှာ ဝါးနဲ့လုပ်ထားတဲ့ ခိုင်ခန့်လှပသော တဲလေးတစ်လုံးရှိသည်။ ခြံစောင့် ဂေါ်ရခါးလေးတစ်ယောက်နေသည်။ မိုးထက်က ခြံစောင့် ဂေါ်ရခါးလေးကို မနက်ဖြန်အိမ်ပြန်ချင်လည်း ပြန်နိုင်ကြောင်း



www.burmeseclassic.com

ပြောပြီး မုန့်ဖိုးပေးလိုက်တော့ ဂေါ်ရခါးလေးကပျော်ပြီး ခေါင်းညိတ်ပြ၏။

ထိုကိစ္စကိုလည်း ခြံပိုင်ရှင်အား . . .

"ကျွန်တော် ဒီချာတိတ်လေးကို ပြန်လွှတ်လိုက်တယ်။ မနက်ဖြန် ဒီခြံမှာ ကျွန်တော်တစ်ယောက်တည်း အေးအေးဆေးဆေးလေးနေချင်လို့ပါ။ ပြီးတော့ ကျွန်တော့်အသိတစ်ယောက်ကလည်း လိမ္မော်ခြံကိုလိုက်လည်ဦး မယ်ပြောလို့ ချာတိတ်အနေရ ကျဉ်းကျပ်မှာစိုးလို့ပါ"

ခြံပိုင်ရှင်က ဘာမှမပြော ခေါင်းညိတ်ပြပြီးသာ . . .

"လုပ်ပါ . . . ကိုယ့်ညီ စိတ်တိုင်းကျလုပ်ပါ၊ ကိုယ့်အတွက်ဘာမှ အပန်းကြီးတာမှ မဟုတ်တာ"

မိုးထက်လည်း ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောပြီးနောက် ပြန် လာခဲ့လိုက်တော့သည်။ ကဗျာဆရာက အပြန်လမ်းမှာ သူ့နားကပ်၍ . . .

"ဆရာ ဇာတ်လမ်းဆင်ရင်းက တကယ်ဖြစ်သွားဦးမယ်နော်"

ဟု သူ့ကိုရယ်စစဖြင့် နောက်၏။ သူပြုံးပြလိုက်ကာ . . .

"ကျွန်တော့်လို အညတရတစ်ယောက်ကို ဘယ်သူက စိတ်ဝင်စားမှာ လည်းဗျာ"

ကဗျာဆရာက သူ့ပခုံးကို ရင်းရင်းနှီးနှီးပုတ်ကာ . . .

"စာရေးဆရာကလည်း စကားတတ်နေပြန်ပြီ . . . ဟိုက အဲဒါလေး တွေ ကြွေသွားရင် ဒုက္ခ"

သူတို့ပေါ့ပေါ့ပါးပါးရယ်ဖြစ်ကြသည်။ လောကကြီးသည် အခုတော့ အားလုံးအဆင်ပြေသွားပြန်ပြီ။ မနက်ဖြန်သည် သူနဲ့အလက်ာအတွက် သာယာ လှပမယ်ဆိုတာ မိုးထက်ယုံကြည်မိသည်။ ဟိုအဝေးတောင်တန်းတွေပေါ်မှာ မြူခြေငွေ့ငွေ့ကိုတွေ့ရ၏။





မနက်ကို ခြောက်နာရီခွဲကတည်းက နိုးနေမိသည်။ ဒီနေ့အတွက် စိတ်လောနေ၍ ညတော်တော်နဲ့ အိပ်မပျော်ခဲ့။ သန်းခေါင်ကျော်လောက်မှ တောင်တွေး၊ မြောက်တွေးရင်း နှင့်အိပ်ပျော် သွားခဲ့၏။ မျက်နှာသစ်ပြီးနောက် တံခါးကိုအသာဖွင့်ပြီး အလက်ာ့အခန်းဘက် ကို လှမ်းလာလိုက်တော့ လှုပ်ရှားမှုကို မတွေ့ရသေးပေ။

သူက စိတ်စောနေ၍ဖြစ်သည်။ သွားဖို့ချိန်းထားတာက ကိုးနာရီ လောက်မှဖြစ်၍ တော်တော်စောနေသေး၏။ ထို့ကြောင့် အိပ်ရာထဲပြန်ခွေပြီး စောင်ခြုံထားလိုက်သည်။ ပြန်အိပ်လို့လည်း မရတော့မယ့်အတူတူ ခုတင်ဘေး က စားပွဲပေါ်တင်ထားသော စာမူကိုယူ၍ ပြန်ဖတ်ကြည့်နေမိ၏။ အလက်ာနဲ့ စတွေ့တဲ့နေ့ကတည်းက ဒီနေ့အထိအဖြစ်အပျက်တွေကို အခြေခံထားသော စာမူလေးကိုဖတ်ရင်း မိုးထက်ပြုံးနေမိသည်။

ဇာတ်သိမ်းကို ဘယ်လိုလုပ်မလဲ စဉ်းစားမိ၍ဖြစ်၏။ ဝတ္ထုတစ်ပုဒ် ၏ အစ၊ အလယ်၊ အဆုံး သုံးမျိုးလုံးအရေးကြီးသော်လည်း ဇာတ်သိမ်းသည် ဇာတ်လမ်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံးရဲ့ အဆုံးသတ်ဖြစ်သလို အရေးအကြီးဆုံးကဏ္ဍလည်းဖြစ်သည်။ အခု သူ့ဝတ္ထုက အစနဲ့အလယ်မှာ ပြဿနာမရှိ။ ဇာတ်လမ်းသဘောအရ ဇာတ်ကောင်နှစ်ယောက်ကို ဆုံပေးဖို့နဲ့ ကွဲပေးဖို့ရှိ၏။ ပြီးတော့ 'အချစ်' အချစ်ကိုလည်း ပါဝင်ပေးဖို့လိုသည်။ ပထမပိုင်းအခန်းများကို အချစ်မပါဘဲ ကျော်ဖြတ်ခဲ့၍ရသော်လည်း တစ်ဝက်လောက်မှစ၍ 'အချစ်'ဆိုတဲ့ အရာကို ထည့်ပေးမှ ဖြစ်လိမ့်မည်။ အဲဒါမှလည်း ဝတ္ထုဇာတ်လမ်းတစ်ပုဒ်က အဓိပ္ပာယ်ရှိသည်။

ဒီအတိုင်း အလင်္ကာနဲ့ တွေ့ဆုံနေသမျှသာ လျှောက်ရေးနေလို့မဖြစ်တော့၊ ဒါဆိုဝတ္ထုမဟုတ်ဘဲ ဒိုင်ယာရီလိုလို၊ ကိုယ်ရေးရာဇဝင်လိုလိုတွေဖြစ်ကုန်တော့မည်။ ပြီးတော့ အချစ်မပါရင် ဒီဝတ္ထုလေးသည် ဆားမပါတဲ့ ဟင်းလို ပေါ့ပျက်ပျက်နှင့်ရည်ရွယ်ချက်မရှိဘဲ ရေးနေရသလိုဖြစ်မည်။

ဒါဆို ဘယ်လိုလုပ်ရမလဲ . . .

မိုးထက် စဉ်းစား၏။ ရုတ်တရက် အဖြေကထွက်မလာ . . .

ဇာတ်လမ်းသဘောအရ သူ့အလင်္ကာကိုအပြင်မှာတကယ်ပဲ ကြိုးစားရမလား . . .

ဒါတော့ အန္တရာယ်တော်တော်များသည် ဟု မိုးထက်တွေးမိ၏။ အခုလို ဇာတ်လမ်းလိုက်ဆင်ပြီး ခင်မင်မှုကို အသုံးချမိနေတာတောင် တော်တော်လွန်လှပြီ . . .။ ပြီးတော့ ကြိုးစားကြည့်မိရင်တောင် သူ့လို လူတစ်ယောက်ကို အလင်္ကာလိုမင်းသမီးက ပြန်စိတ်ဝင်စားပါ့မလား . . . အလင်္ကာ့ဘေးမှာ ဝိုင်းဝိုင်းလည်နေမည့်သူတွေထဲမှာ သူ့လို သာမန်လူတစ်ယောက်သည် ဘာမှ အရေးပါမည် မဟုတ်ပေ။ ပြီးတော့ ခင်မင်မှုကို အခွင့်အရေးယူတယ်ဆိုပြီး မုန်းတောင်မုန်းသွားဦးမည်။

မိုးထက် ခေါင်းကိုကုတ်၍ ငုတ်တုတ်ထထိုင်မိ၏။ ဝတ္ထုကလည်း ရေးရင်း ရေးရင်းနှင့် အလယ်လောက်ရောက်လာ၍ အချစ်ဆိုတဲ့အရာနဲ့ (Tempo) ကိုဆွဲတင်ရတော့မယ့် အနေအထားကို ရောက်နေလေပြီ . . .။ အပြင်လောကနဲ့ဝတ္ထုသည် ဘယ်လောက်ပဲ လက်တွေ့ဆန်ဆန်အပ်စပ်ချင်တယ်ပြောပြော





အနေအထားအရ အများကြီးကွာနေ၏။ ဒါဆိုဘာလုပ်ရမလဲ ? . . . .

ကိုယ့်ဘာသာကိုယ်ပဲ ဇာတ်လမ်းစဉ်းစားပြီး ဆက်ရေးမလား . . .

ဒီလိုကျတော့လည်း ကိုယ့်ဘာသာကိုယ်ရင်းနှီးခဲ့ရတာတွေ နှမြောသွား၏။

ဒါဆိုလက်တွေ့ကျကျပဲ အလင်္ကာကို ကြိုးစားကြည့်မလား . . .

ဒါကတော့ မဖြစ်နိုင်တဲ့ဘက်မှာ ရာခိုင်နှုန်း ၉၉%လောက်ရှိနေ၍ ခေါင်းရှုပ်သွား၏။

နောက်ဆုံးဘယ်လိုမှ တွေးမရတော့၍ ဒီရက်ပိုင်းမှာ ဝတ္ထုကိုခဏနားထားလိုက်မည် ဟုတွေးထားလိုက်ပြီး ခုတင်ပေါ်ပြန်လှဲလိုက်တော့သည်။

နောက်မှ ခေါင်းအေးအေးထားပြီး ဒီဝတ္ထုလေးကို ဆက်ကိုင်မည်ဟု ဆုံးဖြတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လေပြည်နုနုသည် ပန်းရနံ့မျိုးစုံကိုသယ်ဆောင်၍ လိမ္မော်ခင်းကလေးကိုဖြတ်ကာ အလင်္ကာရဲ့ဆံနွယ်လှလှလေးတွေကို လွင့်ဝဲသွားလေသည်။ ဟိုး အဝေးတောင်ခြေရှိ ရွာလေးဆီမှ ခွေးအူသံသဲ့သဲ့ကို လေသင့်၍ကြားနေရသည်။ မြူလွှာပါးပါးအောက်တွင် ဝါးတဲလေးရှေ့က ကမ္မလေးပေါ်တွင် အလင်္ကာ မတ်တပ်ရပ်လျက် အဝေးကို ငေးမော၏။

ဆူဇီက အလင်္ကာ့နားမှာလာပြီး မတ်တပ်ရပ်သည်။

"ရှုခင်း အရမ်းလှတယ်နော်"

အလင်္ကာက ခေါင်းကိုညိတ်ပြရင်း . .

"အလင်္ကာ ဒီလို လွတ်လွတ်လပ်လပ်နေချင်တာကြာပြီ သိလား၊ အခုလို အားလပ်တဲ့ရက်ကလေးမှာ ဒီလိုနေရာမျိုးကို အေးအေးဆေးဆေး လာခွင့်ရတဲ့အတွက် ကိုမိုးထက်ကို ကျေးဇူးတင်တယ်"

ဆူဇီကလည်း ထောက်ခံတဲ့သဘော ခေါင်းညိတ်၍ . . .

"ဟုတ်တယ်နော် ကိုမိုးထက်က သဘောကောင်းတယ်၊ ပြီးတော့ သူ့ကြည့်ရတာ လွတ်လွတ်လပ်လပ်နဲ့ ပျော်ပျော်နေတတ်တဲ့ ပုံပဲသိလား"





အလင်္ကာက ပြုံးသည်။ ပြီးတော့ . . .

"ပြီးတော့ သူ့မှာ ထူးခြားတဲ့အချက်တစ်ချက်ရှိတယ် ဆူဇီသတိထားမိလား"

ဆူဇီက ဘာပါလိမ့်ဆိုတဲ့သဘော မျက်လုံးလှန်ပြီးကြည့်တော့ . . .

"သူက တခြားသူတွေနဲ့ မတူဘူး၊ အလင်္ကာ့ကို မင်းသမီးတစ်ယောက်အနေထက် မိတ်ဆွေတစ်ယောက်လို ဆက်ဆံတယ်၊ အလင်္ကာ့ပတ်ဝန်းကျင်မှာ ဆူဇီသိတဲ့အတိုင်းပဲ အလင်္ကာ့ကိုဆက်ဆံတဲ့လူတွေမှန်သမျှ မင်းသမီးတစ်ယောက်လိုပဲ ဝိုင်းပြီးဆက်ဆံကြတယ်၊ ပြီးတော့ အခွင့်အရေးတွေပေးကြတယ်။ လေးစားမှုတွေပြကြတယ်။ ဒါပေမယ့် . . . ဒီလို အခြေအနေတွေအားလုံးဟာ အလင်္ကာဆိုတဲ့မင်းသမီးအတွက်ပဲ . . . အလင်္ကာဆိုတဲ့ သာမန်ကောင်မလေးအတွက် မဟုတ်ဘူး"

ဆူဇီက ခေါင်းကိုညိတ်သည်။ အလင်္ကာက စကားကိုခဏရပ်ပြီး သက်ပြင်းကိုချ၏။ စိန်ပန်းပင်ကြီးအောက်မှာဖြစ်၍ သစ်ရွက်ကြွေတချို့က သူတို့ကိုယ်ပေါ်သို့ ဖြည်းဖြည်းချင်းဝဲဝိုက်ကာ ပြုတ်ကျလေသည်။ ပခုံးပေါ်လာတင်နေသော သစ်ရွက်ခြောက်လေးတစ်ခုကို အလင်္ကာဖယ်လိုက်ရင်း . . .

"မင်းသမီးဆိုတဲ့အလွှာကို ခဏဖယ်လိုက်ကြည့်တယ်။ ခုနရတဲ့ အခွင့်အရေးတွေအားလုံး ပျောက်ဆုံးသွားမယ်ဆိုတာ အလင်္ကာသိတယ်"

ဆူဇီက သက်ပြင်းကိုချ၏။

"အဲဒီလိုလည်း ဘယ်တွက်လို့ရပါ့မလဲ အလင်္ကာရယ်၊ လောကကြီးမှာ အကြောင်းရှိလို့ အကျိုးဖြစ်လာရတာလေ"

အလင်္ကာက ဖြည်းညင်းစွာခေါင်းကိုခါ၍ . . .

"ကိုမိုးထက်ကတော့အကြောင်းရှိလို့ အလင်္ကာ့ကို လာခင်နေတာမဟုတ်ဘူးလို့ အလင်္ကာ့စိတ်ထဲမှာ သိနေသလိုပဲ၊ သူ့ဘက်က မင်းသမီးတစ်ယောက်ကို ခင်ချင်တဲ့ စိတ်ထက် အလင်္ကာဆိုတဲ့ကောင်မလေးကို ခင်ချင်တဲ့စိတ်က ပိုများတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ပုံစံကြည့်ရတာ ရိုးသားပွင့်လင်းလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆူဇီက ဝင်ပြီး . . .

"အဲဒါကတော့ ဆူဇီထောက်ခံတယ် . . . ကိုမိုးထက်နဲ့စတွေ့တုန်းက အူကြောင်ကြောင်နဲ့ ဆူဇီတောင် အမြင်ကတ်သေးတယ်လေ၊ တကယ်တော့ အဲဒီကြုံတွေ့ရတဲ့အချိန်က သူ့အူကြောင်ကြောင်နိုင်တာမဟုတ်ဘူး။ ရိုးရိုးသားသားနဲ့ တကယ်ဖြစ်သွားတာ။ ပြီးတော့ သူက ဆူဇီတို့နဲ့ တိုက်ဆိုင်မှုလေးရှိလို့ မိတ်ဆွေတွေဖြစ်သွားတာ သူ့ဘက်က ကြိုးစားပြီးခင်တာမဟုတ်ဘူး"

အလက်ာက ခေါင်းကိုညိတ်ပြသည်။

"ဟုတ်တယ် အဲဒါကိုပဲ အလက်ာဆိုလိုတာ . . . ခင်သွားတော့လည်း ပျော်ပျော်ပါးပါးနဲ့ ပုံမှန်ပဲဆက်သွားတယ်၊ ပြီးတော့ မင်းသမီးဆိုတာထက် သာမန်မိန်းကလေးမိတ်ဆွေလို ဆက်ဆံတယ်"

ဆူဇီက . . .

"အခုလည်း သူဘယ်ရောက်သွားတာလဲ"

"သူ့အသိခြံမှာ နွားနို့သွားယူတယ်လေ၊ အလက်ာတို့ကို ကျွေးဖို့တဲ့"

"အလက်ာက မတားဘူးလား အားနာစရာ"

အလက်ာက ပြုံးရင်းခေါင်းခါပြီး . . .

"တားလည်းရမှာမှမဟုတ်တာ အဲဒါကြောင့် ကျေးဇူးပဲလို့ပြောလိုက်တယ်"

"ခစ် ခစ် မတားတာထက်၊ မတားချင်တာ မဟုတ်လား၊ ကိုမိုးထက် ကျွေးတိုက်တဲ့နွားနို့ကို သောက်ချင်နေတယ်မလား"

အလက်ာက ချစ်စရာကောင်းလောက်အောင် ရှက်သွားပြီး ဆူဇီ့ကို ရွဲ့သလိုလှမ်းကာ . . .

"ဟုတ်တယ် . . ဟုတ်တယ် ဘာဖြစ်လဲ"

ဟု ဆိုသည်။ ဆူဇီကလည်း . . . .

"အေးပေါ့လေ . . . . မဝေခင်က ကြွေချင်နေတော့လည်း . . . "

ဟု ပြန်ပြောရုံရှိသေး၏။ အလက်ာက ဆူဇီ့ကိုအတင်းလိုက်ရိုက်၍





ဆူဇီထွက်ပြေးရလေတော့သည်။ အခုတော့လည်း အလက်ာသည် မင်းသမီးတစ်ယောက်ထက် ကလေးတစ်ယောက်နဲ့တူနေသည်။

လိမ္မော်ခြံလေးထဲမှာ သူတို့ပြေးလွှားရင်း ဆော့ကစားနေကြသည်မှာ ပတ်ဝန်းကျင်အလှနဲ့ တော်တော်လိုက်ဖက်လှ၍ လိပ်ပြာလေးများမြူးတူးနေသည်နှင့်ပင် တူနေသေးသည်။

နှင်းမြူလေးများကတော့ တဖြည်းဖြည်းပါးလာပါပြီ . . .



www.burmeseclassic.com

www.burmeseclassic.com



နွားနို့ (၅၀)သား၊ ကြက်ဥ (၁၀)လုံး၊ ဆတ်သားခြောက် တစ်ထုပ်ကို အရင်ယူလာခဲ့သည်။ အရင်ယူလာခဲ့သည်ဆို၍ နောက်မှာ ထပ်ရောက်လာစရာ ရှိကြောင်း သိသာသည်။ ဟုတ်ပါသည်။ အနောက်မှာ ကဗျာဆရာတို့ ဇနီးမောင်နှံ ပါလာ၏။ သူတို့က ဈေးထဲဝင်၍ ဟင်းချက်စရာများ ဝင်ဝယ်နေသောကြောင့် ဖြစ်၏။ သူကတော့ မနက်ပိုင်းနွားနို့ပူပူလေးကို အလက်ာတို့အား အရင်ကျွေးတိုက်ချင်၍ အရင်ပြန်လာခဲ့ခြင်းဖြစ်သည်။

ခြံထဲရောက်တော့ တဲလေးရဲ့အရှေ့ကကွပ်ပျစ်မှာ ထိုင်နေတဲ့ အလက်ာ တို့ကိုတွေ့လိုက်ရသည်။ သူ့ကိုတွေ့တော့ အလက်ာရော ဆူဇီပါ ပြေးလာ၍ . . .

"ကိုမိုးထက် ဘာတွေဝယ်လာတာလဲ များလှချည့်လား၊ ပေး ပေး အလက်ာ့တို့ ဝိုင်းသယ်ပေးမယ်"

"ဟာ . . နေ. . . နေ ရတယ် ကျွန်တော်နိုင်ပါတယ်။ ထိုင်နေကြပါ"

သို့သော်လည်း မရပေ။ ကြက်ဥထုပ်နဲ့ဆတ်သားခြောက်ထုပ်ကို





ပျော်ပျော်ပါးပါး ဝိုင်းသယ်သွားကြလေသည်။ တဲလေးထဲရောက်တော့ ကြိုတင်စီစဉ်ထားတဲ့ ဂက်(စ်)မီးဖိုအသေးလေးကိုဖွင့်၍ နွားနို့ကိုတည်သည်။ နွားနို့တည်နေချိန်မှာ မီးသွေးမီးဖိုလေးတစ်ခုကို တဲလေးအရှေ့ဘက်မှာ ပြုလုပ်လိုက်ပြီး ဆတ်သားခြောက်ကို ဖုတ်လိုက်၏။

အလက်ာတို့ တော်တော်ပျော်နေကြတာတွေ့ရသည်။ ဆတ်သားခြောက်ကို ကိုယ်တိုင်သွားဖုတ်သည်။ မိုးထက်က နွားနို့အိုးကိုတစ်ချက် တစ်ချက် ပြေးကြည့်ရင်း အလက်ာတို့နဲ့ စကားသွားပြော၏။

"အလက်ာက ဆတ်သားခြောက်ဖုတ်တတ်လို့လား"

အလက်ာက ဖျတ်ခနဲမျက်စောင်းလှည့်ထိုးကာ . . .

"အမယ် အထင်သေးလိုက်တာ၊ အိမ်မှာဆို ကိုယ့်ဘာသာချက်စားတာသိလား"

မိုးထက် တအံ့တဩနှင့် . . .

"ဟုတ်လား . ကိုယ်က အလက်ာ့ကို ဟင်းတွေဘာတွေ ကိုယ်တိုင်မချက်တတ်ဘူးထင်လို့"

အဲဒီအချိန်မှာပဲ ဆတ်သားခြောက်တစ်တွဲကို တစ်ဖက်လှန်လိုက်ရင်း . . . ဆူဇီက . . .

"ကိုမိုးထက် ယုံလိုက် အလက်ာက ဟင်းချက်အရမ်းကောင်းတာ၊ သူချက်တဲ့ဟင်းသာ ကိုမိုးထက် စားမိလိုက်ရင် ဆွေမျိုးမေ့သွားမှာအမှန်ပဲ"

"ဟာ အဲဒါဆို အတော်ပဲ ကျွန်တော်လည်း ဆွေတွေမျိုးတွေ မေ့ချင်နေတာနဲ့"

အလက်ာနဲ့ဆူဇီတို့ ရယ်ကြသည်။ ထိုအချိန်မှာပဲ ကဗျာဆရာနဲ့ သူ့ဇနီးတို့ ရောက်လာကြတော့သည်။ ထမင်းချက်စားမယ့်အစီအစဉ်ကို အလက်ာတို့ကို ပြောမပြထား၍ အလက်ာတို့ကအံ့ဩနေကြလေသည်။ မိုးထက်က ကဗျာဆရာနဲ့ သူ့ဇနီးကိုပြ၍ . . .

'ဒါ ကျွန်တော့်မိတ်ဆွေလေ ကိုသန်းထွန်းတဲ့ သူကဒီမြို့မှာနေတာ၊ ဟိုဘက်ကတော့ သူ့ဇနီးပေါ့ မရွှေရည်လို့ခေါ်တယ်။ အလက်ာ့ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



မရွှေရည်တို့နဲ့ထူးပြီး မိတ်ဆက်ပေးစရာမလိုတော့ဘူး ထင်ပါတယ်"

ကဗျာဆရာကတော်က ဟန်ဆောင်မှုမှာတိကျသည်။ ကြိုတင်ပြောဆိုပြီးသားဖြစ်၍လည်း မရွှေရည်ဘက်က ဇာတ်လမ်းတွေကို ကြိုသိနေ၏။ သို့သော် ဒီလိုနာမည်ကြီး မင်းသမီးတစ်ယောက်နဲ့ နဖူးတွေ့ဒူးတွေ့စကားပြောရတော့ ရင်တွေခုန်နေမိတာတော့အမှန်ပင် . . .။

"မင်းသမီးကို ကျွန်မကအရမ်းကြိုက်တာ၊ အခုလို အပြင်မှာတွေ့တော့ စကားပြောရတော့ ချောလိုက်တာ၊ TV ထဲမှာထက်တောင် ပိုချောသေးတယ်သိလား"

အလက်ာကလည်း ရင်းရင်းနှီးနှီးပြန်၍ . . . .

"ကျေးဇူးတင်ပါတယ် အစ်မရယ်၊ ဟိုလေ . . . အလက်ာ့ကို ရင်းရင်းနှီးနှီး အလက်ာလို့ပဲခေါ်ပါ၊ မင်းသမီးလို့ မခေါ်ပါနဲ့နော်"

"အောင်မလေး ကျေးဇူးတင်လိုက်တာ၊ အခုလိုမင်းသမီး အဲ . . . အလက်ာနဲ့တွေ့ခွင့်ရတာ အရမ်းဂုဏ်ယူတာပဲ . . . ဒီကဆရာ . . . အဲ . . ကိုမိုးထက်ကို ကျေးဇူးတင်နေတာ"

မရွှေရည်ပါးစပ်က ဆရာလို့တစ်ခွန်းထွက်သွား၍ မိုးထက် တော်တော် မျက်နှာပျက်ယွင်းသွား၏။ သို့သော် သူမဘက်က အမြန်ပြန်ပြင်ပြောလိုက်၍ မိုးထက် သက်ပြင်းကိုကြိတ်ချလိုက်မိသည်။ သူမျက်နှာပျက်သွားတာကို အလက်ာတို့ကလည်း သတိမထားမိလိုက်၍ တော်ပါသေးသည်။ ကဗျာဆရာက သူ့မိန်းမစကားပြောမှားသွားမှာကိုစိုးရိမ်၍ စကားအမြန်ဝင်ဖြတ်ကာ . . .

"ကဲ . . ရွှေရွှေ ချက်စရာရှိတာ သွားချက်ရအောင်လာ . . . ဒီမှာ ကိုမိုးထက်တို့ လွတ်လွတ်လပ်လပ် စကားပြောပါစေ"

မရွှေရည်က အလက်ာ့ကို နှုတ်ဆက်၍ တဲအတွင်းသို့ ဝင်သွားသည်။ ကဗျာဆရာကလည်း သူ့မိန်းမနောက်လိုက်သွား၏။ ကဗျာဆရာစုံတွဲ ထွက်သွားတာကို အလက်ာနဲ့ ဆူဇီကလိုက်ကြည့်ပြီး . . .

"ကိုမိုးထက် သူတို့က ဘာတွေသွားချက်မှာလဲ ဟင်"





မိုးထက် ပြုံး၍ . . .

"ဒီမှာ နေ့လယ်စာကို အလက်ာတို့ကို ချက်ကျွေးမလို့လေ . . . အဲဒါ ကျွန်တော့်သူငယ်ချင်းကို အကူအညီတောင်းထားတာ"

အလက်ာမျက်လုံးလေးပြူးသွားကာ . . .

"ဟယ်တော့ . . . အားနာလိုက်တာ၊ ကြိုလည်းမပြောဘူး ကြည့်စမ်း၊ ဒီလိုမှန်းသိရင် လိုက်မလာပါဘူး"

"ဘာဖြစ်လို့လဲ အလက်ာရယ် ကျွန်တော်ကအိမ်ရှင်ပဲ၊ ဧည့်သည်ကို တာဝန်ကျေရမှာပေါ့ဗျာ၊ ပြီးတော့ အလက်ာနဲ့ ကျွန်တော့်ကြားမှာ အားနာတယ်ဆိုတဲ့စကားရှိလို့လား"

အလက်ာက မိုးထက်ကို ဖျတ်ခနဲမော့ကာကြည့်၏။ မျက်လုံးချင်းစကွန့်ပိုင်းအတွင်းဆုံကြပြီး မိုးထက်က အရင်ဆုံးလွှဲပစ်လိုက်သည်။ အလက်ာက . . . .

"ဒါဆို အဲဒီ့အစ်မနဲ့ အလက်ာတို့ သွားကူလုပ်မယ် . . . ဒီလိုမှ ခွင့်မပြုရင်တော့ မစားဘူး"

မိုးထက်က ကမန်းကတမ်းတားတော့ . . .

"ဘာလဲ အားနာလို့လား . . . ကိုမိုးထက်နဲ့ အလက်ာတို့ကြားမှာ အားနာတယ်ဆိုတဲ့စကား ရှိလို့လား"

ပြောပြီး ဆူဇီ့လက်ကိုဆွဲကာ တဲလေးအတွင်း ဝင်သွားပါတော့သည်။ မိုးထက်တစ်ယောက်သာ ကြောင်တောင်တောင်ကြီးကြည့်ရင်း ကျန်ခဲ့ရတော့၏။

ပြီးတော့ ဆွံ့အနေသည်။

သေချာတာတစ်ခုတော့ ရှိ၏။

သူ့ရင်တွေအရင်ကနဲ့မတူ တော်တော်လေးခုန်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မရွှေရည်ကို သူ့ယောကျ်ားကဆူသည်။ မိုးထက်ကို ဆရာဆိုတဲ့ စကားတစ်ခွန်းမှား၍ ထွက်သွားသောကြောင့်ဖြစ်၏။ ဆူတာတောင်မှ တဲအရှေ့မှာရှိသည့် အလက်ာတို့ကြားသွားမှာစိုး၍ ကြိတ်ပြီးဆူရသည်။ မရွှေရည်ကတော့ နောက်တစ်ခါ မမှားတော့ပါဘူး ဆိုပြီး ကတိပေးလိုက်တော့မှ ကဗျာဆရာပါးစပ် ပိတ်သွားသည်။

ထိုအချိန်မှာ မီးဖိုချောင်ထဲဝင်လာသော အလက်ာတို့ကို တွေ့သွား၍ လင်မယားနှစ်ယောက်လုံး အံ့သြသွားကြ၏။ မရွှေရည်ဆို ယောင်ကန်းကန်းနှင့်ခရမ်းချဉ်သီးနှင့်ကြက်သွန်နီကိုမှားလှီးလေသည်။ အလက်ာနဲ့ဆူဇီက မရွှေရည်ဘေးမှာ ခပ်သွက်သွက်ဝင်ထိုင်လိုက်ကာ . . .

"အစ်မကလည်း အလက်ာတို့ကိုတော့ ခေါ်မသွားဘူး။ တစ်ယောက်တည်း ဝင်သွားတယ်ကြည့်ဦး"

ဆိုပြီး ပဲသီးစည်းကို ကိုင်လိုက်သည်။ ဆူဇီကလည်း ခြင်းတောင်းထဲက ပစ္စည်းတွေကို အပြင်ကိုထုတ်ရင်း . . .





"ဆတ်သားခြောက်နဲ့ခရမ်းချဉ်သီးလေးကို ခပ်စပ်စပ်လေး ချက်လိုက်မယ်လေ နော် . . . အေးတော့ အစပ်လေးပါမှ"

မရွှေရည်က အလက်ာနဲ့ဆူဇီကို ယခုအထိနားမလည်နိုင်ဘဲ ကြောင်တောင်တောင်ကြီး ကြည့်နေတုန်းပင်၊ ကဗျာဆရာလည်း တအံ့တသြဖြစ်နေရင်းမှ အသိဝင်လာကာ . . .

"ဟာ . . . မလုပ်ကြပါနဲ့ဗျာ အေးအေးဆေးဆေး ခြံထဲမှာသွားနားနေကြပါ။ ဒါတွေအားလုံး ကျွန်တော်တို့ လင်မယားနှစ်ယောက်တည်းနိုင်ပါတယ်"

အလက်ာကပြုံးကာ ကဗျာဆရာကိုကြည့်ပြီး . . .

"လုပ်နိုင်မှန်းတော့သိပါတယ် အစ်ကိုရယ်၊ ဒါပေမယ့် အလက်ာတို့က ထမင်း၊ ဟင်းချက်တာဝါသနာပါလို့ပါ။ ပြီးမှ အလက်ာချက်တာ နောက်တစ်ခါ စားပါရစေဆိုပြီး လာမပူဆာနဲ့"

ကဗျာဆရာက တစ်ခုခုပြန်ပြောမလို့လုပ်စဉ် မီးခိုခန်းထဲသို့ မိုးထက်ရောက်လာ၍ . . .

"သူတို့ကို မလုပ်ပါနဲ့ပြောလည်း ရမှာမဟုတ်ပါဘူး ကိုသန်းထွန်းရယ်၊ သူတို့ကိုယ်တိုင်က ချက်ချင်နေတာပါ။ အခုကျွန်တော်လည်း ထမင်းဟင်း ကူချက်ပေးဖို့လာတာ"

မရွှေရည် မျက်လုံးပြူးသွားကာ . . .

"အလိုတော် . . . အဲဒါဆို ကျုပ်တို့လင်မယားက ဘာလုပ်ရမလဲ"

မိုးထက်က . . .

"မရွှေရည်တို့က ခြံထဲသွားနားနေတော့ပေါ့ဗျာ . . ရည်းစားဘဝကလို တစ်ယောက်လက် တစ်ယောက်ဆွဲပြီး လိမ္မော်ခင်းတွေကြား လျှောက်သွားနေပေါ့"

မိုးထက်စကားကြောင့် အားလုံးတဟားဟားဖြစ်ကုန်ကြသည်။ မိုးထက်ကပြောလည်းပြော၊ အလက်ာလက်ထဲက ပဲသီးစည်းထဲကတစ်ဝက်လောက်ယူ၍ကူလှီးပေးနေ၏။ နောက်ဆုံးတော့ သူတို့အားလုံး တပျော်တပါး ဝိုင်းဝန်းချက်ပြုတ်စားသောက်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျူးမြစ်သုပ်၊ ပဲပုပ်ထောင်း၊ ကြက်သားဟင်း၊ ဆတ်သားနဲ့ခရမ်းချဉ်သီး ချက်ပြီးတော့ ပါပလာကြော်၊ ချဉ်ရည်ဟင်းလေးကလည်း ပါလိုက်သေးသည်။ ပဲသီးနဲ့ကြက်ဥကိုလည်း ခပ်နွမ်းနွမ်းလေးကြော်ထားလိုက်သေး၏။ ပြီးတော့ ငပိရည်၊ တို့စရာအစုံ . . . .

ထမင်းပိုင်းလေးသည် ဟင်းစုံလင်စွာနဲ့စားချင့်စဖွယ်လေးဖြစ်သွားသည်။ စားတော့လည်း မိသားစုဆန်ဆန် တစ်ဝိုင်းတည်း၊ တစ်ပြိုင်တည်း စားကြ၏။ အားလုံးလည်း ဗိုက်ဆာနေကြ၍ တော်တော်စားဝင်ကြပါသည်။ အလက်ာကဆို . . .

"အလက်ာ ဒီလောက်ထမင်းများများတစ်ခါမှ စားဖူးဘူး သိလား၊ ကိုယ့်ကိုယ်ကိုယ်တောင်အံ့ဩတယ်"

မိုးထက်ကဝင်၍ . . .

"ဒီနေ့ အလက်ာပင်ပန်းသွားတာလည်း ပါ,ပါတယ်"

"ဟင့်အင်း . . . အလက်ာ မပင်ပန်းဘူးပျော်တယ်"

မျှတင်ရိုက်ရင် ဒီ့ထက် ပင်ပန်းတဲ့နေ့တွေတောင်ရှိတယ်၊ အဲဒီလိုနေ့တွေဆို ထမင်းက ဗိုလို့တောင် စားလို့မဝင်တော့ဘူး"

"အဲဒါ ဖိအားတွေများလို့လေ၊ စိတ်ဖိစီးလို့ပေါ့၊ အခုဟာက အလက်ာ ပင်ပန်းပေမယ့် စိတ်ထဲမှာ ဘာစိတ်ဖိစီးမှုမှမရှိဘဲ"

အလက်ာက ခေါင်းညိတ်ပြကာ . . .

"ဟုတ်တယ် . . . ပြီးတော့ ဒီလို သိုက်သိုက်ဝန်းဝန်းမစားရတာလည်း ကြာပြီ၊ အခုလို စားရတဲ့အတွက် အားလုံးကိုကျေးဇူးတင်ပါတယ်"

မိုးထက်က အလက်ာကို ဖျတ်ခနဲစိုက်ကြည့်တော့ သူမပြုံးစစလေးနဲ့ ခေါင်းလေးငုံ့သွားကာ . . .

"ကျေးဇူးစကားကို သုံးရတာ တကယ်ကျေးဇူးတင်လို့ပါ"

အားလုံးက အလက်ာ့ကိုပြုံးပြီးကြည့်နေကြပါသည်။ အလက်ာရှက်ပြီးခေါင်းငုံ့နေ၏။ ရုပ်ရှင်တွေထဲမှာ ရှက်တဲ့အမူအရာနဲ့ အပြင်မှာရှက်တဲ့အမူအရာ နည်းနည်းတော့ကွာတယ်ဟု မရွှေရည်က ကောက်ချက်ချသည်။





ထို့နောက် သူတို့အားလုံး တဲလေးရှေ့က ကွပ်ပျစ်လေးကို ထွက်လာခဲ့ကြသည်။ လတ်လတ်ဆတ်ဆတ် လိမ္မော်သီးနှင့် အချိုတည်းကြသည်။ ထမင်းလုံး စီပြီးတော့မှ လိမ္မော်ခင်းတွေကြား လျှောက်သွားကြမည်ဟု အားလုံးတိုင်ပင်လိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင် (ဒါမှမဟုတ်) ဝတ္ထုတစ်အုပ်သာဆို ဒီအခန်းက ဇာတ်ဝင်ခန်းလေး တစ်ခန်းဖြစ်မည်ဟု မိုးထက်တွေးမိသည်။ မင်းသားနဲ့မင်းသမီးက တောင်စောင်းလေးမှာ စိုက်ထားတဲ့ လိမ္မော်ခင်းလေးထဲမှာလျှောက်သွား၊ အဲဒီ့အချိန်မှာ သူတို့သူငယ်ချင်းတွေလုပ်ကြတဲ့ ဇာတ်ပို့၊ ဇာတ်ရံတွေက အကြောင်းအမျိုးမျိုးပြပြီး ရှောင်ပေးကြ၊ နောက်ဆုံးတော့ မင်းသားနဲ့မင်းသမီးပဲ လိမ္မော်ခင်းလေးထဲမှာ ကျန်ခဲ့ပြီးတော့ ကြည်နူးဖွယ် ရိုသဲ့သဲ့စကားလေးတွေပြောပြီး ကြည်နူးကြနဲ့ သိပ်ကိုကြည့်လို့ကောင်းမယ့် ဇာတ်ဝင်ခန်းဖြစ်သည်။

အပြင်လောကမှာတော့ တဲပေါ်ကဆင်းဆင်းချင်းပဲ မိုးထက်အိမ်သာကိုပြေးရသည်။ စားထားသောက်ထား၍လည်းပါသည်။ မနက်ကတည်းက စီစဉ်စရာရှိတာတွေကို စိတ်စောနေ၍ အိမ်သာမတက်ခဲ့ရတာလည်းပါ၏။

အိမ်သာတက်ပြီးသွားတော့ အလက်ာတို့ကို ရှာလိုက်စဉ် လိမ္မော်ခြံထဲမှာ အုပ်စုလိုက်လျှောက်သွားနေတာကိုတွေ့လိုက်ရပါသည်။ သူနဲ့တောင်တော်တော်ဝေးနေပြီပဲ ဟုတွေးမိ၍ မိုးထက်အပြေးတစ်ပိုင်းလိုက်သွားလိုက်မိ၏။ ဟိုရောက်တော့ ကဗျာဆရာက လိမ္မော်ပင်တွေအကြောင်းကို အလက်ာတို့အား





ရှင်းပြနေသည်။ သူကတော့ ဘာမှမသိ၍ ခပ်ဆိတ်ဆိတ်ပင်လိုက်လာခဲ့၏။ အလက်ာက သူ့ကိုလှည့်၍ . . .

"ကိုမိုးထက်က ရက္ခဗေဒနဲ့ ကျောင်းပြီးထားတာလား"

အလက်ာ့စကားကြောင့် မိုးထက်အူကြောင်ကြောင်ဖြစ်သွားကာ . .

"မဟုတ်ပါဘူး အင်္ဂလိပ်စာနဲ့ပါ"

"ဪ"

"ဘာဖြစ်လို့လဲ အလက်ာ"

အလက်ာက ခေါင်းလေးခါပြကာ . .

"ဘာမှမဟုတ်ပါဘူး။ ခြံလုပ်ငန်းလုပ်တယ်ဆိုတော့ ရက္ခဗေဒနဲ့များပြီးတာလားလို့"

မိုးထက် ရင်တစ်ချက်ခုန်ကာသွား၏။ လိမ္မော်ပင်တွေအကြောင်းသာ သူ့ကိုမေးရင် ပြဿနာတက်ပြီ ဟုတွေးမိ၍ဖြစ်သည်။ သို့သော် အလက်ာက ဘာမှဆက်မပြောတော့ဘဲ ဆက်လျှောက်သွား၍တော်ပါသေးသည်။ ထို့နောက် ဆူဇီက ပါလာတဲ့ ကင်မရာလေးကိုထုတ်၍ . . .

"ကဲ အမှတ်တရလေး ရိုက်လိုက်ကြရအောင် ဘယ်သူတွေအရင်ရိုက်မလဲ ဟင်"

"အလက်ာနဲ့ ဆူဇီအရင်ရိုက်လေ။ ကျွန်တော်ရိုက်ပေးရမလား"

မိုးထက်ကဝင်ပြောတော့ . . .

"ကောင်းသားပဲ ဟိုနားက သစ်ပင်လေးနားမှာ ရိုက်မယ် . . ပြီးတော့ ကိုမိုးထက်ကိုလည်း ပြန်ရိုက်ပေးမယ်လေ"

"ဟာ နေပါစေဗျာ ကျွန်တော်ကဓာတ်ပုံရိုက်ရတာဝါသနာမပါလို့ပါ"

"အမယ် ကိုမိုးထက်က မင်းသားလုပ်ရင်ဖြစ်မှာပါနော် . . . ဒီလောက်ဖြောင့်တာ"

ဆူဇီက ဝင်နောက်လိုက်တာပါ။ မိုးထက်က . . .

"အဲဒါကြောင့် ပြောတာဆူဇီက အမှန်တွေပြောတတ်ပါတယ်လို့"

အားလုံးရယ်ဖြစ်ကြသည်။ ပြီးတော့ သူတို့ဓာတ်ပုံတွေရိုက်ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ အုပ်စုလိုက်စုံနေအောင် ရိုက်ကြပါသည်။ အလင်္ကာနဲ့မိုးထက်လည်း နှစ်ယောက်တွဲရိုက်ပါသည်။ အားလုံးထဲမှာအလင်္ကာနဲ့တွဲအရိုက်ဆုံးကတော့ မဈေးရည်ပင်ဖြစ်သည်။ ကဗျာဆရာကလည်း အမှတ်တရဆိုပြီး ဓာတ်ပုံဝင်ရိုက်သွားသေး၏။ ဓာတ်ပုံတွေကိုတော့ နောက်မှကူးပေးမယ်ဟု အလင်္ကာကပြောသည်။

ထို့နောက် နေစောင်းမှ သူတို့တွေပြန်လာခဲ့ကြတော့သည်။ ဟိုတယ်ရောက်တော့ နေတောင်ဝင်သွားလေပြီ။



## အခန်း (၃)



www.burmeseclassic.com

www.burmeseclassic.com

**၁၂**

အုပ်ပေါ်ဘောလ်ပင်ထောက်ပြီး ငိုင်တွေနေတာ တော်တော်ကြာပြီ။ ဘာဆက်ရေးရမှန်းမသိ၍ဖြစ်၏။ မရေးသေးဘူးဆိုပြီး ခဏပစ်ထားခဲ့ပေမယ့် ခံစားချက်က မနေနိုင်တော့။ အရာရာသည် ရင်ဘတ်ထဲမှာ ပြည့်သိပ်ကွဲထွက်တော့မည်။ ခံစားချက်တွေကို စာစီဖို့ နှလုံးသွေးတွေ ဆူပွက်နေပြီ။ ဒါပေမယ့် တကယ်တမ်းကျတော့ ဘာဆက်ရေးရမှန်းမသိ။

"ဒုက္ခပဲ"

သူ့ဘာသာသူ တစ်ကိုယ်တည်းရေရွတ်၏။ ထို့နောက် စာရွက်ပေါ်ကို ဘောလ်ပင်ထိပ်ဖျားပြန်တည်သည်။ စဉ်းစားသည်။ လိမ္မော်ခြံလေးထဲမှာဆုံတွေ့ခဲ့တာတွေကိုချရေးဖို့ ဇာတ်ကွက်အဖျားကို စတည်သည်။ မရ။ ကိုယ့်ဘာသာကိုယ့်လိပ်ပြာမလုံဘဲ ဖြစ်သွား၏။ ရင်ထဲမှာ လှုပ်ခတ်နေသောကြောင့် ဘောလ်ပင်ဖျားသည် တဆတ်ဆတ်တုန်ခါနေ၏။

"သူတော်တော်တရားလွန်နေပြီလား"

"ခင်မင်မှုကို အခွင့်အရေးတစ်ရပ်လို ရက်ရက်စက်စက်အသုံးချမိပြီလား"





ပြီးတော့ . . .

" . . . . . "

" . . . . . "

ဆက်မတွေးဝံ့တော့ဘဲ ဘောလ်ပင်ကို ပစ်ချမိလိုက်တော့သည်။ ထို့နောက် အိပ်ရာပေါ်ပက်လက်လှန်၍ မျက်နှာကြက်ကို ငေးမောကြည့်နေမိသည်။

"အလက်ာ"

နှုတ်မှတိုးဖွဖွ ရေရွတ်မိပါသည်။

"မင်းသမီးရယ်"

သတိမထားမိခင်မှာပဲ နောက်တစ်ခွန်း ထပ်ပြောမိပြန်သည်။ သက်ပြင်းကိုချသည်။ နဖူးပေါ်လက်တင်လိုက်သည်။ ထို့နောက် . . . .

"သိပ်ချစ်တယ် ကောင်မလေးရယ်"

ရင်ထဲက ပြောလိုက်တာပါ၊ ဒါပေမယ့် တလောကလုံးဆူညံသွားတယ်လို့ထင်လိုက်မိ၏။ နှလုံးခုန်နှုန်းက အဆမတန်မြန်ဆန်လာ၍ ရုတ်တရက် ငုတ်တုတ်ထထိုင်လိုက်မိပါသည်။

မရတော့။ သူဘယ်လိုမှနေလို့မရတော့၊ သူ့အလက်ာ့ကို သိပ်ချစ်မိသွားပြီဆိုတာ သိလိုက်ရပြီ။ အချစ်သည် အပြစ်မရှိသော်လည်း သူ့မှာအပြစ်ရှိနေပြီ။ ဘာလုပ်ရမလဲ။ ဒုက္ခတရားသည် ရှာရှိုးကိုးပေါက်လျှောက်ရင်း သူ့ထံရောက်လာလေပြီ။ သူ့အိမ်ပြန်ရင်ကောင်းမလား။

ပျော့ညံ့ညံ့အတွေးတစ်ခု သူ့ရင်ဘတ်ထဲကိုဝင်လာ၏။ ချက်ချင်းပဲ ခါထုတ်ပစ်လိုက်ရင်း မတ်တတ်ထရပ်မိလိုက်သည်။ ထို့နောက် ယောင်ပေပေနဲ့ ဟိုလျှောက်ဒီလျှောက်လုပ်ရင်း စဉ်းစားသည်။

အလက်ာ့ကို ဘာကြောင့်ချစ်မိသွားတာလဲ။ မင်းသမီးမို့လို့လား။ ဒါလည်းမဟုတ်။ ရုပ်ချောလို့လား။

မင်းသမီးဆိုမှတော့ ရုပ်ကချောပြီးသားဖြစ်သည်။ သို့သော် စိတ်ထဲတွင် အလက်ာသည် ရုပ်ချောမောတာထက် ဖြူစင်ပြီးချစ်စရာကောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ညီမလေးတစ်ယောက်လို ကျက်သရေရှိသည်။ သူကသာ အစ်ကိုတစ်ယောက်လိုမချစ်ဘဲ ချစ်သူတစ်ယောက်လို ချစ်မိသွား၏။ သူ့အချစ်က(၅၂၈)နဲ့ (၁၅၀၀)ကို လမ်းမှားဝင်သွားပြီထင်သည်။

နောက်တစ်ချက် ထပ်စဉ်းစားပြန်သည်။

ဒီဝတ္ထုဆက်ရေးချင်လို့ ချစ်လိုက်မိတာလား . . . .

အဲဒါတော့ လုံးဝမဟုတ်ဘူးဆိုတာ ကိုယ့်ဘာသာကိုယ်သိ၏။ ဒါဆို ဘာလဲ . . . . ဘာကြောင့်မှန်းမသိ။ စာရေးဆရာတစ်ယောက်လုပ်ပြီး အချစ်ကို ဘာမှန်းလဲမသိတာတော့ တော်တော်အူကြောင်ကြောင်နိုင်လှ၏။

အသေအချာစဉ်းစားမှ အဖြေတစ်ခုထွက်ကျလာသည်။ ရိုးရိုးလေး ပင်ဖြစ်သည်။

အလက်ာကို သူချစ်ချင်၍သာချစ်သွားခြင်းဖြစ်၏။ သူ့အချစ်သည် ရည်ရွယ်ချက်မရှိ၊ အသုံးချမှုမရှိ၊ ဘယ်တုန်းကတည်းက ချစ်နေမှန်းလည်း မသိ၊ အခုတော့ နောက်ကျောကို ရိုက်မိတော့မှ လှည့်ကြည့်လိုက်တော့ . . .

"အချစ်"

အဲဒီ့ အရာလေးကို သွားတွေ့သည်။

ခုတင်ပေါ် ငုတ်တုတ်ပြန်ထိုင်လိုက်ပြန်သည်။ စိတ်တွေယောက်ယက်ခတ်နေသလို ခန္ဓာကိုယ်ကိုလည်း ဘယ်နားထားလို့ ထားရမှန်းမသိပေ။ ထို့နောက် စာအုပ်ပေါ် ဘောလ်ပင်ပြန်ထောင်လိုက်ပါတော့သည်။

ဒီဝတ္ထုကိုလည်း ဆက်ပြီးရေးမည်။ အလက်ာ့ကိုလည်း ဆက်ပြီးချစ်မည်။ သူရေးနေတဲ့ ဝတ္ထုသည် သူကိုယ်တိုင်ပင်ဖြစ်သလို၊ အလက်ာသည် ဒီဝတ္ထုလေးကို အဆုံးသတ်ပေးမည့် ဇာတ်ကောင်တစ်ယောက်ပင်ဖြစ်ပါ တော့သည်။

ဒီနေ့ အလက်ာတို့ ဇာတ်ကားသစ်ရိုက်ဖို့အတွက် ရုပ်ရှင်အဖွဲ့သားတွေ ရောက်သောနေ့ဖြစ်သည်။ သူနဲ့အလက်ာက ဝရန်တာလေးမှာထွက်၍ စကားပြောနေစဉ် ဗိုင်နာတစ်စီး၊ ဟိုင်းလတ်ကားတစ်စီးဆိုက်လာသည်။ ဆူဇီက (Dinning Room) မှာကော်ဖီသွားယူရာမှ အပေါ်တက်လာပြီး . . . .





"အလက်ာတို့အဖွဲ့တွေတောင် ရောက်လာပြီ"

အလက်ာက ဆူဇီ့ကိုလှည့်ကြည့်ပြီး . . .

"တွေ့တယ် ဒါရိုက်တာကော ရောက်ပြီလား"

"မြို့ထဲခဏဝင်နေလို့ လို့ပြောတယ်၊ တော်ကြာလာမှာပါ"

အလက်ာက ခေါင်းညိတ်၍ မိုးထက်ဘက် လှည့်ကြည့်ကာ . . .

"ဒီတစ်ခါ ရိုက်မယ့်ကားက အလက်ာ့အကြိုက်ဆုံးစာရေးဆရာရဲ့ ဝတ္ထုကိုရိုက်တာလေ"

မိုးထက်က . . . .

"ဟုတ်လား ဘယ်သူ့ကားလဲ"

"တိုးနွယ်မြင့်ရဲ့ ဝတ္ထုပေါ့"

"ဟင်"

မိုးထက် ထိုင်နေရင်းနဲ့မှ မြောက်ခနဲဖြစ်သွားတယ်လို့ ထင်လိုက်မိပြီး ထိုင်ခုံလက်ရန်းကို ဆုပ်ကိုင်လိုက်မိ၏။

ဘုရား . . ဘုရား . . . သူ့ဝတ္ထုဆိုပါလား၊ ဘယ်ဝတ္ထုပါလိမ့်ဟု သူ့ကိုယ်သူ ပြန်စဉ်းစားမိ၏။ လွန်ခဲ့တဲ့ ခြောက်လလောက်ကတော့ ရုပ်ရှင်ကုမ္ပဏီတစ်ခုကို သူ့ ဝတ္ထုသုံးပုဒ်ရောင်းထားသည်။ ကုမ္ပဏီပိုင်ရှင်ကလည်း သူ့ထုတ်ဝေသူနဲ့ခင်နေ၍ ဈေးတောင်လျှော့ပေးခဲ့သည်။ ဇာတ်ညွှန်းကိုတော့ သူတို့ ကုမ္ပဏီပိုင် နာမည်ကြီးဇာတ်ညွှန်းရေးဆရာတစ်ယောက်က ရေးမည်ဖြစ်၍ ဝတ္ထုကို ရုပ်ရှင်ဘယ်နေ့ရိုက်မည်ဆိုတာ သူနဲ့အဆက်ပြတ်နေခဲ့သည်။ အခုတော့ . . .

"ဘယ် . . . ဘယ်ဝတ္ထုလဲ ဟင်"

အံ့ဩလွန်း၍ အသံကိုမနည်းထိန်းပြီး မေးရ၏။ အလက်ာက မိုးထက်ကြွေပျက်နေတာကို မရိပ်မိ၍ . . .

"အနီရောင်ဘဏ်တိုက်ထဲက နတ်သမီးဆိုတဲ့ ဝတ္ထုပေါ့။ အဲဒီ့ဝတ္ထုကိုရိုက်ဖို့ ကမ်းလှမ်းတော့ အလက်ာတော်တော်ပျော်သွားတာ၊ ဘာလို့လဲဆိုတော့ အဲဒီ့အထဲက ကောင်မလေးက ကိုယ့်ထူးကိုယ်ချွန်ပြီးဘဝကို ရပ်တည်ခဲ့တာ၊ အလက်ာသိပ်ကြိုက်တယ်၊ အဲဒါနဲ့လက်ခံခဲ့တာ။ ပထမတော့ ရန်ကုန်မှာရိုက်မ



www.burmeseclassic.com

www.burmeseclassic.com



လို့၊ ဒါပေမယ့် ဝတ္ထုထဲမှာ မြို့တွေဘာတွေက ဒီလောက်အဓိကမကျဘူးလေ။ ကာရိုက်တာကပဲ အဓိကဆိုတော့ ပြင်ဦးလွင်နဲ့ မန္တလေးမှာပဲရိုက်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တာ"

မိုးထက် ရင်တွေခုန်နေသည်။ သူ့ဦးနှောက်ထဲမှာ လွန်ခဲ့တဲ့ခြောက်လကို ပြန်သတိရသွား၏။ အဲဒီတုန်းက အနီရောင်ဘဏ်တိုက်ဝတ္ထုကိုရိုက်ဖို့ သူနဲ့ ကုမ္ပဏီပိုင်ရှင်နဲ့ စကားပြောခဲ့ဖူးသည်။ အလင်္ကာပြောသလိုပင် မြို့ရဲ့နောက်ခံက အဓိကမကျ၍ ဘယ်မြို့မှာမဆို ရိုက်လို့သင့်တော်ကြောင်း သူပြောခဲ့ဖူးသည်။ ဒါပေမယ့် အခုလို တိုက်တိုက်ဆိုင်ဆိုင် ဒီမှာလာရိုက်မယ်လို့မထင်။ ပြီးတော့ မင်းသမီးက အလင်္ကာတဲ့ . . . .

သူ့ဝတ္ထုကို အလင်္ကာနဲ့ရိုက်မယ်ဆိုတာ သူကြုံမသိခဲ့တာ အမှန်၊ ကုမ္ပဏီကတော့ နာမည်ကြီး မင်းသား၊ မင်းသမီးနဲ့ရိုက်မယ်ဆိုတာတော့ သူ့ကို ပြောသည်။ ဒါပေမယ့် ဘယ်မင်းသား၊ မင်းသမီးက ရိုက်ရက်ပေးမှန်းအတိအကျမသိခဲ့ရ။ နောက်တစ်ခုက ဝယ်တဲ့အချိန်နဲ့ ရိုက်တဲ့ရက် နောက်ကျသွားတာလည်းပါ၍ အဆက်ပြတ်သွားခဲ့ခြင်းလည်း ဖြစ်သည်။ ဒီဝတ္ထုရိုက်မည့် ကိစ္စကို သူ့ကိုတော့ အကြောင်းကြားလိမ့်မည်ထင်၏။ သို့သော် သူက ရန်ကုန်မှာမရှိဘဲ ပြင်ဦးလွင်ရောက်နေ၍ မသိခဲ့ရခြင်းလည်းဖြစ်နိုင်သည်။

"ကိုမိုးထက် ဘာတွေ ဒီလောက်တွေးနေတာလဲ ဟင်"

အလင်္ကာ့ စကားသံကြားမှ သူလန့်သွားကာ . . .

"ဘာ . . . ဘာမှမတွေးပါဘူး . . . ဝတ္ထုအကြောင်းစဉ်းစားနေလို့ပါ။ ကျွန်တော်ဖတ်ဖူးတဲ့ တိုးနွယ်မြင့်ရဲ့ဝတ္ထုတွေထဲမှာများ အဲဒီစာအုပ်ပါလားလို့ တွေးနေတာ"

"အဲဒါဆို အလင်္ကာ့ဆီမှာ စာအုပ်ရှိတယ် ယူမလား"

သူ ခေါင်းညိတ်ပြလိုက်မိသည် ထင်သည်။ အလင်္ကာထသွား၏။ သူ့ဘဝက ရယ်စရာတော်တော်ကောင်းသည်။ ကိုယ့်ဝတ္ထုကိုယ်ပြန်တောင်းဖတ်နေရသည့် ဘဝ၊ ဝတ္ထုတွေထဲက ဇာတ်လမ်းတွေကို အလွတ်ရွတ်ပြလို့တောင် ရသော်လည်း ဟန်ဆောင်၍ ယူသွားရပေဦးမည်။





ဝတ္ထုထဲက ဇာတ်ကောင်အမျိုးသမီးက စတိုးဆိုင်လေးတစ်ခုမှာ အရောင်းဝန်ထမ်းလေးဝင်လုပ်ရင်း စတိုးဆိုင်ပိုင်ရှင်တစ်ယောက်ဖြစ်သွားတဲ့ ဇာတ်လမ်းလေးပါ။ ပိုင်ရှင်ကို ယူလိုက်၍စတိုးဆိုင်ပိုင်ရှင်ဖြစ်သွားခြင်း မဟုတ်ပါ။ တကယ်ရိုးသား၊ ကြိုးစား၍ဘဝမြင့်သွားရတဲ့ ဇာတ်လမ်းပါ။ မင်းသားကလည်း အဲဒီအထဲမှာ ကုမ္ပဏီဝန်ထမ်းလေးတစ်ယောက်ပင်ဖြစ်သည်။

အဲဒီဝတ္ထုထဲက ဇာတ်ကောင်အမျိုးသမီးက အပြင်မှာတကယ်ရှိသည်။ ထိုအမျိုးသမီးကိုယ်တိုင် လိုလိုချင်ချင်နှင့် သူ့အကြောင်းရေးခိုင်း၍ ဤဝတ္ထုလေးကို ရေးလိုက်ခြင်းပင်၊ အဲဒီတုန်းက ထိုအမျိုးသမီးပြောတဲ့စကားတွေကို မှတ်မိနေသေး၏။

"မြန်မာအမျိုးသမီးလေးတွေကို မိန်းမဆိုပြီး ကိုယ့်ကိုယ်ကိုယ်ပျော့ညံ့မနေစေဖို့၊ ဈေးကွက်စီးပွားရေးမှာ ယောကျ်ားတွေနဲ့ရင်ပေါင်တန်းပြီး ဘဝကို ထူးထူးချွန်ချွန်ရပ်တည်နိုင်ဖို့ မမက ဒီဝတ္ထုကိုရေးစေချင်တာ၊ အဲဒါကြောင့် မမ အမျိုးသားနဲ့တိုင်ပင်ပြီး မင်းကိုအကူအညီတောင်းရတာပါ"

အဲဒီတုန်းက ပြောခဲ့တဲ့ ထိုအမျိုးသမီးရဲ့စကား၊ သူလည်း ထိုဇာတ်လမ်းလေးကို လိုလိုချင်ချင်ပဲရေးခဲ့မိသည်။ ထိုဝတ္ထုထွက်လာတော့ အမျိုးသမီးတွေကြားမှာ အင်အားတစ်ခုအဖြစ် ရေပန်းစားသွားခဲ့ဖူးသည်။ ယခု ထိုဝတ္ထုကို . . .။

"ကိုမိုးထက်ရော့ အေးအေးဆေးဆေးဖတ်ပြီးမှ ပြန်ပေးပါ"

အလင်္ကာရောက်လာ၍ သူ့အတွေးစပြတ်သွားတော့သည်။ ထို့နောက် အလင်္ကာထိုးပေးတဲ့ ကိုယ့်ဝတ္ထုကိုယ် ကြောင်တောင်တောင်နဲ့ကြည့်ပြီး ယူခဲ့ရပါတော့သည်။

ကိုယ့်အခန်းကိုယ်ပြန်ရောက်တော့ လေပူတစ်ချက်မှုတ်ထုတ်ပြီး အိပ်ရာပေါ် ပက်လက်လှန်လိုက်မိတော့၏။

ဘဝသည် တစ်ခါတစ်ရံအူကြောင်ကြောင်နိုင်လှသည်ဟု မိုးထက် တွေးမိလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာ ဆရာကိုပြောပြတော့ ခွက်ထိုးခွက်လန်ရယ်၏။

"ဆရာ့ဇာတ်လမ်းကလည်းဗျာ ဆရာရေးတဲ့ဝတ္ထုတွေ ထက်တောင် ဆန်းကြယ်နေပါလား"

"ဆန်းကြယ်မှာပေါ့ဗျာ . . . ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ကိုယ်တိုင်က ဝတ္ထုတစ်အုပ်ဖြစ်နေတာကိုး"

ကဗျာဆရာက ကိုယ့်နဖူးကိုယ်ရိုက်သည်။

"ဒီတစ်ခါပဲ ကြုံဖူးသေးတယ်ဗျာ"

သူတို့နှစ်ယောက်လုံးရယ်ဖြစ်ကြ၏။ အရယ်ဆုံးတော့ ကဗျာဆရာက

"ဒါနဲ့ ဆရာတို့ အခြေအနေ ဘယ်အထိရောက်ပြီလဲ"

"ဘာအခြေအနေလဲ"

"ဩော် . . . ဟိုဟာလေ၊ ဆရာနဲ့အလင်္ကာနဲ့ဇာတ်လမ်းက"

ကဗျာဆရာရဲ့ မျက်နှာပေးကိုကြည့်ပြီး သူသဘောပေါက်လိုက်သည်။ သူလည်း တစ်ခုခုယောက်ယောက်ကို ရင်ဖွင့်ရရင် သက်သာသွားနိုင်သလိုရှိမည်ဟု တွေးထားသောကြောင့် တွယ်ဝှက်ရန်ဆန္ဒမရှိ။ ထို့ကြောင့် . . .





"သူ့ဘက်ကတော့ ရိုးရိုးသားသားပဲ၊ ဒါပေမယ့် ကျွန်ေ ဘက်ကတော့ မရိုးတော့ဘူး"

"ဘာ မရိုးတော့တာလဲ ဆရာ"

မသိလို့ပဲမေးတာလား၊ သိသိကြီးနဲ့မေးတာလားတော့ ပြောတတ်ပေ။ ဒါပေမယ့် ဖြေရလိမ့်မည်။

"ကျွန်တော် သူ့ကိုချစ်သွားတယ်"

"ဟင်"

ကဗျာဆရာ မျက်လုံးပြူးသွား၏။

"တ . . တကယ်ချစ်တာလား၊ ဇာတ်လမ်းအရချစ် . . တာလား ဟင်"

သူ ဆတ်ခနဲတစ်ချက် လှည့်ကြည့်လိုက်ကာ . . . .

"ကျွန်တော့် စိတ်ထဲမှာလည်း သူ့ကိုချစ်တယ်လို့ သိလို ရခြင်းပင် အဲဒီ့ မေးခွန်းကို ကိုယ့်ဘာသာကိုယ်ပြန်မေးမိတယ်။ တကယ်တမ် ကျွန်တော် သူ့ကိုချစ်တာ ကျွန်တော့်ရဲ့အတွက်ကြောင့်မဟုတ်ဘူး၊ ကျွန်တော် မသိစိတ်ကြောင့်၊ သူ့ကို ကျွန်တော် ဘယ်အချိန်ကတည်းက ချစ်နေခဲ့လ ကိုယ့်ဘာသာကိုယ် မသိဘူး"

ကဗျာဆရာ သက်ပြင်းကိုချသည်။

"ဆရာ့ကိစ္စက အမှိုက်ကစပြောသဒ်မီးလောင်မယ့်ကိန်း ပဲ"

သူဘာမှပြန်မပြောပါ၊ ကဗျာဆရာလည်း ဘာမှဆက်မ တော့ပါ။ ထို့ကြောင့် သူတို့နှစ်ယောက်ကြားသည် မိနစ်တော်တော်များမျာ ငြိမ်သက်သွားသည်။ တော်တော်လေးကြာတော့ သူ့ဆီက သက်ပြင်းချသံ ကလာ၍ ကဗျာဆရာလှည့်ကြည့်သည်။ ကဗျာဆရာကို သူလှည့်မကြည့်ဘဲ ဝေးတစ်နေရာကိုသာစိုက်ကြည့်ကာ . . . .

"ကျွန်တော့်အတွက် ဇာတ်သိမ်းကောင်းပါစေလို့သာ ဆု ကောင်းပေးပါဗျာ"

ပြောပြီးထထွက်ခဲ့လိုက်တော့၏။ ကဗျာဆရာ သူ့ကို ကြည့်နေး



www.burmeseclassic.com

ကျန်ခဲ့မှာသေချာပါသည်။ သူလှည့်မကြည့်ဖြစ်ပါ။ တချို့ကိစ္စများသည် ဘဝတွင် လှည့်မကြည့်ဘဲ ရှေ့ဆက်လျှောက်တာ အကောင်းဆုံးဖြစ်သည်ဟု တွေးမိ၏။

ပြင်ဦးလွင်သည် အေးမြနေသည်။ သူ့ရင်ထဲမှာတော့ ပူနေပါသည်။





"ဘုရင့်နောင်

ဖောင်ဖျက်ဆိုတဲ့စကားကို အလက်ကြားဖူးလား"

"ကြားဖူးပါတယ်"

"အဲဒီ့စကားအတိုင်းပဲ အဲဒီ့မိန်းကလေးက ဘုရင့်နောင် ဖောင်ဖျက်သွားတာ သူ့အတွက် ဒီဘက်ကမ်းဆိုတာ လုံးဝ မရှိတော့ဘူး။ ပြီးတော့ လုံးဝလည်း ဒီဘက်ကမ်းနဲ့ မ ပတ်သက်တော့ဘူး။ သူရောက်နေတဲ့ တစ်ဘက်ကမ်းသာ သူ့ဘဝ၊ ပြီးတော့ အနာဂတ်"

အလက်က ခေါင်းညိတ်ပြသည်။ ပြီးတော့ . . . .

"ဒါပေမယ့် တစ်ခုတော့ အလက်နားမလည်ဘူး။ သူက သူ့ရွာလေး ကထွက်လာတော့ မျက်ရည်တစ်စက်မကျဘူးနော်။ တော်တော်အံ့သြဖို့ကောင်းတယ်။ ဘယ်လို (Mood) မှုဒ်လဲမသိဘူး။ အဲဒါတော့ စာရေးဆရာကိုယ်တိုင်ပဲ သိလိမ့်မယ်ထင်တယ်။ တကယ်လို့သာ တိုးနွယ်မြင့်ရှိရင် မေးကြည့်ချင်လိုက်တာ"

မိုးထက် တစ်ချက်ငိုင်ကာသွားသည်။ အလက်မေးတဲ့အခန်းကို သူ

www.burmeseclassic.com



သိသည်။ သို့သော် ဘယ်လိုပြောပြရင်ကောင်းမလဲ စဉ်းစားသွားခြင်းဖြစ်၏။ အလက်ာကလည်း သူ့ရဲ့သရုပ်ဆောင်မှုအတွက် အထောက်အကူဖြစ်ရန် အဲဒီအချိန်မှာ ထိုမိန်းကလေးဖြစ်နေတဲ့ စိတ်ကို ပြည့်ပြည့်စုံစုံသိချင်နေပုံရပါသည်။

"အလက်ာ သိချင်တယ်ဆိုရင် ကျွန်တော်ခံစားရသလောက် ပြောပြချင်တယ်၊ ဟို ကာယကံရှင်လောက်တော့ မပြောပြနိုင်ပေမယ့် နီးနီးစပ်စပ်လေးတော့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်"

အလက်ာက ဝမ်းသာအားရပင် . . .

"ပြောပါ ရပါတယ် ကိုမိုးထက်ရဲ့ခံစားချက်နဲ့ အလက်ာရဲ့ခံစားချက် နှိုင်းယှဉ်ကြည့်ရတာပေါ့။ အဖြေတစ်ခုတော့ အလက်ာတို့ ထွက်လိမ့်မယ်ထင်ပါတယ်"

မိုးထက် ခေါင်းညိတ်ပြပြီး . . .

"ဒီလိုဗျ . . အမျိုးသမီးတစ်ယောက် တစ်နယ်တစ်ကျေးကိုသွားပြီး အလုပ်လုပ်မယ်ဆိုကတည်းက လူတွေက တစ်မျိုးထင်ကြပြီး၊ ဘာသွားလုပ်မှာလဲ၊ ဘယ်မှာလဲ ပြီးတော့ဘဝနဲ့ရင်းပြီး ပိုက်ဆံရှာမှာလား၊ ဒါမှမဟုတ် သူများအိမ်မှာအနိုင်အစေလုပ်မှာလား စသည်ဖြင့်ပေါ့ဗျာ။ အဲဒီလိုပဲ ဒီဇာတ်လမ်းထဲမှာလည်း အဲဒီမိန်းကလေးကို ပတ်ဝန်းကျင်က ထင်ကြတယ်။ ထုံးစံအတိုင်းပဲ မြို့တက်အလုပ်လုပ်တဲ့ မိန်းကလေးတွေလိုပဲ တစ်ခုမဟုတ်တစ်ခုတော့ သတင်းကြားရဦးမှာပဲပေါ့"

"အဲဒီအချိန်မှာ အဲဒီအမျိုးသမီးရဲ့ စိတ်ထဲ ဘာဝင်လာလဲဆိုတော့ အင်အား၊ ဟုတ်တယ် အင်အားတစ်ခုဝင်လာတာ။ မြို့တက်အလုပ်လုပ်တဲ့ လူတိုင်းပျက်စီးရမှာလား၊ ပြီးတော့ မိန်းကလေးတစ်ယောက် မြို့တက်စီးပွားရေးလုပ်တိုင်း ခန္ဓာကိုယ်နဲ့ရင်းပြီး လုပ်ရမယ့်အလုပ်ပဲရှိလား၊ တခြား သမ္မာအာဇီဝအလုပ်လုပ်ပြီး မချမ်းသာနိုင်တော့ဘူးလား၊ အဲဒါ အင်အား၊ စွမ်းအားတွေပဲ။ အဲဒီမှာသူဆုံးဖြတ်လိုက်တယ်။ သူ့ဘဝကိုယ်သူ လုံးဝမထိခိုက်အောင် ထိန်းသိမ်းရင်း သမ္မာအာဇီဝလုပ်ပြီး စီးပွားရှာပြမယ်ဆိုတဲ့စိတ်ဓာတ် . . .။အဲဒီစိတ်ဓာတ်ကြောင့် သူ့ဒီရွာလေးကခွာတော့ လုံးဝမျက်ရည်မကျဘူး၊ သူ့ဘဝအတွက်





ရှေ့လျှောက်တွေ့ရမယ့် အခက်အခဲတွေက အများကြီး၊ တစ်ပုံကြီး အခုဘာမှမဟုတ်တဲ့ ဘဝအစဆိုတဲ့ ခွဲခွာခြင်းအခက်အခဲလေးကိုတောင် သူမျက်ရည်ကျမိခဲ့ရင် သူ့ရှေ့လျှောက် ဒီထက်ဆိုးတဲ့အရာတွေကို ဘယ်လိုရင်ဆိုင်မလဲ၊ အဲဒီစိတ်ဓာတ်၊ အဲဒီမာနကြောင့် သူမျက်ရည်မကျဝဘာ၊ သူ့မျက်နှာက စစ်မြေပြင်ထွက်မယ့် ဗိုလ်ချုပ်တစ်ယောက်လို အင်အားတွေပြည့်နေတာ . . .။

သူ့စကားလည်းဆုံးရော အလက်ာသည် စက္ကန့်တော်တော်များများ သူ့ကို ငေးကြည့်နေတာတွေ့ရသည်။ သူမ၏ မျက်ဝန်းထဲတွင် အံ့ဩခြင်း၊ မယုံကြည်နိုင်ခြင်း စသည်တို့ ရောယှက်ပါဝင်နေ၏။ မိုးထက်က ကြောင်တောင်တောင်နဲ့ . . . .

"အလက်ာ ကျွန်တော်ပြောတာ လက်မခံနိုင်လို့လား ဟင်"

အဲဒီတော့မှ အလက်ာအသိဝင်သွားပြီး . . . .

"မဟုတ် . . မဟုတ်ပါဘူး၊ ကိုမိုးထက်ပြောတာကို အလက်ာကြိုက်လွန်းလို့ပါ။ ကိုမိုးထက်ပြောတာဟုတ်တယ်။ ဝတ္ထုထဲက အဲဒီအမျိုးသမီးရဲ့ပုံစံက အဲဒီအတိုင်းပဲ အလက်ာဖတ်ကြည့်တုန်းက ကိုမိုးထက်ပြောသလောက် ပြည့်ပြည့်စုံစုံ မခံစားရပေမယ့် အခုမှ ပိုသတိထားမိလာတယ်။ ကျေးဇူးပဲ ကိုမိုးထက်။ အလက်ာ့အတွက် အဲဒီအခန်းကပိုအရေးကြီးတယ်။ ဒါကြောင့် ဘယ်လိုစိတ်သွင်းရမယ်ဆိုတာ သိထားဖို့လိုတယ်လေ။ ကိုမိုးထက်ကို အရမ်းကျေးဇူးတင်ပါတယ်။ ဒါရိုက်တာနဲ့လည်း အဲဒီအခန်းအတွက် ညှိနှိုင်းကြတဲ့အခါ အခုလို မိုးထက်ပြောပြတာလေးကို ထည့်ပြောပြလိုက်ပါ့မယ်"

မိုးထက်က ပြုံးရုံပဲပြုံးပြလိုက်ပါသည်။ အလက်ာက စကားကိုရပ်ကာ မိုးထက်ကို ပြုံးပြုံးလေးစိုက်ကြည့်ရင်း . . .

"ကိုမိုးထက်က ခံစားမှုတွေအကြောင်း တော်တော်နားလည်တာပဲနော်။ ကိုမိုးထက်သာ အနုပညာတစ်ခုခုလုပ်နိုင်ရင် အောင်မြင်လိမ့်မယ်လို့ အလက်ာထင်တယ်"

မိုးထက် ကမန်းကတမ်း လက်ကာပြကာ . . . .

"မဖြစ်ဘူးဗျ . . . မဆိုင်ဘူး . . . ခံစားတတ်တာကတော့ လူတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အနည်းနဲ့အများ ခံစားတတ်ကြတာပဲ . . နည်းနည်းခံစားတတ်တဲ့လူနဲ့ များများခံစားတတ်တဲ့လူပဲ ကွာတယ်။ ဒါပေမယ့် အနုပညာသမားတွေဆိုတာ ခံစားချက်ကို ထုတ်ဖော်ပြီးပြတဲ့အခါမှာ ပရိသတ်လက်ခံအောင်ပြတတ်ကြတဲ့ ပါရမီပါလာကြတယ်။ ကျွန်တော်တို့လို သာမန်လူတွေကျတော့ ကိုယ့်ဘာသာကိုယ် နားလည်ချင် နားလည်နေပေမယ့်လည်း ထုတ်ပြဖို့ကျတော့ မပြတတ်ကြဘူး။ အဲဒီ့နေရာမှာစပြီး အခြေခံစကွာသွားကြတာ"

အလက်ာက . . .

"အခုလို အဲဒီ့အကြောင်းတွေ နားလည်နေတယ် ဆိုကတည်းက ကိုမိုးထက်မှာ အနုပညာခေ့တ်ခံလေးရှိနေလို့ပဲ"

မိုးထက်က လေးတွဲ့စွာ ခေါင်းခါပြပြီး . . .

"မဖြစ်ပါဘူးဗျာ . . . အနုပညာဆိုတာ ကျယ်ပြန့်လွန်းပါတယ်"

အလက်ာက တည်ငြိမ်စွာ စကားကိုဆက်သည်။

"အလက်ာ့အမြင်တော့ ကိုမိုးထက်ဝတ္ထုလေး ဘာလေးစမ်းရေးကြည့်စေချင်တယ်။ တကယ်ပါ။ အလက်ာမြှောက်ပြောတာမဟုတ်ပါဘူး။ ကိုမိုးထက်က စာရေးဆရာတစ်ယောက်ရဲ့ အတွေးအခေါ် မျိုးရှိတယ်။ မယုံရင်လုပ်ကြည့်၊ ပရိသတ် လက်ခံလာလိမ့်မယ်။ အလက်ာပြောရဲတယ်"

မိုးထက် သက်ပြင်းကိုချပြီး ခေါင်းကိုကုတ်လိုက်သည်။ အလက်ာနဲ့ထိုင်ရတာ တဖြည်းဖြည်းကြောက်လာမိသည်။ လူကဲခတ်လည်း တော်တော်ကောင်းတဲ့ ကောင်မလေးဟု မှတ်ချက်ချမိ၏။ သူမ ရှေ့မှာထိုင်နေတဲ့လူသာ 'တိုးနွယ်မြင့်' ဟု သိသွားရင် သူမဘာပြောမလဲ။

"ကိုမိုးထက်"

"ဗျာ"

"ဒီကားရိုက်ရင် ရိုက်ကွင်းကိုလိုက်ကြည့်ဦးမှာလား ဟင်"

"အလက်ာက လိုက်ကြည့်စေချင်လို့လား"

ပြောပြီးတော့မှ ကိုယ့်ပါးစပ်ကိုယ် ပိတ်ရိုက်ပစ်လိုက်ချင်၏။ ဘာဖြစ်လို့ ဒီလိုစကားမျိုး သွားပြောလိုက်ရတာလဲ။ ဒါ တစ်ဖက်သားရဲ့ ရိုးသားမှုကို





လှုပ်ခတ်သွားစေတဲ့အပြောမျိုး၊ မတတ်နိုင်တော့၊ အခုမှတော့ မထူးတော့ပြီ။ အလက်ာက ပြုံးငွေ့ငွေ့နဲ့ ခေါင်းလေးငုံ့သွားကာ . . .

"အင်း"

အမူအရာလေးကြောင့် မိုးထက် တစ်ကိုယ်လုံးမရှိုးမရှဖြစ်သွား၏။ သူ့ဝတ္ထုထဲမှာဆို ဒီအခန်းမှာ လက်ကလေးကို ဖမ်းကိုင်ပစ်မည်ဟု မညာမတာ တွေးပစ်လိုက်၏။ သို့သော် အပြင်မှာ တကယ်လက်တွေ့ဖြစ်နေ၍ ရဲရဲတောင် မကြည့်ရဲပေ။ ဆက်လည်းမနေရဲတော့ပေ။ တော်ကြာ စိတ်အလိုလိုက်မိ၍ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်သွားမှာစိုး၍ဖြစ်၏။

"ကျွန်တော် လိုက်ခဲ့ပါ့မယ်"

အလက်ာက မော့ကြည့်၏။

"ပြီးရင် အလက်ာ့ကို ဝေဖန်ရမယ်နော်"

"ဗျာ"

"သြော် . . . အလက်ာ သရုပ်ဆောင်တာ ကောင်းမကောင်း၊ ပြန်ပြောရမယ်လို့"

"အလက်ာက ကောင်းပြီးသားပါ"

"မရဘူး။ ပြောရမယ်ဆို ပြောရမယ်ပဲ"

ခေါင်းလေးခါပြီး ခြေဆောင့်ပြောလိုက်တဲ့ အမူအရာလေးကြောင့် မိုးထက်ရင်ထဲမှာ အေးခနဲဖြစ်သွားမိ၏။ ခြေနှစ်ချောင်းတောင် လေမှာမြောက်သွားသလိုလို . . .။ ဒါ . . . အကယ်ဒမီရွှေလား . . .။ သူ့ဟာသူ ဘာပဲဖြစ်ဖြစ် ဒီကကောင်မှာတော့ အသည်းတွေယားလွန်းလို့ သွက်ချာပါဒတောင် လိုက်တော့မည်။ ဒါကြောင့် . . . .

"ပြော . . . ပြောပါ့မယ် . . . စိတ် . . . စိတ်မဆိုးရဘူးနော်"

"ဟင့်အင်း . . . မဆိုးဘူး။ ပြောချင်တာသာပြော"

ဒီအချိန်မှာ အခွင့်ကောင်းယူပြီး ချစ်တယ်လို့ ထပြောပစ်လိုက်ချင်တယ်။ သူ့ဝတ္ထုထဲမှာဆိုရင်တော့ လုပ်ပစ်လိုက်ပြီ။ ဒါပေမယ့် လက်တွေ့မှာ တွေးမိရုံနဲ့တင် မုန်းသွားမှာစိုး၍ ခြေဦးတောင်မလှည့်ရဲ . . .။ အဲဒီ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဆူဇီက ဒါရိုက်တာရောက်ပြီဆိုတာ လာပြော၍ အလက်ာ သူ့ကိုနှုတ်ဆက်ကာ ဆူဇီနဲ့အတူ ဒါရိုက်တာဆီကို ထွက်သွားပါတော့သည်။

အလက်ာတို့ ထွက်သွားတော့ မိုးထက်တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်ပြီး ကျန်ခဲ့၏။ ရင်ဘတ်တစ်ခုလုံး တအုံ့နွေးနွေးဖြစ်နေကာ လက်ဖျားခြေဖျားလေးတွေ အေးလို့ . . . ။

"မင်းသမီးရယ် ကြာရင် ငါရူးတော့မယ်"

ပြဿနာက ရှူတင်စတည်တဲ့နေ့မှာပဲ အကြီးအကျယ်တက်ပါတော့သည်။ တခြားဟာမဟုတ် ဇာတ်ညွှန်းရေးဆရာကြောင့်ပင် ဖြစ်သည်။ ထိုလူနှင့် သူတော်တော်လေး သိကျွမ်းဖူး၏။ လေထန်ကုန်းမှာ လေးငါးခါဆုံဖူးသည်။ တခြားစကားဝိုင်းတွေမှာလည်း တွေ့ဖူးသည်။ ထိုလူက ဝတ္ထုတိုလည်း ရေးသည်။ ဇာတ်ညွှန်းလည်းရေးသည်။

ရိုက်ကွင်းပေါ်မှာ ရုတ်တရက် သူ့ကိုတွေ့တော့ ထိုလူတော်တော်အံ့သြသွားပုံရ၏။ သူလည်း တော်တော်အံ့သြသွားသည်။ အမှန်တကယ်ပြောရရင် ဒီဝတ္ထုကိုဇာတ်ညွှန်းခွဲမှာ သူလို့ လုံးဝထင်မထားခဲ့။ အခုတော့ ပြဿနာတက်ပြီ။ ဘေးမှာလည်း အလက်ာတို့ပါရှိနေ၍ ပိုဆိုးသွားရတော့သည်။

"ဟာ . . . ဆရာ ကိုယ်တိုင် လာကြည့်တာပါလား။ ဘယ်က ဘယ်လိုရောက်လာတာလဲ ဟင်"

ရုတ်တရက်ဆိုတော့ ဘာပြန်ပြောလို့ ပြောရမှန်းပင်မသိ။ အလက်ာနဲ့ဆူဇီက သူနဲ့ဇာတ်ညွှန်းဆရာကို ကြောင်တောင်တောင်နဲ့ကြည့်နေသည်။

"ဆရာ ကျွန်တော့်ကို မမှတ်မိတော့ဘူးလား"

သူလည်း ရှောင်လွှဲမရတော့၍ . . .

"မှတ် . . မှတ်မိပါတယ် ကိုဖြိုးဝေရယ် မမှတ်မိဘဲ နေပါ့မလားဗျာ"

ဇာတ်ညွှန်းဆရာ ကိုဖြိုးဝေက . . .

"ကုမ္ပဏီက ပြောတော့ ဆရာတိုးနွယ်မြင့်က ဇာတ်ညွှန်းမခွဲဘူးလို့ ပြောတယ်။ အဲဒါ သူတို့က ကျွန်တော့်ကိုအပ်တာလေ။ ကျွန်တော်လည်း တတ်နိုင်သလောက် မူရင်းအရသာမပျက်အောင်ခွဲထားပါတယ်။ အခုလို ဆရာကိုယ်





တိုင်ရှိနေတော့ အဆင်ပြေသွားတာပေါ့ဗျာ။ ကျွန်တော်ခွဲထားတာတွေ လေ့လာကြည့်ပါဦး"

အလက်ာမျက်နှာသည် အူကြောင်ကြောင်ဖြစ်နေရာမှ အံ့ဩခြင်းသို့ ချက်ချင်းကူးပြောင်းသွားသည်ဆိုတာ မိုးထက် သတိထားလိုက်မိ၏။ အချိန်တွေအားလုံးနှောင်းသွားပြီ။ ဒီလိုမှန်းသိရင် အကြောင်းတစ်ခုခုပြပြီး ရှောင်လိုက်ပါသည်။ သို့သော် အခုမှတော့ အားလုံးလွန်ကုန်လေပြီ။ မတတ်နိုင်တော့ . . .

"ဆရာခွဲတယ်ဆို ကောင်းပြီးသားနေမှာပါဗျာ။ ဘာမှ ကြည့်နေစရာလိုမယ်မထင်ပါဘူး"

ကိုဖြိုးဝေက သူ့လက်ကို အသာဆုပ်ကိုင်ကာ . . .

"လာ ကိုတိုးနွယ် ကျွန်တော် ဒါရိုက်တာနဲ့မိတ်ဆက်ပေးမယ်"

ဆိုပြီးခေါ်၏။ ငြင်းမရတော့သောကြောင့် ဒါရိုက်တာဆီကို လိုက်သွားမိသည်။ ဟိုရောက်တော့ ဒါရိုက်တာကလည်း ဝမ်းသာအားရပင်ကြိုဆိုလျက် . .

"အခုလို စာရေးဆရာကိုယ်တိုင်ရှိတော့ ကောင်းတာပေါ့ဗျာ။ ကျွန်တော်တို့မှာ ရုပ်ရှင်နဲ့စာအုပ်ကို တချို့နေရာတွေမှာ အနည်းငယ်ပြင်ရတဲ့အပိုင်း တွေရှိတယ်ဗျ . . . ဒါလည်း ကိုတိုးနွယ်သိပြီးသားနေမှာပါ"

"ဟုတ်ကဲ့ပါ"

"အခုလို ခင်ဗျားကိုယ်တိုင်ရှိတော့ တိုင်ပင်လို့ရတာပေါ့ . . ဒါနဲ့ ကိုတိုးနွယ်က ဒီကိုဘယ်လိုရောက်လာတာလဲ . . . ရိုက်ကွင်းကိုစိတ်မချလို့ လိုက်လာတာလား"

သူ ကမန်းကတမ်းလက်ကာ ကာ . . .

"ဟာ . . . မဟုတ်ပါဘူးဗျာ စိတ်ချပြီးသားပါ။ ကျွန်တော်က ဒီကို တခြားကိစ္စလေးတစ်ခုကြောင့်လာတာပါ။ ဒီရောက်တော့ တိုက်တိုက်ဆိုင်ဆိုင် လာကြုံရတာပါ"

အဲဒီအချိန်မှာပဲ ဒါရိုက်တာက အလက်ာ့ကို လှမ်းခေါ်သည်။ အလက်ာ ရောက်လာတော့ . . .

ပြောပြီး သူ့ဘက်လှည့်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"အလက်ာကိုတော့ ဆရာသိပြီးသားနေမှာပါ"

မိုးထက် ခေါင်းကိုကုတ်မိ၏။ ဒုက္ခတော့ရောက်လေပြီ။ ထိုအချိန်မှာပဲ အလက်ာက ဝင်၍ . . .

"တွေ့ရတာ ဝမ်းသာပါတယ် ကိုတိုးနွယ်မြင့် . . . ကိုတိုးနွယ်မြင့်လို နာမည်ကြီးစာရေးဆရာတစ်ယောက်နဲ့ သိကျွမ်းရတာ ဝမ်းသာရပါတယ်"

သူအံ့ဩသွား၏။ ထင်မထားမိသောစကား။ အလက်ာ့မျက်နှာသည် အနည်းငယ်တင်းမာနေသယောင်ရှိသည်။ သို့သော် မင်းသမီးပီသစွာ အများရှေ့မှာ ဟန်ဆောင်ဖုံးထားနိုင်၏။ သူခဏတော့ ဆွံ့အသွားပါသည်။ သို့သော် ပြန်မနှုတ်ဆက်ရင် အားလုံးရှေ့မှာအလက်ာ့ကိုပိုပြီး အရှက်ရစေမှာဖြစ်၍ . .

"ဟုတ် : . ဟုတ်ကဲ့ ကျွန်တော်လည်း တွေ့ရတာဝမ်းသာပါတယ်ဗျာ"

ဒါရိုက်တာကတော့ သူနဲ့မင်းသမီးသိကျွမ်းမှုကို ဘာမှမသိ၍ စကားတွေဆက်ပြောသည်။ မင်းသားအခန်းတွေကို မန္တလေးမှာရိုက်မည်ဖြစ်ကြောင်း၊ ဒီ ပြင်ဦးလွင်မှာတော့ မင်းသမီးအခန်းတွေကိုရိုက်မည်ဖြစ်ကြောင်း ရှင်းပြ၏။

သူလည်း ခေါင်းတညိတ်ညိတ်နဲ့နားထောင်ရင်း ရှူတင်ကို အရုပ်တစ်ရုပ်လို ထိုင်ကြည့်နေမိတော့သည်။ ဇာတ်ညွှန်းဆရာကလည်း သူ့ကိုဇာတ်ညွှန်းတွေလာပြရင်း စကားတွေလာပြောသည်။ ဒါရိုက်တာကလည်း သူလုပ်မည့် လုပ်ကွက်တွေကို ရှင်းပြ၏။ တခြားသူတွေကတော့ သူ့ဝတ္ထုတွေအကြောင်း လာရောက်ဝေဖန်ပြောဆိုကြသည်။

အားလုံးထဲမှာ သူ့ကို စကားတစ်ခွန်းမှ လာမပြောသူတစ်ယောက်ရှိပါသည်။

ထိုသူကတော့ အလက်ာပင်ဖြစ်တော့သည်။

မိုးထက်ရင်ထဲမှာ ကိုယ့်ကိုယ်ကိုယ် တစ်နေ့လုံးဘယ်လိုဖြတ်သန်းသွားမှန်းတောင်သတိမထားမိလောက်အောင် ဆွံ့ဝေနေ၏။

အလက်ာ သူ့ကိုစိတ်နာသွားပြီလား . . . .

လူလိမ်တစ်ယောက်လို ကြည့်မရလောက်အောင် မုန်းသွားပြီလား. .

ရင်ထဲမှာ ပူလောင်လှပါပြီ . . .။ အားလုံးဟာ သူ့အပြစ်တွေပါပဲ။





သူ အလက်ာနဲ့ဘယ်နည်းနဲ့မှ မဝေးနိုင်တော့၊ စကားမပြောဘဲမနေနိုင်တော့။ မချစ်ရင်နေပါ။ အမုန်းကိုတော့ လက်မခံနိုင်တော့ပေ။

အလက်ာ့ကို တော်တော်ချစ်သွားမိခဲ့ပြီ . . . .။ ထိုအချစ်သည် ဖြူစင်သည်။ ရှင်းသန့်သည်။

ဒါ သူတစ်ယောက်တည်းပင် သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အလင်္ကာသည် သူ့ကိုအတွေ့မခံဘဲ ရှောင်နေသည်ဟုထင်မိသည်။ မနက်က (Dinning Room) မှာသူနဲ့တွေ့တော့နှုတ်ဆက်မလို့လုပ်စဉ် ရှောင်ထွက်သွားသည်။ သူ့ရင်ထဲမှာ တစ်စုံတစ်ခုပြင်းထန်စွာ ရိုက်ခတ်သလို ခံစားလိုက်ရ၏။ အခုမှ ဒုက္ခရောက်ပြီ။ စာလည်းဆက်မရေးနိုင်တော့။ မနက် စာတောင် ကောင်းကောင်းစားမဝင်တော့ပေ။ ရှောင်နေတာ ဒီနေ့တစ်ရက်တည်းမဟုတ်၊ သုံးလေးရက်ရှိပြီ။ လမ်းမှာ ဟိုနားဒီနားသွားရင်း ဆုံမိရင်တောင် ပစ္စည်းပျောက်သလိုလို၊ ဟန်းဖုန်းပြောသလိုလိုလုပ်ပြီး ထွက်သွား၏။

စားသောက်ဆောင်က မနက်စာကိုဝင်သရွေ့စားပြီး ကိုယ့်အခန်းကိုယ်ပြန်လာခဲ့မိလိုက်၏။ လူက ဘယ်မှလည်းမသွားချင် ပြီးတော့ ဘာမှလည်းမလုပ်ချင်၊ ဘယ်သူနဲ့မှလည်း မတွေ့ချင်တော့။ ဇာတ်ညွှန်းဆရာနဲ့ဒါရိုက်တာကတော့ ဒီအကြောင်းတွေကိုမသိ၍ ရိုက်ကွင်းကိုလိုက်ကြည့်ရန် ခဏခဏဖိတ်ခေါ်သည်။ သို့သော် အလင်္ကာရဲ့ ဥပေက္ခာပြုခြင်းကိုခံရတဲ့နေရာမှာ သူဘယ်လိုသတ္တိမျိုးနဲ့နေရမလဲ။ အရာအားလုံးကို သူဘယ်လိုရင်ဆိုင်ရမလဲ။





ထို့ကြောင့် အကြောင်းအမျိုးမျိုးပြကာ ငြင်းဆန်ပြီး အခန်းထဲအောင်းနေတာကြာလေပြီ။

'မိုးထက်' သက်ပြင်းကိုချကာ အခန်းရှိရာသို့ တက်ခဲ့လိုက်တော့၏။ အခန်းက ပထမထပ်မှာဖြစ်၍ လှေကားပေါ်အတက်တွင် အပေါ်မှဆင်းလာသော အလင်္ကာနှင့်လှေကားကွေ့တွင် ပက်ပင်းသွားတိုးလေတော့သည်။ သူ့ဘက်က အံ့ဩမှုအမူအရာကို ဟန်မဆောင်နိုင်လောက်အောင် မျက်နှာပေါ်ပေါ်လွင်သွားသော်လည်း၊ အလင်္ကာ့ဘက်ကတော့ အေးဆေးတည်ငြိမ်စွာပင် သူ့ဘေးကကျော်ဖြတ်သွားစဉ် . . .

"အလင်္ကာ"

အလင်္ကာ ခန္ဓာကိုယ်တုန့်ခနဲတစ်ချက်ရပ်သွားသည်ဟု ထင်လိုက်ရ၏။ ပြီးမှ ဆက်လျှောက်သွားမည်လုပ်စဉ် . . .

"ခဏနေပါဦး အလင်္ကာရယ်၊ ကျွန်တော်တို့ တစိမ်းတွေမဟုတ်ပါဘူးဗျာ"

အလင်္ကာဆက်လျှောက်သည်။ မိုးထက်နောက်မှ အမြန်ပြေးလိုက်သွား၏။

"အလင်္ကာ နေပါဦးဗျာ . . . ကျွန်တော့်ကိုစကားနည်းနည်းတော့ ပြောခွင့်ပြုပါ"

ဟိုတယ်အလယ်ခေါင်ကွက်လပ်မှာဖြစ်၍ အလင်္ကာက သူ့သိက္ခာသူထိန်းလိုက်သည့်သဘောလား ဘာလားမပြောတတ်။ ရပ်တော့သွားသည်။ ပြီးတော့ သူ့ဘက်ကို အကြည့်စူးစူးတစ်ချက်လှည့်ကြည့်၏။

အလင်္ကာ့အကြည့်ကြောင့် မိုးထက်စက္ကန့်ပိုင်းအနည်းငယ် ဆွံ့အသွား၏။ သို့သော် ချက်ချင်းသတိကိုထိန်းကာ . . . .

"အလင်္ကာ့ကို ကျွန်တော်တောင်းပန်ပါတယ်ဗျာ"

သူမ ခနဲ့တဲ့တဲ့ တစ်ချက်ရယ်၏။

"ဘာကိုတောင်းပန်နေတာလဲ။ အလင်္ကာ ဘာပြောလို့လဲ"

မိုးထက် ခေါင်းခါလိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"အလက်ာ ကျွန်တော့်ကို စိတ်ဆိုးနေတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် ကွယ်ဝှက်ထားမိတဲ့အတွက် အလက်ာ့ကို တောင်းပန်တာပါ။ ကျွန်တော့်ကို တစ်မျိုးမထင်ပါနဲ့ဗျာ"

အလက်ာကတစ်ချက်ပြုံးသည်။

"တစ်မျိုးလည်းမထင်ပါဘူး။ နှစ်မျိုးလည်းမထင်ပါဘူး။ ဘယ်လိုမှ မထင်ပါဘူး။ ဒါပေမယ့် တိုးနွယ်မြင့်ဆိုတဲ့ စာရေးဆရာက လိမ်တတ်တယ်ဆိုတာတော့ . . "

"တော်ပါတော့ အလက်ာရယ် . . . မပြောပါနဲ့တော့ဗျာ။ ကျွန်တော့်ကို စကားလုံးတွေနဲ့ မနှိပ်စက်ပါနဲ့တော့။ အဲဒီလိုလုပ်ခဲ့ရတာတွေကလည်း . . "

မိုးထက် စကားဆက်ဖို့ခက်နေသည်။ ထို့ကြောင့် ငူငူငေါင်ငေါင်နဲ့ ရပ်သွား၏။ အလက်ာက မိုးထက်ဆက်ပြောမယ့်စကားကို စိတ်ဝင်စား၍ အသာငြိမ်ကာ ဆက်နားထောင်နေ၏။

"ကျွန်တော် . . . "

"ကျွန်တော် . . . "

မိုးထက် စကားဆက်ဖို့ တော်တော်နဲ့မထွက် . . . ။ အချိန်တော်တော်ကြာသည်အထိ 'ကျွန်တော်' ဆိုတဲ့ စကားကမတက်တော့သောကြောင့် အလက်ာ သူ့ကို ပြုံးပြီးကြည့်ကာ ဆက်ထွက်သွားလေတော့သည်။

အလက်ာ ဘာကြောင့်ပြုံးသွားသလဲ။

ထိုအပြုံးကို သူသိသည်။

"အပိုတွေပြောမနေပါနဲ့ ကိုမိုးထက်ရယ်"

ဆိုတဲ့အပြုံး . . .

ဒါပေမယ့် ထိုအပြုံးလေးကို ချစ်၏။ နောက်တစ်ခါတွေ့ရင် ဖြစ်ချင်တာဖြစ် ဖွင့်ပြောဖို့ရည်ရွယ်လိုက်ပါပြီ။





"အဲဒီ အခန်းမှာ အလက်ာသရုပ်ဆောင်တာ တော်တော်ပီပြင်တာပဲ"

ဒါရိုက်တာက ပြောတော့ အလက်ာပြုံးပြီးကြည့်ကာ . . .

"အလက်ာ့က အဲဒီ့ဝတ္ထုကို အရမ်းကြိုက်တာလေ"

"ကိုတိုးနွယ်မြင့်နဲ့ အလက်ာနဲ့မသိဘူးလား"

"ဟိုနေ့က မိတ်ဆက်ပေးလို့ သိပြီးပါပြီ"

ဒါရိုက်တာက ပြုံးသည်။

"ဒီလူက လူတော်ပါ။ သူ့စာအုပ်တွေက တစ်ခုမဟုတ်တစ်ခု ရင်ထဲမှာ ကျန်ခဲ့စေတယ်။ လက်တွေ့ဘဝနဲ့လည်း အပ်စပ်တယ်"

အလက်ာက ခေါင်းပဲညိတ်ပြ၏။ ဒါရိုက်တာက ဆက်ပြီး . . .

"သူလည်း ဒီဟိုတယ်မှာတည်းတာလေ"

"ဟုတ်ကဲ့ သိပါတယ်"

ယို့မနေ့ာပ် ဒါရိုက်တာက တခြားကိစ္စတွေဆက်ပြော၏။ မန္တလေးမှာ ဆင်းရိုက်မယ့်ရက်ကို တိုင်ပင်သည်။ မင်းသားက မန္တလေးမှာစရိုက်တဲ့အခန်းက



www.burmeseclassic.com

www.burmeseclassic.com



စပါမှာဖြစ်၍ မင်းသားတက်လာမယ့်ရက်နဲ့ အလင်္ကာ့အခန်းတွေ ကြိုရိုက်စရာရှိတာရိုက်ထားဖို့ အချိန်တွေကို တွက်ကြသည်။

"မနက်ဖြန်တစ်ရက် လတ်စသတ်ပြီးရင် မန္တလေးဆင်းမယ်လေ။ ကြိုရိုက်စရာရှိတာရိုက်ထားလို့ ရတာပေါ့။ မင်းသားကလည်းသိတဲ့အတိုင်း ရိုက်ရက်နည်းနည်းပဲပေးတော့ သူရောက်လာတဲ့အချိန်မှာ သူ့အခန်းတွေပဲ ရသလောက်ရိုက်ပစ်လိုက်လို့ရတယ်"

အလင်္ကာက ခေါင်းညိတ်ပြ၏။

"ဒီဇာတ်က မင်းသမီးဇာတ်ဖြစ်နေတော့၊ သူ့ဘက်က အချိန်ပေးတာကိုတောင် အလင်္ကာကကျေးဇူးတင်ရမှာပါ"

ဒါရိုက်တာက ခေါင်းညိတ်၍ . . .

"ဟုတ်ပါတယ်။ အဲဒီ့အတွက် ကိုယ့်ဘက်က လုပ်စရာရှိတာလုပ်ထားဖို့လိုတယ် . . . ကဲ . . အလင်္ကာလည်း သွားနားရင်နားတော့လေ"

ဒါရိုက်တာ့ဆီက အလင်္ကာထွက်လာခဲ့သည်။ ဒီနေ့ ရိုက်ကွင်းမှာ နည်းနည်းပင်ပန်းသွား၏။ သို့သော် ပင်ပန်းရကျိုးနပ်အောင် ကျေနပ်အားရခဲ့ပါသည်။ ဒီနေ့ သူသရုပ်ဆောင်တဲ့ အခန်းကို ဒါရိုက်တာကတောင် ချီးကျူး၍ ပင်ပန်းရကျိုးနပ်ခဲ့၏။ ထိုကိစ္စကိုတွေးမိတော့ ကိုမိုးထက်ကို အတွေးထဲမှာ ဖျပ်ခနဲ ပေါ်လာမိသည်။

အဲဒီ့အခန်းအတွက် ခံစားချက်ကို သေသေချာချာရှင်းပြခဲ့သောကြောင့် ဒီနေ့ဒီလို သရုပ်ဆောင်နိုင်ခြင်းပင်။ သူ့ဘာသာသူ သရုပ်ဆောင်တာထက် Mood တစ်ခုကို ဘယ်လိုသွင်းရမယ်ဆိုတာ အကြံပြုပေး၍ အားရခဲ့ခြင်းပင်။

အဲဒီ့ကိစ္စကို တွေးမိရင် ကျေးဇူးလည်းတင်သလို၊ အမြင်လည်း ကတ်သည်။ သူ့ကိုယ်သူ တိုးနွယ်မြင့်ဆိုတာမပြောဘဲ ဖုံးထားသောကြောင့်ဖြစ်၏။ ထို့ကြောင့် အမြင်ကတ်ကတ်နဲ့ စကားမပြောဘဲနေပစ်လိုက်၏။ အဲဒီလိုကျတော့လည်း မျက်နှာငယ်လေးနဲ့ လိုက်ခေါ်ရှာသည်။

အမှန်တော့ အလင်္ကာသူ့ကိုမမုန်းပါ။ သို့သော် ဘာကြောင့်သူ့ဘဝသူ





ဖုံးကွယ်ထားရမှန်း အလင်္ကာမတွေးတတ်။ အစောကြီးကတည်းက သူ့ကိုယ်သာ တိုးနွယ်မြင့်ဆိုတာသိခဲ့ရင်ကော အလင်္ကာကဘာပြောမှာလဲ။ မိုးထက်ဆိုတဲ့ လူကိုတောင်ခင်နိုင်သေးရင် တိုးနွယ်မြင့်ကို မခင်နိုင်စရာအကြောင်းမရှိဘူး ဆိုတာ သူမသိလေရော့သလား။

တစ်ခါတစ်ခါ စာရေးဆရာတွေက အူကြောင်ကြောင်နိုင်တယ်ဆိုတာ ဒါမျိုးပဲဖြစ်မည်ဟု အလင်္ကာတွေးလိုက်မိ၏။

ထို့နောက် သူမအခန်းရှေ့ရောက်တော့ အကြံတစ်ခုရသွား၍ မဝင်သေးဘဲ မိုးထက်အခန်းရှေ့သွားရပ်ကာ တံခါးခေါက်လိုက်တော့သည်။

လေးငါးချက်ဆင့်ခေါက်ပြီးမှ မိုးထက်တံခါးလာဖွင့်သည်။ သူ့ကိုတွေ့တော့ အံ့ဩတကြီးနှင့် . . .

"ဟာ . . . အလင်္ကာပါလား . . . လာ . . လာလေ အထဲဝင် . . အဲ . . မဝင်နဲ့ မှားသွားလို့ . . ဟိုဟာလေ . . . ဘယ် . . ဘယ်ကလာတာလဲဟင်"

ယောင်ကန်းကန်းဖြစ်နေတဲ့ မိုးထက်ကိုကြည့်၍ အလင်္ကာရယ်ချင်သွားသည်။ သို့သော် ထိုစိတ်ကို ဖုံးထားကာ ခပ်တည်တည်နှင့် . . .

"စာအုပ်လာတောင်းတာ"

"ဗျာ"

"စာအုပ်လာတောင်းတာလို့ ပြောတာ"

"ဘယ် . . . ဘယ်စာအုပ်လဲ"

"အနီရောင်ဘဏ်တိုက်စာအုပ်လေ ဖတ်မယ်ဆိုပြီး လိမ်ယူသွားတဲ့ စာအုပ်။ အဲဒါ ပြန်ပေး"

မိုးထက်အခုမှ သတိရသွားဟန်တူသည်။ ကမန်းကတန်း အခန်းထဲ ပြန်ဝင်သွားပြီး စာအုပ်ကိုယူလာ၏။ ပြီးနောက် အလင်္ကာ့ကိုလှမ်းပေးလိုက်၍

"ဆော . . ဆောရီးနော် . . . ကျွန်တော်မေ့သွားလို့ပါ"

အလင်္ကာကလည်း ခပ်တည်တည်နှင့် . . .

"ရပါတယ် . . . နောက်ထပ် တိုးနွယ်မြင့်စာအုပ်တွေ အများကြီးရှိသေးတယ် ဖတ်ချင်ရင်လာယူဖတ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ဒါက တမင်ရွဲ့ပြီးပြောခဲ့သော စကား . . . မိုးထက်က ပထမကြောင် တောင်တောင်ဖြစ်သွားပြီးမှ အလင်္ကာလှည့်ထွက်တဲ့နောက်ကပ်လိုက်သွားကာ

"အဲဒီ့ စာရေးဆရာကို အလင်္ကာကြိုက်လား"

"ကြိုက်တယ် စာအုပ်ကို၊ လူကိုတော့ လုံးဝပဲ"

"လူလည်း ကြိုက်ဖို့ကောင်းပါတယ်"

အလင်္ကာက မျက်စောင်းထိုးကာ . . .

"တစ်စက်မှ ကြည့်မရဘူး"

"အလင်္ကာ"

"ဘာလဲ"

"အလင်္ကာ့ကို ကျွန်တော် အရမ်းချစ်တယ်ဗျာ"

"ရှင်"

ရုတ်တရက်ဆိုတော့ အလင်္ကာမျက်လုံးလေးပြူးသွားသည်။ မိုးထက်က အလင်္ကာရှေ့မှာ မရှိတော့ပေ။ ပြောချင်တာပြောပြီး ကိုယ့်အခန်းထဲကိုယ် ဝင်သွားလေတော့သည်။ ဟိုတယ်ဝရန်တာမှာ အလင်္ကာတစ်ယောက်သာ ရင်ခုန်တတ်တဲ့ နှလုံးသားတစ်စုံနဲ့ အံ့ဩလို့က်မောရင်း . . . .

ညနေခင်းသည် ပန်းရနံ့များနဲ့ လှပနေပါ၏။ ဟိုးအဝေး မိုးကုပ်စက်ဝိုင်းမှာ ငှက်တစ်အုပ်ပျံသန်းလာကြသည်။ မကြာခင်နေဝင်တော့မည်။





ကလေး တစ်ယောက်လုပ်ချင်တာလုပ်ပြီးသွား၍ ပျော်ရွှင်နေသလို သူ စိတ်ထဲမှာပျော်ရွှင်နေမိသည်။ အလင်္ကာ့ကို ရည်းစားစကားပြောတုန်းက အံ့ဩသွားတဲ့ အမူအရာလေးကို မျက်လုံးထဲကမထွက်၊ အရမ်းချစ်မိသွားပြီ၊ ဘယ်လို နည်းနဲ့မှဝေးလို့မဖြစ်တော့၊ ချစ်သူတွေဖြစ်သွားရင် စာအုပ်ကိစ္စလေးကို ထုတ်ပြောမည်ဟု ဆုံးဖြတ်ထား၏။ အလင်္ကာ ပြန်ချစ်တာမချစ်တာ အပထား။ စိတ်ကူးထဲမှာတော့ မင်္ဂလာဆောင်ပြီးလေပြီ . . .။

ခုနအတွေးကိုပြန်ဆက်သည်။ အသည်းယား၍ စောင်ကိုကျစ်ကျစ်ပါအောင် ဖက်ထားမိ၏။ အလင်္ကာနဲ့ချစ်သူတွေဖြစ်သွားရင် စာအုပ်ကိစ္စလေး ဖွင့်ပြောမည်။ သူမ ခွင့်ပြုချက်ရမှ အဲဒီ့စာအုပ်လေးကို ထုတ်မည်။ ချစ်သူတွေ ဖြစ်ဖြစ်၊ မဖြစ်ဖြစ်၊ သူမခွင့်ပြုချက်မရဘဲ အဲဒီ့စာအုပ်လေးကို မထုတ်ဘူးဟု ဆုံးဖြတ်ချက်ချပစ်လိုက်တော့၏။ ဒါပေမယ့် ရေးတာတော့ဆက်ရေးရမည်။ ဇာတ်တစ်ခုကိုတော့ အဆုံးသတ်ရမည်။ ဒီစာအုပ်သည် သူ့ရဲ့ဒိုင်ယာရီ တစ်ခု (သို့မဟုတ်) ဘဝအတွက် အရေးပါသော အလှည့်အပြောင်းတစ်ခု . . .။



www.burmeseclassic.com

www.burmeseclassic.com

မိုးထက် တွေးရင်းနဲ့ ခုတင်ပေါ်မှာမှေးနေလိုက်တော့သည်။ ဘယ်လောက်ကြာကြာ မှေးနေမိမှန်းမသိပေ။ တံခါးခေါက်သံကြားမှ ရုတ်တရက် လန့်နိုးသွားကာ သွားဖွင့်လိုက်တော့ ဟိုတယ်က ကောင်လေးတစ်ယောက် . . .

"အစ်ကို့ ဧည့်သည်ရောက်နေတယ်ခင်ဗျ"

မိုးထက်နည်းနည်းတော့အံ့ဩသွား၏။ ဟိုတယ်ဝရန်တာ ထွက်ကြည့်လိုက်တော့ အောက်ကလက်လှမ်းပြသော ကဗျာဆရာကို တွေ့လိုက်ရလေသည်။ ခဏစောင့်ဆိုပြီး လက်ပြန်ပြကာ အနွေးထည်ကောက်စွပ်၍ သူဆင်းလာခဲ့လိုက်ပါတော့သည်။

အောက်ရောက်တော့ ကဗျာဆရာက . . .

"မနက်ဖြန်နေ့လယ်စာ စားဖို့လာဖိတ်တာ၊ ဆရာအားတယ်မလား"

"အားနာစရာဗျာ အလုပ်ရှုပ်ခံလို့"

"အလုပ်ရှုပ်တယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲဆရာရယ်။ ရောက်တုန်းဧည့်ခံရတာပါ၊ ဒါနဲ့ဗီရက်ပိုင်းအတွင်း ဆရာပျောက်နေလို့ ကျွန်တော့်မိန်းမက တောင် မေးနေသေးတယ်၊ နေများမကောင်းလို့လား မသိဘူးတဲ့"

"နေကောင်းပါတယ်ဗျာ ဒီမှာ ပြဿနာလေးတွေ နည်းနည်းတက်နေလို့"

"ဟုတ်လား ဘာပြဿနာလဲ"

ကဗျာဆရာက မျက်လုံးပြူးသွား၍မေးတော့ . . .

"တခြားဟာတော့ မဟုတ်ဘူး . . . ကျွန်တော်တို့နှယ်မြင့်ဆိုတာ အလက်ာသိသွားတယ်ဗျ"

ကဗျာဆရာက မျက်လုံးထပ်ပြူးသွားကာ . . .

"ဟာ . . . အဲဒီတော့ ဘာ . . ဘာတွေဖြစ်ကုန်လဲ ဟင်"

မိုးထက်အစအဆုံး ရှင်းပြလိုက်၏။ သူ့ဘက်က အလက်ာ့ကို ဖွင့်ပြောလိုက်တာကိုတော့ ချန်လှပ်ထားသည်။ သူ့စကားဆုံးတော့ ကဗျာဆရာက သက်ပြင်းကိုချကာ . . .

"တော်သေးတာပေါ့ဗျာ"





ဟု ဆိုသည်။ ထို့နောက် . . .

"မနက်ဖြန် ထမင်းစားကိုလည်း အလက်ာတို့ပါ ဖိတ်ခဲ့ပါလို့ကျွန်တော့်မိန်းမက အတင်းမှာလိုက်လေရဲ့။ အဒါသူတို့ကိုပါ ဆရာပြောပေးပါလား"

"အဲဒါတော့ ကိုသန်းထွန်းကိုယ်တိုင် သွားပြောတာ ပိုကောင်းမယ်ထင်တယ်။ သူတို့က အလုပ်ခပ်များများရယ်။ ကိုသန်းထွန်းကိုယ်တိုင် လိုက်ဖိတ်တော့ကောင်းတာပေါ့"

ကဗျာဆရာ တစ်ချက်တွေဝေသွားပြီး . . .

"အဲဒါဆို ဆရာပါလိုက်ခဲ့ပေး"

"လိုက်ခဲ့မယ်လေ"

ထို့နောက် အလက်ာရှိရာသို့ ထွက်လာခဲ့လိုက်သည်။ မိုးချုပ်နေပြီဖြစ်၍ အိပ်နေမလားတောင်တွေးလိုက်မိ၏။ သို့သော် (၇)နာရီလောက်ပဲရှိသေး၍ မအိပ်လောက်သေးဟု တွေးလိုက်ကာ တံခါးကိုအသာခေါက်လိုက်မိသည်။ ခဏနေတော့ ဆူဇီတံခါးကိုလာဖွင့်သည်။ သူ့ကိုရော ကဗျာဆရာကိုပါ မြင်သွားတော့ . . . .

"ဩော် . . စာရေးဆရာကြီးတို့ပါလား။ ဘယ်ကလှည့်လာကြတာလဲ"

မိုးထက်က . . .

"ဒီလိုပဲဗျ . . . အလက်ာရှိလား မသိဘူး"

"ခဏလေးနော် ခေါ်ပေးမယ်"

ပြောပြီး လှည့်ထွက်သွားသည်။ သူတို့လည်း ဝရန်တာမှရပ်စောင့်နေလိုက်ကြ၏။ ခဏနေတော့ ဆူဇီရော အလက်ာပါ အပြင်ထွက်လာ၍ . .

"ကိုမိုးထက် ကိစ္စရှိလို့လား ဟင်"

သူမဖြေခင်မှာပဲ ကဗျာဆရာကဝင်၍ . . .

"ထမင်းစားဖိတ်ချင်လို့ပါဗျာ . . မနက်ဖြန်နေ့လယ်စာကို ကျွန်တော့်အိမ်မှာ စားဖို့လာဖိတ်တာပါ။ အဲဒါ အလက်ာတို့များ အားမလားလို့"

အလက်ာက အားနာဟန်နှင့် ကဗျာဆရာကိုကြည့်ကာ . . . .

"အားနာစရာ ကိုသန်းထွန်းရယ် အစ်မတော့ အလုပ်ရှုပ်နေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး သူက အလက်ာတို့ကို သိပ်ချက်ကျွေးချင်နေတာ၊ ဟိုတစ်ခါ သူကိုယ်တိုင် မချက်လိုက်ရလို့ ဆိုပြီး တေးထားတာလေ"

အလက်ာရော ဆူဇီပါပြုံးသည်။ အလက်ာက . . .

"မနက်ဖြန် မနက်ပိုင်းတော့ ချိန်းတွေရှိတယ်။ ဒါပေမယ့် နေ့လယ်ထမင်းစားချိန်ဆိုရင်တော့ အားပါပြီ။ ဘယ်အချိန်လာရမလဲ"

"ရပါတယ် အလက်ာတို့အားမယ့်အချိန်ပြောပါ။ ကျွန်တော်တို့ အိမ်ကို ကြိုက်တဲ့အချိန်လာလို့ရပါတယ်"

အလက်ာက တစ်ချက်စဉ်းစားကာ . . .

"ဒါဆို (၁၂:၀၀)နာရီလောက်လာခဲ့မယ်လေ"

ကဗျာဆရာက ပြုံးရွှင်စွာခေါင်းညိတ်ပြ၍ . . .

"အိုကေဗျာ အဲဒါဆို ကျေးဇူးပဲ။ အိမ်ကိုတော့ ကိုမိုးထက် သိပါတယ်။ သူနဲ့အတူတူလာခဲ့ကြပေါ့"

ကဗျာဆရာက ခရီးသွားဟန်လွှဲ ခွင်ဖန်ပေးသွားခြင်းဖြစ်သည်။ မိုးထက်ကလည်း ဒီခွင်ကိုစောင့်နေ၍ လှိုက်လှိုက်လှဲလှဲပင် ခေါင်းညိတ်ပြကာ

"စိတ်ချ . . စိတ်ချ သူတို့ကို ကျွန်တော်ခေါ်လာခဲ့မယ်"

အလက်ာက မျက်စောင်းလှဲ့ညှိထိုးသည်။ ကျန်တဲ့သူတွေမမြင်အောင် မျက်စိပြန်မှိတ်ပြလိုက်၏။

ထို့နောက် ကဗျာဆရာက အားလုံးကို နှုတ်ဆက်ကာပြန်သွားတော့သည်။ ဆူဇီက ကော်ဖီဖျော်ဖို့ ရေနွေးသွားယူဦးမယ်ဆိုပြီး Dinning Room ဘက် ထွက်သွားသည်။

သူနဲ့ အလက်ာပဲ ဝရန်တာလေးမှာ ကျန်ခဲ့လေသည်။ မိုးထက်က. .

"အလက်ာ"

"ဘာလဲ"

အသံကပြတ်ဝေမယ့်ချစ်ဖို့ကောင်း၏။အမူအရာလေးကဂျစ်ကန်ကန်

"ကိုယ့်ကို စိတ်ဆိုးနေလား ဟင်"

ချက်ချင်း ကိုယ်တွေဘာတွေ ဖမ်းလုပ်ပစ်လိုက်တော့သည်။ ဒါရင်းနှီး





မှု အတိုင်းအတာကို တစ်ဆင့်တက်လိုက်တဲ့ သဘော။ အလက်ာကလည်း ဒါကို ရိပ်မိသည်။ သို့သော် မသိချင်ယောင်ဆောင်၍ . . .

"စိတ်ဆိုးတယ်လည်း မဟုတ်ဘူး။ စိတ်မဆိုးဘူးလည်း မဟုတ်ဘူး။ ဘာမှမရှိဘူး"

"အဲဒါဆို ဘယ်လိုကြီးလဲ"

"မသိဘူး"

မိုးထက်က သက်ပြင်းကိုချကာ . . .

"အလက်ာ့ကို ကိုယ်တစ်ကယ်ချစ်တာပါကွာ . . . ကိုယ့်ဘဝမှာ အလက်ာတစ်ယောက်တည်းကိုပဲ စွဲစွဲလန်းလန်းချစ်ခဲ့ဖူးတာပါ၊ အလက်ာ့ကို အဲဒီစကားပြောဖို့ ကိုယ်တော်တော်လေးသတ္တိတွေ မွေးပြီးမှ ပြောခဲ့ရတာ . . လုံးဝ မနေနိုင်တော့လို့ပြောလိုက်တာ . . . ကိုယ့်ကို ပြန်မချစ်နိုင်ရင်နေပါ အလက်ာ မမုန်းဖို့တော့ ကြိုတင်တောင်းပန်ပါရစေ။ အလက်ာ့ဆီက အမုန်းကို လောကကြီးထဲမှာ ကိုယ်အကြောက်ဆုံးပဲ"

"ဘယ်သူက မုန်းတယ်လို့ပြောလို့လဲ"

"ဟာ . . . ဒါဆို"

"ဟိုး . . . ဆရာ . . မုန်းတယ်လို့မပြောတာ၊ ချစ်တယ်လို့ပြောတာမှ မဟုတ်တာ"

"ပြောလိုက် ပြီးရော"

"ဘာလို့ပြောရမှာလဲ လိပ်ကြီး"

မျက်စောင်းထိုးကာပြောပြီး အခန်းထဲဝင်သွားတော့၏။ မိုးထက် တစ်ယောက်သာ ငူငေါင်ငေါင်ကြီးဖြစ်ပြီး ကျန်ခဲ့တော့သည်။ သူဘယ်လောက်ကြာကြာ မတ်တတ်ရပ်ပြီးနေမိလည်းတော့မသိပေ။ အနောက်က ဆူဇီရောက်တာတောင်မသိလိုက် . . . .

"အောင်မလေး ဒီလောက်အေးရတဲ့ကြားထဲ အပြင်မှာ မတ်တက်ကြီး ဘာလုပ်နေတာလဲ"

မိုးထက် ရှက်သွားကာ ရယ်ဖြဲဖြဲနဲ့ ပြန်နောက်လိုက်တော့သည်။



www.burmeseclassic.com

"ရေခဲအတွင်းအားကျင့်နေတာလေ"

ဆူဇီရယ်ရင်း အခန်းထဲဝင်သွား၏။ မိုးထက် ကောင်းကင်ကိုမော့ကြည့်လိုက်သည်။

ဒီသူ လသာ၏။





ကျဆရာ၏အိမ်မှာ ထမင်းစားပြီးနောက် ချယ်ရီပင်လေးအောက်က ကွပ်ပျစ်လေးမှာ ထိုင်ကြ၏။

အလက်ဘက မိုးထက်ကို . .

"အလက်ဘတို့တောင် မနက်ဖြန်မန္တလေးဆင်းမယ်သိလား"

"ဟုတ်လား ဒီကအခန်းတွေက ပြီးသွားပြီလား"

အလက်ဘက ခေါင်းညိတ်ပြ၍ . . .

"ပြီးပြီ"

"ကိုယ်တော့ လွမ်းရဦးမှာပေါ့"

"စာရေးဆရာက စကားတတ်တိုင်း လျှောက်ပြောနေတာ ယုံရတာမှ မဟုတ်တာ"

"အဲဒါ စကားတတ်တာမဟုတ်ဘူး။ ရင်ထဲက လာတဲ့စကားတွေက ခံစားချက်ပြည့်ဝလွန်းလို့ လှုပနေတာ"

အလက်ဘက ပါးစပ်ကို လက်ဝါးလေးနဲ့အုပ်ပြီး တခစ်ခစ်ရယ်သည်။

"အဲဒီ့အမူအရာလေးကျတော့ ဒီဘက်ကတောင် သေလောက်အောင် ခံစားရတယ် သိလား"

ဇော်ဝင်းမြို့မ စာအုပ်တိုက်

www.burmeseclassic.com



အလင်္ကာက မျက်ဝန်းပေေကြာက်တောက်လေးနဲ့ . . .

"ဟယ် . . . ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ဒီကချစ်နေတာကိုး"

ဘယ်လိုပြောပြော ဒီဘူတာပဲ ပြန်ပြန်ဆိုက်သည်။ အလင်္ကာက . .

"ရှက်စရာစကားတွေပဲ ပြောပြောနေတာပဲ"

ဆိုပြီး ထထွက်သွား၏။ မိုးထက်က အလင်္ကာ့နောက် ကပ်လိုက်လာ ကာ . . .

"အလင်္ကာ"

". . . . . ."

အလင်္ကာ"

". . . . . ."

အလင်္ကာပြန်မထူးပါ။ မထူးလည်း သိပ်တော့ကိစ္စမရှိ။ နားထောင် နေတာဖြစ်၍ ဆက်ပြော၏။

"အလင်္ကာ ကိုယ့်ကိုဘယ်တော့အဖြေပေးမှာလဲ ဟင်"

အလင်္ကာက ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။ မိုးထက်က စကားကို ဆက်၏။

"ကိုယ့်ဘက်က အဖြေသာတောင်းရတာပါ၊ တကယ်တမ်း တွေးကြည့် တော့ အလင်္ကာ့အနေနဲ့ ကိုယ်လိုလူမျိုးကို ခင်မင်ရုံအဆင့်ထက် မပိုနိုင်ဘူးဆို တာ ကိုယ်သိပါတယ်။ မင်းသမီးတစ်ယောက်ကို ချစ်မယ်လို့ဆုံးဖြတ်လိုက်ပြီးက တည်းက တစ်နေ့ ဒီလိုအခြေအနေမျိုး တွေ့ကြုံမယ်ဆိုတာ ခန့်မှန်းပြီးသားပါ။ အလင်္ကာ့ဆီက ကိုယ်လိုချင်တာအဖြေပါ။ ချစ်တယ်ဆိုတဲ့စကား မဟုတ်ပါဘူး။ အဖြူအမည်းသဲကွဲတဲ့ အဖြေတစ်ခုလိုချင်တာ။ နောက်ဆုံး မချစ်နိုင်ဘူးဆိုရင် လည်း ဘာမှမဖြစ်ပါဘူး။ မမုန်းသွားရင် ကျေနပ်ပါတယ် အလင်္ကာရယ်"

စကားလည်းဆုံးရော အလင်္ကာကျောခိုင်းထားရာမှ ချာခနဲလှည့် ကြည့်သည်။

"ကိုမိုးထက်ကို အဖြေမပေးဘူးလို့ အလင်္ကာပြောမိလို့လား"





"ဟင့်အင်း"

"အဲဒါဆို ဘာလို့အပိုတွေလျှောက်ပြောနေရတာလဲ . . . ဒီမှာ - ကိုမိုးထက်၊ ကိုမိုးထက် တစ်ယောက်တည်းတင် နှလုံးသားရှိတယ်မထင်ပါနဲ့။ အလင်္ကာမှာလည်း နှလုံးသားရှိပါတယ်။ ဒါပေမယ့် အဲဒီနှလုံးသားက အခုချိန် ထိ အသုံးမပြုရသေးတဲ့ နှလုံးသား။ အလင်္ကာ့ဘဝမှာ ယောကျ်ားတစ်ယောက် အတွက်တော့ အဲဒီနှလုံးသားကို အသုံးပြုရမှာ သေချာတယ်။ ဘာလို့လည်း ဆိုတော့ အလင်္ကာအပျိုကြီးလုပ်ဖို့ စိတ်ကူးမရှိလို့ပဲ"

"ဒါဆို အဲဒီနှလုံးသား အသုံးပြုခံရတဲ့ လူတစ်ယောက်က ကိုယ်ဖြစ် ချင်လိုက်တာ"

အလင်္ကာ ခေါင်းလေးငုံ့သွားသည်။ မျက်နှာကို ဆံပင်တွေနဲ့ဖုံးသွား တာကြောင့် ခန့်မှန်းလို့မရ။ သို့သော် တစ်စုံတစ်ရာကိုတော့ ရင်ခုန်သွားသည် ဆိုတာကိုတော့ ခန့်မှန်းမိ၏။ တော်တော်လေးကြာတော့မှ အလင်္ကာ့ထံမှ စကား ထွက်လာပါသည်။

"ကိုမိုးထက်ကို အလင်္ကာစဉ်းစားပါ့မယ်"

မိုးထက်ပျော်သွားကာ . . .

"ဘယ်တော့ သိရမှာလဲ ဟင်"

"အဲဒါတော့ အလင်္ကာမပြောတတ်သေးဘူး"

ဘာပဲဖြစ်ဖြစ် စဉ်းစားမယ်ဆိုတာသိရ၍ ရင်တစ်ခြမ်းအေးသွားရပါ ပြီ။ မိန်းကလေးတစ်ယောက်ရဲ့ စဉ်းစားမယ်ဆိုတဲ့စကားသည် ထိုယောကျ်ား လေးအပေါ် တစ်စုံတစ်ရာ အခြေအနေအထိ စိတ်ဝင်စားမှုရှိ၍ သာဖြစ်သည်။ အထူးသဖြင့် အလင်္ကာ့ဆီက စဉ်းစားမယ်ဆိုတဲ့အဖြေသည် လွယ်လွယ်နဲ့ပေး တာမဟုတ်မှန်း မိုးထက် သိပါသည်။

ထို့နောက် အလင်္ကာက ဆူဇီနဲ့အလုပ်ကိစ္စ မန္တလေးဆင်းဖို့ ဝယ်စရာ တွေရှိသေးလို့ဆိုပြီး ပြန်သွား၏။ သူလည်း ကဗျာဆရာနဲ့ထွေရာလေးပါး စကား ထိုင်ပြောပြီး ညနေစောင်းတော့ ပြန်ခဲ့လိုက်သည်။

ဟိုတယ်ပြန်ရောက်တော့ အလင်္ကာတို့ အလုပ်ရှုပ်နေကြတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရ၍ စကားသွားမပြောတော့ဘဲ အခန်းထဲသာ့ဝင်၍ နားနေလိုက်ပါတော့သည်။

နားနေရင်း စားပွဲပေါ်တင်ထားတဲ့ ခရီးဆောင်ပြက္ခဒိန်လေးကို အမှတ်တမဲ့ လှမ်းကြည့်မိလိုက်၏။

သူ ဒီကိုရောက်တာ တစ်လတောင်ပြည့်တော့မှာပါလား . . . . ။





ရင်ထဲမှာ ဟာနေသည်။ မနက်ကတည်းက တစ်စုံတစ်ခု လိုနေသည်ဟု ခံစားရ၏။ အကြောင်းရင်းကို စစ်လိုက်တော့ အလက်ာ မန္တလေး ဆင်းသွားသောကြောင့်ပင်ဖြစ်သည်။ နီးနေတုန်းကလည်း ချစ်သလို ဝေးနေချိန်မှာလည်း ပိုသတိရ၏။ ဘယ်လိုမှနေမရ၊ စိတ်တွေက ယောက်ယက်ခတ်နေသည်။ အလက်ာ့ဘက်ကတော့ ဘယ်လိုခံစားရမယ်ဆိုတာ မခန့်မှန်းတတ်သော်လည်း သူ့မှာတော့ ရင်နဲ့မဆံ့တော့ . . . . ။

ထို့ကြောင့် အခန်းပြင်ထွက်ပြီး စာအုပ်လေးကိုင်ကာ ထွက်လာမိသည်။ သူစာရေးမှရတော့မည်။ တစ်စုံတစ်ခုပြင်းထန်စွာခံစားခဲ့ရရင် တစ်ယောက်ယောက်ကို ရင်ဖွင့်လိုက်မှ သက်သာရာရသလို အခုလည်း စာရေးခြင်းနဲ့ ခံစားချက်တွေကို လွှတ်ထုတ်ရပေတော့မည်။ ဟိုတယ်က ကောင်လေးကို ခေါ်ပြီး စားပွဲအသေးလေးတစ်လုံး တောင်းလိုက်ကာ စာမူကိုချပြီး ပြန်ဖတ်၏။ အားလုံး သူတွေ့ကြုံခဲ့ရသမျှတွေကို ရေးထားခြင်းဖြစ်၍ ကိုယ့်ဘဝကိုယ် ပြန်ဖတ်နေရသလို ခံစားရသည်။

ထို့နောက် သူ့စိတ်တွေသည် စာအုပ်ထဲသို့ စီးမျောသွားသည်။ သူကိုင်ထားတဲ့ ဘောလ်ပင်ထိပ်ဖျားသည် အလက်ာ့ကိုချစ်တဲ့အကြောင်း ရင်ဘတ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့စာအုပ်ကြား ဆက်သွယ်ပေး၏။ အရာအားလုံးသည် သူ့စိတ်ထဲမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ လှပသည့် ဆောင်းနှင်းဖြူလေးတွေသည်လည်းကောင်း၊ သာယာတဲ့ ကျေးငှက်သံတွေသည်လည်းကောင်း၊ ဟိုးအဝေးက ဆွဲဆွဲငင်ငင် အူလိုက်တဲ့ ရထားဥဩသံသည်လည်းကောင်း၊ အရာအားလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။

သူ့ခန္ဓာကိုယ် သွေးရှစ်ပုလင်းထဲမှာ ခံစားချက်၊ အလင်္ကာ ပြီးတော့ စာရေးခြင်း ဒါတွေပဲရှိတော့၏။ အလင်္ကာ့ကို သူချစ်၏။ မရနိုင်မှန်းသိခဲ့တုန်းကလည်း ချစ်သည်၊ အခုလို မျှော်လင့်ချက်ရေးရေးလေးရှိလာတော့ ပိုချစ်ခဲ့သည်။

"သိပ်ချစ်တယ် ကောင်မလေးရယ်"

"တောက်"

ရုတ်တရက်ကြားလိုက်ရတဲ့ တောက်ခေါက်သံကြောင့် မိုးထက် အတွေး တွေ အရုပ်ကြိုးပြတ်ပြုတ်ကျသွားပြီး ကြောင်တောင်တောင်ဖြစ်ကာသွားသည်။ အသံလာရာ အနောက်ဘက်ကိုလှည့်ကြည့်လိုက်တော့ . . . .

"ဟင်"

သူ့ရင်ထဲမှာ ဒိန်းခနဲဖြစ်သွား၏။ နှုတ်ခမ်းနှစ်စုံ တုန်ခါစွာ သူ့ကို စူးစူးရဲရဲ ကြည့်နေတဲ့ အလင်္ကာ . . .

"အလင်္ကာ ဘယ်က ဘယ်လို"

အလင်္ကာ သူ့ရှေ့ကစာမူကို ဆတ်ခနဲကောက်ယူလိုက်သည်။ ပြီးနောက် စာရွက်တွေကို တစ်ရွက်ပြီးတစ်ရွက် ဆတ်ခနဲ ဆတ်ခနဲလှန်ကြည့်ကာ

"သိပ်ကောင်းတဲ့ ဝတ္ထုတစ်အုပ်ပဲ . . . ခစ် . . ခစ် . . သိပ်ကိုလက်တွေ့ . . လက်တွေ့ဆန်ကဲ့ဝတ္ထုတစ်အုပ်ပါပဲ . . . အင်းလေ ဒါ့ကြောင့် တိုးနွယ်မြင့်ဆိုပြီး နာမည်ကြီးနေတာပေါ့"

အလင်္ကာမျက်ဝန်းမှာ မျက်ရည်တွေလိမ့်ဆင်းလာသည်။ သို့သော် မျက်နှာမှာ မာနတွေကခုန်ပေါက်နေ၍ တင်းမာခက်ထန်လှ၏။

"ရှင့်ကို အထင်ကြီးခဲ့တာတွေ၊ ရှင့်ကိုလေးစားခဲ့တာတွေ၊ ရှင်နဲ့





ပတ်သက်ပြီး ကျွန်မပျော်ရွှင်ခဲ့ရတာတွေ၊ အဲဒါတွေ အားလုံးအတုတွေ၊ အဲဒါတွေ အားလုံး အလကားပဲ၊ ရှင်ဟာ တကယ်တော့ မြွေပွေးထက်ကြောက်ဖို့ကောင်းတဲ့ ယောက်ျားတစ်ယောက်ပဲ"

မိုးထက်ရင်ထဲမှာ ဘာသံတွေဆူညံနေမှန်းမသိ။ မျက်ဝန်းထဲတွင် ပတ်ဝန်းကျင်သည် ပြာဆင်းနေသည်။ ရင်ထဲမှာ ဘယ်စကားပြန်ပြောရမှန်းမသိ၍ ဒီအတိုင်းကြောင်ကြည့်နေမိ၏။ အလင်္ကာက ကြောက်မက်ဖွယ်ကောင်းလောက်အောင် စိမ်းစိမ်းကားကား တစ်ချက်စိုက်ကြည့်လိုက်ကာ . . . .

"ရှင့်ကို မုန်းတယ်"

ပြောပြီး စာမူနဲ့သူ့ရင်ဘတ်ကိုပစ်ပေါက်ကာ ချာခနဲလှည့်ထွက်သွားလေတော့သည်။ အဲဒီတော့မှ မိုးထက်အသိစိတ်ဝင်လာကာ . . .

"အလင်္ကာ . . . အလင်္ကာနေပါဦး"

အလင်္ကာ ချက်ချင်းပြေးဆင်းကာ ကားကို တရကြမ်းမောင်း၍ ထွက်ခွာသွားတော့၏။

မိုးထက် မတ်တပ်ရပ်ရင်းကျန်ခဲ့မိ၏။ ပါးပြင်တစ်လျှောက် ပူနွေးစိုစွတ်နေသည်ကို ယောင်ပြီးစမ်းကြည့်လိုက်မိသည်။

သူ . . . ငိုနေပါလား . . .

သိပ်ချစ်ရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အမုန်းအတွက်ကျတဲ့ မျက်ရည်လား . . . .

"အလင်္ကာရယ် . . . ငါမင်းကိုသိပ်ချစ်တာ ယုံပါကွာ . . ငါ . . ငါ ဒီစာအုပ်ကိုရေးပြီး မင်းကိုပေးခဲ့မလို့ပါ . . . ငါ့ကိုမမုန်းပါနဲ့ . . . ငါ့ကိုမမုန်းပါနဲ့"

ရင်ထဲမှာ ပဲ့တင်ထပ်နေတဲ့စကားတွေပါ။

ဘဝမှာ အချစ်နဲ့ပတ်သက်ရင် ဒီလိုကြုံတွေ့ရမယ်လို့ တကယ်မယုံကြည်မိတာပါ။

"အားလုံး ငါမှားတာလား . . . ငါ့ကိုခွင့်လွှတ်ပါ။ ခွင့်မလွှတ်နိုင်ရင်တောင် မမုန်းလိုက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမုန်းလိုက်ပါနဲ့"

"မမုန်းလိုက်ပါနဲ့"

မိုးထက် မတ်တပ်ရပ်နေရင်းနဲ့ လှေကားရင်းမှာ ခွေခနဲလဲကျသွားပါတော့သည်။ ဟိုတယ်က ကောင်လေးတွေ ဝိုင်းလာပြီး ပွေ့ချီကာ အခန်းထဲထည့်ပေးကြ၏။ ဆရာဝန်ခေါ်ပေးကြ၏။ ဘယ်သူတွေ ဘာတွေလုပ်လုပ် မိုးထက်ရင်ထဲမှာတော့ . . . .

"ငါချစ်လို့ပါ . . . မမုန်းပါနဲ့ အလက်ာရယ်"

သို့သော် အရာအားလုံးသည် နှောင်းသွားခဲ့ပါပြီ . . . .





အကိုရာ

• • • •

ကြေကွဲ မှုမှ
နိုင်းမလှတဲ့
ကြေးမုံထစ်ချပ်ရဲ့
ဘဝကဗျာအတွက်
နှုံးမမြင်
ငါ . . . .!
ရယ်ခိုးတယ်။

ရင်ကွဲလူမှာ
ခံစားရတဲ့
ကဗျာဆရာတစ်ယောက်ရဲ့
အချစ်ကဗျာအတွက်
နှုံးမမြင်
ငါ . . . .!
ကျောင်ခိုးတယ်။

ယခုတစ်ခါ
ကြေကွဲနှလုံးသား
မျက်ရည်များနဲ့
ခံစားနေတယ်ဟာ
ငါ . . . .!
ငါ့အချစ်ကဗျာ အဆုံးသတ်မှာ
ရလဒ်ကတော့ ဒဏ်ရာပေါ့...။

တာရာ



www.burmeseclassic.com

www.burmeseclassic.com



“အဲ့ဒီနေ့က ဇာတ်ဝင်ခန်းတစ်ခုအတွက် အဝတ်အစားတစ်စုံ မေ့ကျန်ခဲ့လို့ လမ်းတစ်ဝက်က ပြန်ယူတာ၊ ဆူဇီက မြို့ထဲမှာ လိမ္မော်သီးဝယ်ရင်း ကျန်ခဲ့တာလေ၊ သူပြန်လာတော့ ရှုံ့ရှုံ့ရှဲ့ရှဲ့နဲ့ ဒေါသတွေထွက်လာတယ်။ ဘာဖြစ်တာလည်း မေးကြည့်တော့လည်း မပြောဘူး။ မန္တလေးရောက်တော့ ရှုတင်ဖျက်ပြီး ရန်ကုန်တန်းဆင်းသွားတော့တာပါပဲ”

သူတို့နှစ်ဦးဇာတ်လမ်းကို ဆူဇီသိသေးပုံမရပေ။ သို့သော် အလက်ဟာ ဖြစ်ပျက်ခဲ့တာတွေအကုန်လုံးကို သူနဲ့တစ်နည်းနည်းပတ်သက်နေမည်ဆိုတာကိုတော့ ရိပ်မိနေပုံရ၏။

မိုးထက် သက်ပြင်းကိုချသည်။ ဆူဇီက အခန်းထဲရှိ သိမ်းစရာရှိတာတွေကို ထုပ်ပိုးပြီး တံခါးဝမှာရပ်နေတဲ့ မိုးထက်ကိုလှည့်ကြည့်ကာ . . .

“အလက်ဇ်က တစ်ခါတစ်လေ အဲဒီလိုရှုတ်တရွတ်ဆန်တယ်။ အခုသူလုပ်လို့ အားလုံးဒုက္ခရောက်ပြီ။ မင်းသားလည်း စိတ်တော်တော်ဆိုးသွားတယ်။ အကြောင်းမဲ့လက်သက် ဒီဇာတ်လမ်းကိုမရိုက်တော့ဘူးဆိုပြီး ကောက်





ကာငင်ကာ ထလုပ်တော့ အားလုံးကလည်း အံ့သြကြတယ်။ အခုတော့ တစ်သီတစ်တန်းကြီး အလုပ်ရှုပ်ကုန်ကြပြီ”

အလက်ဟာ ဒီဇာတ်ကားကို မရိုက်တော့ရလောက်အောင် လုပ်သွားလိမ့်မယ်လို့ သူတွေးထင်မထားခဲ့ . . .။ အဲဒီအခြင်းအရာကိုကြည့်ပြီး သူ့အပေါ် ဘယ်လောက်မုန်းတီးသွားတယ်ဆိုတာ သိသာသည်။ ဆူဇီက အဝတ်ထုပ်တွေကို အခန်းအပြင်ထုတ်ရင်း . . . .

“ဆူဇီလည်း ဒီနေ့လေယာဉ်နဲ့မန္တလေးကပြန်မှာလေ။ ဟိုရောက်မှ မယ်မင်းကြီးမကို မေးရဦးမယ်။ ဘာဖြစ်တာလဲလို့ . . . ဒါနဲ့ ကိုမိုးထက် ဘာမှာဦးမလဲ”

မိုးထက်လက်ကာပြရင်း သူ့အခန်းထဲကိုလှမ်းဝင်လိုက်၏။ ပြီးနောက် စာမူကို ပလတ်စတစ်အိတ်နဲ့သေချာထုတ်ကာ စာအုပ်ချုပ်စက်နဲ့ချုပ်လိုက်သည်။ ပြီးနောက် စာတစ်စောင်ရေးလိုက်၏။

အလက်ဇ်/

ကိုယ် ဒီစာကိုရေးနေတဲ့အချိန်မှာ အလက်ဇ်လန်ဒန်ပြန်ရောက်နေပြီဆိုတာ သိလိုက်ရပါတယ်။ ကိုယ်ဝတ္ထုကို နှမြောင်ဆောက်ရိုက်ဖို့ ငြင်းသွားတယ်ဆိုတာလည်း ကိုယ်သိလိုက်ရတယ်။ အဲဒီလောက်ထိ ကိုယ့်ကို မုန်းသွားပြီလား အလက်ဇ်ရယ် ..။ တလောကလုံးမှာ ကိုယ့်အကြောင်းကိုဆုံးက အလက်ဇ်ဆိုက အမုန်းပေါ့။ ကျေးဇူးပြုပြီး ကိုယ့်ကိုမမုန်းလိုက်ပါနဲ့ ...။ ကိုယ်တို့နှစ်ယောက်တွေ့ဆုံခြင်းဟာ ဝတ္ထုဆန်တယ်။ အဲဒီဝတ္ထုကြောင့်ပဲ ကိုယ် သိမ်ချမ်ရတဲ့မိန်းကလေးနဲ့ဆုံခဲ့ရတယ်။ အဲဒီဝတ္ထုကြောင့်ပဲ ထိုယ်သိဝ်ချမ်ရတဲ့ မိန်းကလေးနဲ့ ဝေးခဲ့ရတယ်။ ကိုယ် ဒီပြင်ဦးလွင်ကိုတက်လာတဲ့ ရည်ရွယ်ချက်က စာလာရေးတာပါ။ ဇာတ်လမ်းကိုလည်း ရန်ကုန်မှာထဲတည်းက ခေါင်းစားပြီးသားပါ။ ခေါင်းစားထားတဲ့ဇာတ်လမ်းတလည်း စာရေးဆရာတစ်ယောက်နဲ့ မင်းသမီးတစ်ယောက်ရဲ့ တွေ့ဆုံမှုဇာတ်လမ်းပါ။

တကယ်တော့ ကံကြမ္မာက ကိုယ့်ကိုလှည့်စားသွားခဲ့တာပါ။ မတတ်နိုင်ဘူး အလက်ဇ်။ အမှန်အတိုင်းပဲပြောရရင် ဒီဝတ္ထုဇာတ်လမ်းလေးအတွက် အလက်ဇ်ကို ချဉ်းကပ်ခဲ့တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် အလက်ဇ်ရယ် တကယ်ချစ်မိပြီဆိုတဲ့နောက်ပိုင်းမှာတော့ ဒီဝတ္ထုနဲ့ပတ်သက်သမျှ အလက်ဇ်နဲ့ ပဲဆိုင်ပါတော့တယ်။ အလက်ဇ်ခွင့်ပြုချက်မရဘဲ ဒီဝတ္ထုကို ဘယ်သူ့ဆီမှ ကိုယ် အပ်မှာမဟုတ်ဘူး။

ဟုတ်တော့ ဒီဝတ္ထုလေးက ကိုယ့်ဘဝ၊ ကိုယ့်အနာဂတ်။ အဲဒါကြောင့် ဒီဝတ္ထုလေး ဇာတ်သိမ်းတဲ့နေ့ကျရင် အလက်ဇ်လက်ထဲကို ကိုယ်ဘဝရဲ့တွတဲ့ ဒီ ဝတ္ထုလေးကို အပ်ချင်ပြီးပြတ်ပြီးသားပါ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အခုတော့ အလက်ာ ...။ ဒီဝတ္ထုလေးဟာ ဘယ်တော့မှ ဇာတ်သိမ်းလို့မရတော့တဲ့ စာမူလေးဖြစ်သွားပါပြီ ...။ အဲဒီစာမူလေးထဲမှာ ကိုယ့်နှလုံးသွေးတွေပါတယ်။ ကိုယ့်ဘဝမှာ တစ်ခါပဲချစ်ခဲ့တဲ့ အချစ်ပါတယ်။ အဲဒီစာမူလေးကို အလက်ာ့လက်ထဲ ကိုယ် အပ်ပါတယ်။ ဒီတစ်သက်လုံး အချစ်နဲ့ပတ်သက်ရင် ဇာတ်သိမ်းခန်းမလှခဲ့တဲ့ ကိုယ့်ကိုလည်း ခွင့်လွှတ်နားလည်ပေးပါ။

ထားပါတော့ ဒီဝတ္ထုလေးရဲ့ဇာတ်သိမ်းပိုင်းဟာ အလက်ာနဲ့သာဆိုင်တာပါ ...။ မပြီးဆုံးနိုင်တဲ့သီချင်းရဲ့ တောင်းဆိုပါရစေ။

ဒီဝတ္ထုလေးရဲ့ဇာတ်ကို အလက်ာပဲဆက်ရေးပေးပါ။ ဇာတ်သိမ်းတစ်ခု နဲ့ ပြည့်ပြည့်စုံစုံပြီးသွားမယ့်ဝတ္ထုလေး တစ်ပုဒ်အဖြစ်မျှော်လင့်ရင်း ...

ထိုးနယ်မြင့်

စာကိုအဆုံးသတ်ကာ စာအိတ်ထဲထည့်ပိတ်၍ ဆူဇီဆီလှမ်းသွားလိုက်သည်။

"အလက်ာနဲ့တွေ့ရင် ဒါကို ပေးပေးပါ"

ဆူဇီက စာအိတ်ရော စာမူအိတ်ပါ လှမ်းယူကာ. . .

"ပေးလိုက်မယ် စိတ်ချပါ . . ဒါနဲ့ ကိုမိုးထက်က ဒီမှာ ဘယ်လောက်ကြာကြာနေဦးမှာလဲ"

သူ့အဝေးကို မျှော်ကြည့်မိသည်။ ပြီးတော့မှ . . .

"မသိသေးပါဘူးဗျာ"

ထိုအချိန်မှာပဲ မှာထားတဲ့ ကားရောက်လာ၍ ဆူဇီ အထုပ်တွေဆွဲကာ အောက်ဆင်းသွားပါတော့သည်။ ခဏနေတော့ ဆူဇီ စီးသွားတဲ့ကားလေးသည် ဟိုတယ်ဝင်းအတွင်းမှ ထွက်ကာသွား၏။ မိုးထက် ယခုအချိန်ထိ အဝေးကို ငေးနေဆဲပင် ရှိပါသေးသည်။

အချိန်တန်ရင်တော့ သူလည်းအိမ်ပြန်ရဦးမည်ဆိုတာကို သိပါသည်။



# (၁) လ ခန့် ကြာ သော် ....


www.burmeseclassic.com

www.burmeseclassic.com















www.burmeseclassic.com

www.burmeseclassic.com



သို့/

ကိုမိုးထက်. . .

ဝတ္ထုဇာတ်သိမ်းပိုင်းလေးကို ကိုယ့်ဘာသာကိုယ် အဆုံးသတ်လိုက်ပါ။

အကြံပေးချင်တာတစ်ခုပဲရှိပါတယ်. . . .

ပရိသတ်တွေ ပျော်ရွှင်ပါစေ. . . .

P.S (အလင်္ကာလည်း ကိုမိုးထက်ဝတ္ထုကို မူပိုင်ခွင့်ပြန်ရိုက်ထုတ်ဖို့လက်ခံလိုက်ပါပြီ။ )

အလင်္ကာ. . .

ကြိုးစားလျက်
မိုးဆက်လင်းထက်

တော်ဝင်မြို့မှ စာအုပ်တိုက်

# ကိုမြင့်မိုးဦး

၏

ဆက်လက်ထွက်ရှိလာမည့်
လူငယ်/အချစ်/ ဟာသ
လုံးချင်းဝတ္ထုကောင်းများ

## တစ်ခါကရပ်ကွက်တစ်ခုမှာ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၆၄၀၂၀၇

## သံယောဇဉ်မှုတာအလည်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၈၃၀၆၁၁

## လွမ်းအိမ်ခြေရာ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၂၂၀၆၁၁

တော်ဝင်မြို့မစာအုပ်တိုက်မှ မကြာမီထုတ်ဝေပါတော့မည်။

www.burmeseclassic.com